သမဏာနဉ္စ ဒဿနံ ဧတံ မင်္ဂလ မုတ္တမံ၊ ရဟန်းတော်များကို ဖူးမြော်ရခြင်းသည် မြတ်သောမင်္ဂလာမည်၏။

မြန်မာ့အလင်း

၁၂၇၆ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၈ ခုနှစ်၊ ပထမဝါဆိုလဆန်း ၁၁ ရက်၊ ၂၀၀၆ ခုနှစ်၊ ဇွန် ၂၇ ရက်၊ တနင်္ဂနွေနေ့၊ အတွဲ (၄၁)၊ အမှတ် (၂၆၈)

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာ နှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံ တော်နှင့် တိုင်းရင်းသား ပြည်သူ တို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့်ယဉ်ကျေးမှုအမွေအနှစ်များ၊အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

ရင်းရင်းနှီးနှီး နှုတ်ဆက်

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဖမ်းဆီးရမိသော မူးယစ်ဆေးဝါးများ (၁၈)ကြိမ်မြောက် မီးရှို့ဖျက်ဆီးပွဲ အခမ်းအနားသို့ တက်ရောက်လာကြသည့် သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများ၊ စစ်သံမှူးများနှင့် ဧည့်သည်တော်များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်စဉ်။

(မြန်မာ့အလင်း)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဖမ်းဆီးမိမူးယစ်ဆေးဝါးများ မီးရှို့ဖျက်ဆီးပွဲတက်ရောက်

(၁၈)ကြိမ်အထိ မီးရှို့ဖျက်ဆီးခဲ့သော မူးယစ်ဆေးဝါးတန်ဖိုးမှာ အမေရိကန်ဒေါ်လာ၄၄၅၂သန်းကျော်ဖြစ်

မြန်မာနိုင်ငံ၌ ဘိန်းစိုက်ပျိုးမှု ၇၁ရာနှုန်းကျဆင်းပြီး ဘိန်းထုတ်လုပ်မှု ၈၁ရာနှုန်းလျော့နည်းလာ

နိုင်ငံတကာအကူအညီမရရှိသော်လည်း မူးယစ်ဆေးဝါးပပျောက်ရေး ကိုယ့်အားကိုယ်ကိုးဆောင်ရွက်မည်

ရန်ကုန် ဇွန် ၂၆

မြန်မာနိုင်ငံ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့က ကြီးမှူးကျင်းပသော ဖမ်းဆီးရမိသည့် မူးယစ်ဆေးဝါးများ (၁၈)ကြိမ်မြောက် မီးရှို့ဖျက်ဆီးပွဲ အခမ်းအနားကို ယနေ့နံနက် ၈နာရီတွင် ရန်ကုန်မြို့ ကမာရွတ်မြို့နယ် ကျွန်းတောလမ်းနှင့် ဟံသာဝတီလမ်းထောင့်ရှိ မူးယစ်ဆေးဝါးပပျောက်ရေး အထိမ်းအမှတ်ပြတိုက်ဝင်းအတွင်းရှိ မီးရှို့ဆောင်၌ကျင်းပရာ ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်သည်။

စာမျက်နှာ ၈ ကော်လံ ၁ ■

ဖမ်းဆီးရမိသည့် မူးယစ်ဆေးဝါးများ (၁၈)ကြိမ်မြောက် မီးရှို့ဖျက်ဆီးပွဲ အခမ်းအနားတွင် မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများ၊ စစ်သံမှူးများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများက မီးရှို့ဖျက်ဆီးမည့် မူးယစ်ဆေးဝါးများကို စမ်းသပ်စစ်ဆေးကြစဉ်။

(မြန်မာ့အလင်း)

အမျိုးသားညီလာခံသည် ကျွန်ုပ်တို့ တိုင်းရင်းသားအားလုံး၏ အရေးကိစ္စ ဖြစ်သည်။

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၄ ခုနှစ်၊ ဇွန်လ ၂၇ ရက်)

ဒေသဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်

ပြည်ထောင်စုကြီး အစွန့်ရှည်တည်တံ့ခိုင်မြဲအောင် ကြိုးပမ်း

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီးဖြစ်ပေါ်လာစေရန် အရှိန်အဟုန်ဖြင့် ကြိုးပမ်းတည်ဆောက်လျက်ရှိသည်။

ခေတ်မီနိုင်ငံတော်ကို တည်ဆောက်ရာတွင် အရည်အသွေးမြင့်မားသည့် လူ့စွမ်းအားအရင်းအမြစ်များ လိုအပ်သကဲ့သို့ ကျန်းမာကြံ့ခိုင်သည့် နိုင်ငံသားများဖြစ်ရန်လည်း လိုအပ်ပေသည်။ နိုင်ငံတော်က လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေးနှင့် ကျန်းမာရေးကို အဓိကထားဖြည့်ဆည်း ဆောင်ရွက်ပေးလျက်ရှိသည်။

လူ့စွမ်းအားအရင်းအမြစ် ဖြစ်ထွန်းရေးသည် ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီးဖြစ်ထွန်း ရေးတွင် အဓိကအခန်းကဏ္ဍက ပါဝင်လျက်ရှိသည်။ ထို့ကြောင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုး တိုးတက်ရေးကို တစ်နိုင်ငံလုံးဖြန့်ကြက်ပြီး မျှမျှတတ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးနေခြင်းဖြစ်သည်။ နိုင်ငံတစ်ဝန်းလုံးတွင် တက္ကသိုလ်များ၊ ကောလိပ်များမရှိသေးသည့် ဒေသများ၌ တက္ကသိုလ်များ၊ ကောလိပ်များ တည်ဆောက်ဖွင့်လှစ်ပေးလျက်ရှိသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းသည် အဖွဲ့ဝင်များနှင့်အတူ ဇွန်လ ၁၉ ရက်နေ့က ကယားပြည်နယ် လွိုင်ကော်မြို့ လွိုင်ကော်တက္ကသိုလ်သို့ သွားရောက်ပြီး တာဝန်ရှိသူများအား မှာကြားရာတွင်-

"နိုင်ငံတော်က တည်ထောင်ပေးထားသော လွိုင်ကော်တက္ကသိုလ်၌ သင်ကြားလျက်ရှိသည့် တန်ဖိုးရှိသော အဆင့်မြင့်ပညာရပ်များကို လူငယ်လူရွယ် ကျောင်းသားကျောင်းသူများက ကြိုးစားပမ်းစား တန်ဖိုးထားသင်ယူလာအောင် စေတနာထား၍ သင်ကြားပို့ချပြီး ပညာတတ်များများစားစားထွက်ပေါ်လာရေး ဆောင်ရွက်သွားကြရန် လိုကြောင်း၊ ဒေသခံပညာတတ်များ တိုးပွားလာမှသာ ယင်းပညာတတ်မျိုးဆက်သစ်များက ပြည်နယ်ကို ဖွံ့ဖြိုးတိုးတက်သည်ထက် ဖွံ့ဖြိုးအောင် ဆက်လက် သယ်ပိုးဆောင်ကြဉ်းပေးနိုင်မှာ ဖြစ်ကြောင်း"

မှာကြားခဲ့သည်။

နိုင်ငံတော်အနေဖြင့် ပြည်နယ်၊တိုင်း ဒေသအသီးသီး အကြားအလပ်မရှိ မျှမျှတတ ဖွံ့ဖြိုးတိုးတက်လာရေးအတွက် ဖွံ့ဖြိုးရေးဒေသကြီး ၂၄ ခု စီမံကိန်းဖြင့် ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးကဏ္ဍများ ဖွံ့ဖြိုးတိုးတက်လာစေရန် စီမံဆောင်ရွက်ပေးလျက်ရှိသည်။ ဖွံ့ဖြိုးရေးဒေသကြီးများတွင် ပညာတတ်လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်လာရေးအတွက် လိုအပ်သည့် တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံများကို တည်ဆောက်ဖွင့်လှစ်ပေးခဲ့သည်။

ထိုသို့ နိုင်ငံတော်ကတည်ဆောက်ပေးခဲ့၍ ပေါ်ထွက်လာသော အသိပညာရှင်၊ အတတ်ပညာရှင်များသည် မိမိဒေသကို မိမိဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်ပြီး နိုင်ငံတော်ကြီးတစ်ခုလုံး ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ကြရမည် ဖြစ်သည်။

ထို့မျှသာမက ပြည်ထောင်စုကြီးအတွင်း တိုင်းရင်းသား ညီအစ်ကိုမောင်နှမများ စုစည်းနေထိုင်ကြသည့်အတွက် မိမိတို့ဒေသ ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ရင်း တိုင်းရင်းသားစည်းလုံးညီညွတ်ရေးစိတ်ဓာတ်နှင့် ပြည်ထောင်စုစိတ်ဓာတ် နိုးကြားရှင်သန်နေစေရန် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတော်တစ်ဝန်းလုံး ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်ပေးလျက်ရှိသည့်နည်းတူ ပြည်နယ်နှင့်တိုင်းဒေသများ ဖွံ့ဖြိုးတိုးတက်သည်ထက် ပိုမိုဖွံ့ဖြိုးတိုးတက်လာရေး ဆောင်ကြဉ်းပေးမည့် ဒေသခံပညာတတ်များသည် မိမိဒေသ မိမိဖွံ့ဖြိုးအောင် ကြိုးပမ်းဆောင်ရွက်ရင်း ပြည်ထောင်စုကြီး အစွန့်ရှည်တည်တံ့ခိုင်မြဲစေရန် တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

မြဝတီရုပ်မြင်သံကြား

၂၇-၆-၂၀၀၄
(တနင်္ဂနွေနေ့)
နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ အဖွင့်သီချင်း
- ၇:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇:၄၀ ၆။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈:၀၀ ၇။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၈။ ဆရာတော် ဦးဃောသိတ တရားတော် **"ဝိပ္ပလ္လာသ ၁၂ ပါး"**

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၄:၂၀ ၄။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၄:၃၀ ၅။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ်
  (က) မြန်မာစာ (မြန်မာမှုပညာအထူးပြု)
  (ခ) သင်္ကြန်အခါ အလံတိုင်ဘုရားမှာ
- ၅:၀၀ ၆။ အမေးကမ္ဘာတွေးစရာ
- ၆:၀၀ ၇။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၈။ နိုင်ငံတကာသတင်း
- ၆:၂၀ ၉။ မိုးလေဝသသတင်း
- ၆:၂၅ ၁၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၆:၃၀ ၁၁။ မြန်မာ့ရှုခင်း
- ၆:၄၀ ၁၂။ လျှပ်တစ်ပြက်
- ၇:၀၀ ၁၃။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ဥဩကျယ်လေး"** (အပိုင်း-၃၅) ဇာတ်သိမ်း
- ၈:၀၀ ၁၄။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၅။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၁၆။ လျှပ်တစ်ပြက်
- ၁၇။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
- ၁၈။ ယနေ့ညအတွက် တေးလက်ဆောင်
- ၁၉။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ပြည်သူ့တရားရှင် သားဆိုးသားမိုက်"** (အပိုင်း-၃)

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ၌ကျင်းပသော ၂၁ ရာစုအကြို လူထုအစည်းအဝေးကြီးက ချမှတ်သည့်သန္နိဋ္ဌာန်

၂၀၀၀ ပြည့်နှစ် ဇန်နဝါရီ ၁ ရက်တွင် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ၌ ကျင်းပသော ၂၁ ရာစု အကြို လူထုအစည်းအဝေးကြီးက ချမှတ်သည့် သန္နိဋ္ဌာန် (၆)ချက်မှာ အောက်ပါအတိုင်းဖြစ်သည်။

(၁) ကျွန်ုပ်တို့သည် ဒို့တာဝန်အရေးသုံးပါးကို အမျိုးသားရေးတာဝန်အဖြစ် ဆက်လက်ခံယူကျင့်သုံးလိုက်နာသွားမည်။

(၂) ကျွန်ုပ်တို့သည် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဖွံ့ဖြိုးတိုးတက်ရန် ချမှတ်ထားသော ဦးတည်ချက်များကို မမိုတ်မသုန် အကောင်အထည်ဖော်သွားမည်။

(၃) ကျွန်ုပ်တို့သည် မိမိနိုင်ငံနှင့် မိမိနိုင်ငံသားတို့ကို ကာကွယ်စောင့်ရှောက်သွားမည်။

(၄) ကျွန်ုပ်တို့သည် လူနေမှုဘဝမြင့်မားပြီး အေးချမ်းတည်ငြိမ်သော နိုင်ငံတော်ကို တည်ဆောက်မည်။

(၅) ကျွန်ုပ်တို့သည် နိုင်ငံတော်တွင် လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှုအတွက် ဆောင်ရွက်မည်။

(၆) ကျွန်ုပ်တို့သည် နိုင်ငံတော်တွင် ပြည်ထောင်စုစိတ်ဓာတ် ထွန်းကားပြန့်ပွားရေးကို ကြိုးပမ်းဆောင်ရွက်မည်။

ပြည်တွင်းလေကြောင်းလိုင်းများဖွံ့ဖြိုးတိုးတက်ရေး အစည်းအဝေး ဝန်ကြီး ဗိုလ်ချုပ်လှမြင့်ဆွေ တက်ရောက်အမှာစကားပြောကြား

ရန်ကုန် ဇွန် ၂၆

ပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့လေကြောင်းနှင့် ဖက်စပ်ဆောင်ရွက်လျက်ရှိသော ပြည်တွင်းလေကြောင်းလိုင်းများ ဖွံ့ဖြိုးတိုးတက်ရေး ညှိနှိုင်းအစည်းအဝေးကို ယမန်နေ့နံနက် ၉ နာရီခွဲက ရန်ကုန်မြို့ ကုန်သည်လမ်းရှိ ပို့ဆောင်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှမြင့်ဆွေ၊ အထူးအရာရှိ ဗိုလ်မှူးချုပ်မျိုးတင်၊ မြန်မာ့လေကြောင်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးတင်လှိုင်မို၊ ဖက်စပ်လေကြောင်းလိုင်းများမှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အမှာစကားပြောကြား

ရှေးဦးစွာ ဝန်ကြီးက အမှာစကားပြောကြားရာ၌ **(အပေါ်ပုံ)** ပွင့်လင်းရာသီတွင် ခရီးသည်များပြားလာမည်ဖြစ်၍ လေကြောင်းလိုင်းများအနေဖြင့် လိုအပ်သည်များကို အစီအမံများ ပြုလုပ်ထားကြရမည်ဖြစ်ကြောင်း ပြောကြားသည်။ ဆက်လက်၍ မြန်မာ့လေကြောင်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးတင်လှိုင်မိုက ရှင်းလင်းတင်ပြပြီး အထူးအရာရှိ ဗိုလ်မှူးချုပ်မျိုးတင်က ဖြည့်စွက် ဆွေးနွေးတင်ပြသည်။

ထို့နောက် ဖက်စပ်လေကြောင်းလိုင်း ဥက္ကဋ္ဌများက ရှင်းလင်းတင်ပြကြပြီး ဝန်ကြီးက နိဂုံးချုပ် အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မဟာသုဝဏ္ဏကျောင်းတိုက် အနန္တဗိမာန်သုံးထပ်ကျောင်းတော်ကြီးဖွင့်ပွဲနှင့် ရေစက်ချအလှူတော်မင်္ဂလာကျင်းပ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် အခမ်းအနားသို့တက်ရောက်၊ လှူဖွယ်ပစ္စည်းများဆက်ကပ်

ရန်ကုန် ဇွန် ၂၆

ရန်ကုန်တိုင်း ရန်ကုန်အရှေ့ပိုင်းခရိုင် သဃ်ၤန်းကျွန်းမြို့နယ် မဟာသုဝဏ္ဏကျောင်းတိုက် အနန္တဗိမာန်သုံးထပ်ကျောင်းတော်ကြီးဖွင့်ပွဲနှင့် ရေစက်ချအလှူတော်မင်္ဂလာအခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲတွင် အဆိုပါကျောင်းတိုက်၌ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်ဇနီး ဒေါက်တာဒေါ်ခင်ဝင်းရွှေတို့တက်ရောက်၍ လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

အလှူတော်မင်္ဂလာအခမ်းအနားသို့ နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ဝင် ဆရာတော်ကြီးများ၊ တိုင်းနှင့် မြို့နယ် သံဃနာယကအဖွဲ့ဝင် ဆရာတော်များ၊ မဟာသုဝဏ္ဏကျောင်းတိုက် ဆရာတော် အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ ဘဒ္ဒန္တ ဉာဏိသရ အမှူးပြုသော ဆရာတော် သံဃာတော်များ ကြွရောက်တော်မူကြပြီး နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်နှင့်ဇနီး ဒေါက်တာ ဒေါ်ခင်ဝင်းရွှေ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၊ ရန်ကုန်မြို့တော်ဝန်၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ခရိုင်နှင့် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဘာသာရေးဝတ်အဖွဲ့များ၊ အလှူရှင်များ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် အထူး ဖိတ်ကြားထားသူများ တက်ရောက်ကြည်ညိုကြသည်။

ကျောင်းတော်ကြီး ရေစက်ချပွဲနှင့် အလှူတော်ငွေပေးအပ်ပွဲအစီအစဉ်ကို သုံးထပ်ကျောင်းတော်ကြီး၌ ကျင်းပသည်။

ရှေးဦးစွာ မင်္ဂလာအခမ်းအနားကို နမောတဿသုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်လိုက်သည်။

ငါးပါးသီလခံယူဆောက်တည်

ထို့နောက် ရန်ကုန်တိုင်းသံဃနာယကအဖွဲ့(ရွှေကျင်)ဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတမဟာသိပ္ပံဆရာတော် ဘဒ္ဒန္တ သိရိဓမ္မထံမှ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များနှင့် ပရိသတ်တို့က ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ထို့နောက် ဆရာတော်သံဃာတော် အရှင်သူမြတ်တို့က ပရိတ်တရားတော်များကို ရွတ်ဖွားချီးမြှင့်တော်မူကြသည်။

လှူဖွယ်ပစ္စည်းဆက်ကပ်

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်ဇနီးဒေါက်တာ ဒေါ်ခင်ဝင်းရွှေ၊ ကျောင်းအမကြီး ဒေါ်ခင်ညွန့်၊ တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေနှင့် အဖွဲ့ဝင်များနှင့် အလှူရှင်များက ဆရာတော် သံဃာတော်တို့အား လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ရှေးဦးစွာ အနန္တဗိမာန်သုံးထပ်ကျောင်းတော်ကြီး ဖွင့်ပွဲကို အဆိုပါ ကျောင်းတော်ကြီးရှေ့ မင်္ဂလာမုခ်ဦး၌ ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေ၊သာသနာရေးဝန်ကြီးဌာနဒုတိယဝန်ကြီးဗိုလ်မှူးချုပ်သူရအောင်ကိုနှင့်မတည်အလှူရှင်ကျောင်းအမကြီး ဒေါ်ခင်ညွန့်တို့က ဖဲကြိုးဖြတ်၍ အနန္တဗိမာန်သုံးထပ်ကျောင်းတော်ကြီးကို ဖွင့်လှစ်ပေးကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ကျောင်းတော်ကြီး၏မင်္ဂလာကမ္ပည်းမော်ကွန်းစာကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းကာ အစီအစဉ်ပထမပိုင်းကိုရုပ်သိမ်းလိုက်သည်။

ဆက်လက်၍ အနန္တဗိမာန်သုံးထပ်

အလှူငွေများပေးအပ်လှူဒါန်း

ဆက်လက်၍ အနန္တဗိမာန်သုံးထပ်ကျောင်းတော်ကြီးအတွက် မယ်တော်ကြီး ဒေါ်ခင်ညွန့်မိသားစုက ငွေကျပ် ၇၀၀၀၀၀၊ ဦးဝဏ္ဏသော်– ဒေါက်တာ ချိုချိုသိန်းမိသားစုကငွေကျပ်၂၀၀၀၀၀၊ ဘဏ္ဍာရေးနှင့်အခွန် ဝန်ကြီးဌာန မိသားစုက ငွေကျပ် ၂၀၀၀၀၀၀၊ ဒေါ်စောမြ၊ ဒေါ်သန်းရီ မိသားစုက ငွေကျပ်၇၀၀၀၀၀၀၊ သီရိသုဓမ္မ မဏိဇောတဓရ ဦးစိန်လှဝင်း (စိန်နှင့်စန်းကုမ္ပဏီ)က ငွေကျပ် ၄၆၀၀၀၀၀၊ ကမ္ဘောဇဘဏ်လီမိတက်က ငွေကျပ် ၂၀၀၀၀၀၀၊ဦးလင်းဝိန်ကောင်း ဒေါ်ခင်ရွှေနှင့်သား ကိုအောင်လင်း၊ ကိုစိုးမင်း၊ ကိုရဲနိုင်မိသားစုက ငွေကျပ်၁၇၃၀၀၀၀၊ ဦးပြည့်စုံဝင်းနိုင် (ဦးဝင်းနိုင်)ကငွေကျပ် ၁၀၀၀၀၀၀၊ ဦးတင့်ဆန်း–ဒေါက်တာ ဒေါ်ငွေငွေငြိမ်း ACEဆောက်လုပ်ရေး မိသားစုက ငွေကျပ်၁၀၀၀၀၀၀၊ အဂ္ဂမဟာ သီရိသုဓမ္မမဏိဇောတဓရ ဦးထွန်းထွန်း – ဒေါ်ဝေဝေတို့က ငွေကျပ်၁၀၀၀၀၀၀၊ ဒေါ်ကျင်စုး၊ ဒေါ်လှစိန်မိသားစုက ငွေကျပ်၈၁၀၀၀၀၊ ဦးလှဖုန်းမြင့်–ဒေါ်ချိုမော်ဟန်မိသားစုက ငွေကျပ်၆၅၀၀၀၀၊ ဦးကျော်ခင်–ဒေါ်ခင်စန်းရီ(စန်းမိသားစုသစ်ရောင်းဝယ်ရေး)က ငွေကျပ် ၆၀၀၀၀၀၊ သဃ်ၤန်းကျွန်းမြို့နယ် ပြည်သူများ၏ စုပေါင်းလှူဒါန်းငွေကျပ် ၅၀၀၀၀၀၊ သုဝဏ္ဏအထကမိသားစုက ငွေကျပ် ၅၀၀၀၀၀၊ ဦးအာဝါး–ဒေါ်စန်းစန်းမော်မိသားစုက ငွေကျပ် ၅၀၀၀၀၀၊ သီရိသုဓမ္မမဏိဇောတဓရ ဦးရဲထွန်းနိုင်–ဒေါ်လှမင်းငယ်မိသားစုက ငွေကျပ် ၅၀၀၀၀၀၊ ဦးမြင့်သိန်း–ဦးကျော်ထိုက်က ငွေကျပ် ၅၀၀၀၀၀၊ ဦးကြည်စိုးမိသားစု (မြန်မာမှုပညာရှင်)က ငွေကျပ် ၄၀၀၀၀၀၊ ဦးသံချောင်း (သွပ်ပန်းပညာရှင်)က ငွေကျပ် ၄၀၀၀၀၀၊ ဦးသိန်းထိုက်ဦး–ဒေါ်မျိုးမျိုးမင်းမိသားစုက ငွေကျပ် ၃၅၀၀၀၀၊ ဦးထွန်းရွှေ–ဒေါ်ခင်လေးကြည်မိသားစုက ငွေကျပ် ၃၄၀၀၀၀၊ ဒေါ်သန်းညွန့်မိသားစုက ငွေကျပ် ၃၃၀၀၀၀၊ ဦးနေစိုးနိုင်–ဒေါက်တာခင်နှင်းရီမိသားစုက ငွေကျပ် ၃၁၀၀၀၀၊ ဦးအေးကျင်၊ ဒေါ်မာမာက ငွေကျပ် ၃၀၀၀၀၀၊ ဦးထွန်းအောင်၊ ဒေါ်မြစောက ငွေကျပ် ၃၀၀၀၀၀၊ ဒေါ်လှကြည်မိသားစုက ငွေကျပ် ၂၆၀၀၀၀၊ သမိုင်းတံခွန် ဦးထွန်းနွယ်–ဒေါ်မြင့်မြင့်ကြည်မိသားစုက ငွေကျပ် ၂၅၀၀၀၀၊ ဗိုလ်မှူးအောင်သက်၊ ဒေါ်ခင်ခင်အုန်းက ငွေကျပ် ၂၅၀၀၀၀၊ ဒေါ်ခင်မေမိသားစုက ငွေကျပ် ၂၅၀၀၀၀၊ ဦးစိန်ဝင်း–ဒေါ်လှလှနွယ် မိသားစုက ငွေကျပ် ၂၅၀၀၀၀၊ ဦးလှကြိုင်မိသားစု (အင်ဂျင်နီယာ)က ငွေကျပ် ၂၀၀၀၀၀၊ ဦးကျော်နိုင်မိသားစုက ငွေကျပ် ၂၀၀၀၀၀၊ ဦးစိုးဝင်းနိုင်–ဒေါ်မူမူမြင့်မိသားစုက ငွေကျပ်၂၀၀၀၀၀၊ ဦးမောင်မောင်–ဒေါ်တင်သောင်းမိသားစုက ငွေကျပ် ၂၀၀၀၀၀၊ (၂၉)ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် ရပ်ကွက်ပြည်သူများက ငွေကျပ် ၁၈၀၀၀၀၊ ဦးထွန်းထွန်း–ဒေါ်စန်းစန်းမိသားစုက ငွေကျပ်၁၅၀၀၀၀၊ ဦးတင်ရှောင်–ဒေါ်ညိုညိုမိသားစုက ငွေကျပ် ၁၃၀၀၀၀၊ ဒေါ်သူဇာသန်း (ဘဏ္ဍာရေးမှူး၊ အမျိုးသမီးရေးရာ) သဃ်ၤန်းကျွန်းက ငွေကျပ် ၁၀၀၀၀၀၊ ဦးဌေး–ဒေါ်စောယုဆွေ မိသားစုက ငွေကျပ် ၁၀၀၀၀၀၊ဦးထွန်းအောင်(ကွယ်လွန်)–ဒေါ်အုန်းကျင်တို့ကငွေကျပ် ၁၀၀၀၀၀၊ ဦးယဉ်ထွေး – ဒေါ်သက်သက်မော်တို့က ငွေကျပ် ၁၀၀၀၀၀၊ ဦးခင်မောင်ထွန်း မိသားစု(ထက်လင်းဆေးတိုက်)က ငွေကျပ်၁၀၀၀၀၀၊ ဦးကြည်မောင်–ဒေါ်အေးမြင့် (ထွန်းသစ်စက်)က ငွေကျပ် ၁၀၀၀၀၀၊ ဒေါ်ခင်အုန်းမြင့် (ဥက္ကဋ္ဌ၊အရှေ့ပိုင်းခရိုင် အမျိုးသမီးရေးရာအဖွဲ့)က ငွေကျပ် ၂၅၀၀၀၀၊ ဦးညီညီဇော်အေး–ဒေါ်ခင်စန္ဒာစိုး၊ သမီး မစိုးရတနာခင်၊ မစိုးသဥ္ဇာခင်တို့က ငွေကျပ် ၁၀၀၀၀၀၊ ဦးမောင်လေးနှင့်ညီများက ငွေကျပ် ၂၀၀၀၀၀၊ ဦးခင်မောင်ဦး–ဒေါ်မေစန်း မိသားစုက ငွေကျပ် ၁၀၀၀၀၀၊ဒေါ်ရင်သိန်း အမှူးထား၍ ဒေါက်တာဝင်းနိုင်–ဒေါ်တင်တင်ဝေမိသားစုက ငွေကျပ်၁၀၀၀၀၀၊ ဦးသန်းနိုင်–ဒေါ်လွင်လွင်ဝင်းတို့က ငွေကျပ် ၁၀၀၀၀၀၊ ဦးသိန်းမောင်–ဒေါ်ပါးပါး (စန္ဒီပရဆေး)က ငွေကျပ် ၃၀၀၀၇၀ အပါအဝင် အလှူရှင်များက ငွေကျပ်၃၃၇၃၀၀၇၀ကိုပေးအပ်လှူဒါန်း ကြရာတိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေ၊ ဝန်ကြီးများနှင့် သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးတို့က လက်ခံကြသည်။

ရှင်းလင်းလျှောက်ထား

ထို့နောက် အလှူရှင်များ ကိုယ်စား အလှူရှင်သီရိသုဓမ္မမဏိဇောတဓရဦးစိန်လှဝင်းက အနန္တဗိမာန်သုံးထပ်ကျောင်းတော်ကြီးဖြစ်ပေါ်လာပုံနှင့် ပတ်သက်၍ ရှင်းလင်းလျှောက်ထားသည်။

ဆက်ကပ်လှူဒါန်း

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် ဇနီး ဒေါက်တာဒေါ်ခင်ဝင်းရွှေ သဃ်ၤန်းကျွန်းမြို့နယ် မဟာသုဝဏ္ဏကျောင်းတိုက် အနန္တဗိမာန် သုံးထပ် ကျောင်းတော်ကြီးရေစက်ချပွဲနှင့် အလှူတော် ငွေပေးအပ်ပွဲ အခမ်းအနားတွင် ဆရာတော် ကြီး အား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ဆက်လက်၍ ရန်ကုန်တိုင်း သာသနာရေး ဦးစီးဌာနမှူး ဦးစံသင်းလှိုင်က အလှူတော်မင်္ဂလာ အောင်သြဘာစာကို ဖတ်ကြားသည်။

ထို့နောက် နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ဝင် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ရွှေဘိုမြို့ ပုခန်းကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တဝိမလာဘိဝံသက အနုမောဒနာတရားဟောကြားတော်မူပြီး နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များနှင့်အလှူရှင်များကရေစက်သွန်းချအမျှပေးဝေကြသည်။

ယင်းနောက် မင်္ဂလာအခမ်းအနားကိုဗုဒ္ဓသာသနံစိရံတိဋ္ဌတုသုံးကြိမ်ရွတ်ဆိုဆုတောင်း၍ ရုပ်သိမ်းလိုက်သည်။

မင်္ဂလာအခမ်းအနား အောင်မြင်ခြင်း အထိမ်းအမှတ်အဖြစ် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ရွှေမိုးငွေမိုးရွာသွန်းဖြိုးပေးသည်။

ဆွမ်းဆက်ကပ်လှူဒါန်း

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များသည် အခမ်းအနားသို့ တက်ရောက်လာကြသော ဆရာတော်သံဃာတော်တို့အား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။ **(သတင်းစဉ်)**

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် သဃ်ၤန်းကျွန်းမြို့နယ် မဟာသုဝဏ္ဏကျောင်းတိုက် အနန္တဗိမာန်သုံးထပ်ကျောင်းတော်ကြီး၏ မင်္ဂလာကမ္ပည်းမော်ကွန်းစာကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)



သဃ်ၤန်းကျွန်းမြို့နယ် မဟာသုဝဏ္ဏကျောင်းတိုက် အနန္တဗိမာန်သုံးထပ်ကျောင်းတော်ကြီးကို တွေ့ရစဉ်။ (သတင်းစဉ်)

ဘာကူဘာရဲစခန်းအား အီရတ်ပြောက်ကျားတို့ ပစ်ခတ်တိုက်ခိုက် မြို့ဝန်းကျင်၌လည်း အီရတ်ရဲအဖွဲ့နှင့်ကန်တပ်ဖွဲ့ဝင်များ တိုက်ခိုက်ခံနေရ

ဘာကူဘာ ဇွန် ၂၅

အီရတ်ခုခံတိုက်ခိုက်ရေး ပြောက်ကျားများသည် ဘာကူဘာမြို့ရှိ ရဲစခန်းတစ်ခုအား ကြာသပတေးနေ့၌ ရိုင်ဖယ်သေနတ်များ၊ ဒုံးပစ်လောင်ချာများဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ကြသည်ဟု မျက်မြင်တွေ့ရှိသူများက ပြောကြားသည်။

ခုခံတိုက်ခိုက်ရေး သေနတ်သမားများသည် ဘာကူဘာမြို့ဝန်းကျင်၌ ဆက်လက်လှုပ်ရှားသွားလာနေကြပြီး မြို့၏အဓိကအပိုင်းကို သိမ်းထားကြကာ အီရတ်ရဲအဖွဲ့နှင့် အမေရိကန်တပ်ဖွဲ့ဝင်များကို တိုက်ခိုက်လျက်ရှိကြသည်။

တိုက်ခိုက်

သေနတ်သမားများသည် ရဲအဖွဲ့ဝင်သုံးဦးထက်မနည်း လိုက်ပါလာသော ရဲအဖွဲ့ကင်းလှည့်တပ်ဖွဲ့၏ကားကို တိုက်ခိုက်ခဲ့ကြရာ သေဆုံးသူအရေအတွက်ကို ချက်ချင်းအတည်မပြုနိုင်ဟု ဆိုသည်။ အများအားဖြင့် ရဲအဖွဲ့နှင့် အရပ်သားများဖြစ်ကြောင်း သိရသည်။

နီးစပ်

ဒေသခံများက တိုက်ခိုက်ရေးသမားများကို ၎င်းတို့မသိကြောင်း၊ အများအပြားသည် ခေါင်းစည်းအဝါများကို စည်းထားကြကြောင်း ပြောဆိုကြသည်။ ယခုသီတင်းပတ်အတွင်း တောင်ကိုရီးယား ဓားစာခံကိုသတ်ဖြတ်မှု အပါအဝင် အီရတ်၌တိုက်ခိုက်မှုများကို ကျူးလွန်သည်ဟုဆိုသော အဘူမူဆက်ဘ်အယ်လ် ဇာကာဝီ၏ အုပ်စုများနှင့်နီးစပ်ကြောင်း သိရသည်။ **အမ်အင်အေ၊ရိုက်တာ**

မြန်မာ့အလင်း
နိုင်ငံတကာ သတင်းများ

ဇွန် ၂၅ ရက်အထိ အီရတ်၌သေဆုံးသော အမေရိကန်တပ်ဖွဲ့ဝင် ၈၄၈ ဦးရှိပြီ

ဘဂ္ဂဒက် ဇွန် ၂၆

အီရတ်နိုင်ငံအား အမေရိကန်နှင့်အပေါင်းပါတပ်ဖွဲ့များ ပြီးခဲ့သည့်နှစ် မတ်လ၌ စတင်စစ်ပွဲဆင်နွှဲခဲ့သည်မှ ၂၀၀၄ ခုနှစ် ဇွန်လ ၂၅ ရက် သောကြာနေ့ရောက်ချိန်တွင် အီရတ်၌ သေဆုံးသော အမေရိကန်တပ်ဖွဲ့ဝင်ဦးရေသည် ၈၄၈ဦး ရှိသွားပြီဖြစ်သည်။

ယင်းအနက် ၆၂၇ဦးမှာ တိုက်ပွဲ၌သေဆုံးခြင်းဖြစ်ပြီး ၂၂၁ဦးမှာ အခြားအကြောင်းများကြောင့် သေဆုံးခြင်းဖြစ်သည်။

စစ်ပွဲပြီးဆုံးချိန်မှ

၂၀၀၃ ခုနှစ် မေ ၁ရက်၌ စစ်ပွဲပြီးဆုံးခဲ့ချိန်မှစပြီး အီရတ်၌ သေဆုံးခဲ့သော အမေရိကန်တပ်ဖွဲ့ဝင်ဦးရေမှာ ၇၁၀ ဖြစ်ပြီး ၅၁၈ဦးမှာ တိုက်ပွဲ၌ သေဆုံးခြင်းဖြစ်ပြီး ၁၉၂ဦးမှာ အခြားအကြောင်းများကြောင့် သေဆုံးခြင်းဖြစ်သည်။

သေဆုံး

ထို့ပြင် အီရတ်၌ အခြားတပ်ဖွဲ့ဝင်များလည်း သေဆုံးမှုရှိရာ ဗြိတိသျှတပ်ဖွဲ့ဝင် ၅၈ဦး၊ အီတလီ ၁၈ဦး၊ စပိန်ရှစ်ဦး၊ ဘူဂေးရီးယားနှင့် ပိုလန် ခြောက်ဦးစီ၊ ယူကရိန်းလေးဦး၊ ဆလိုဗက်ကီးယား သုံးဦး၊ အခြားနှစ်ဦးအပြင် ဒိန်းမတ်၊ အယ်လ်ဆာဗေဒို၊ အက်စ်တိုးနီးယား၊ ဟန်ဂေရီ၊ လတ်ဗီးယားနှင့် နယ်သာလန်တို့ တစ်ဦးစီသေဆုံးခဲ့ကြသည်။ **(အင်တာနက်)**

အီရတ်ရှိ ဒတ်ချ်တပ်ဖွဲ့ဝင်များ ဇူလိုင်လ၌ ရုပ်သိမ်းရန်ဆုံးဖြတ်

အမ်စတာဒမ် ဇွန် ၂၅

ဒတ်ချ်အစိုးရသည် အီရတ်နိုင်ငံမှ ၎င်းတို့၏တပ်ဖွဲ့များကို လာမည့်လ၌ ရုပ်သိမ်းရန် ဆုံးဖြတ်ချက် ချလိုက်ပြီဖြစ်ကြောင်း သိရသည်။ ဒတ်ချ်တပ်ဖွဲ့များသည် အီရတ်နိုင်ငံ ဆာမာဝါတွင် လူသားခြင်း စာနာထောက်ထားရေး အကူအညီများကိုသာပေးနေသော ဂျပန်တပ်ဖွဲ့ဝင်များ၏ လုံခြုံရေးကို ကာကွယ်ရေးတာဝန်ယူဆောင်ရွက်ခဲ့ကြောင်း သိရှိရသည်။

ဆောင်ရွက်မည်

နယ်သာလန်နိုင်ငံအတွက် အီရတ်တွင် မတ်လကျော်ထိ နေရန် အကြောင်းရင်းမရှိကြောင်း၊ နိုင်ငံခြားရေးဝန်ကြီး ဘမ်းဘောက ပြောကြားခဲ့ကြောင်း သိရသည်။ ဒတ်ချ်တပ်ဖွဲ့များ ထွက်ခွာသွားပါက ဗြိတိန်၊ အမေရိကန်တပ်ဖွဲ့တို့နှင့်အတူ အီရတ်လူမျိုး လုံခြုံရေးတပ်ဖွဲ့များသည် လုံခြုံရေးကိစ္စများကို ဆောင်ရွက်မည်ဖြစ်သည်။

စိုးရိမ်

သို့ရာတွင် အမေရိကန်နှင့် ဗြိတိန်တပ်ဖွဲ့များ ၎င်းဒေသသို့ ရောက်ရှိလာပါက လုံခြုံရေးအခြေအနေ ပိုမိုဆိုးရွားမည်ကို စိုးရိမ်ကြောင်း သိရသည်။ **(အင်အိပ်ချ်ကေ)**

ဘာကူဘာမြို့တွင် အီရတ်ပြောက်ကျားတို့၏ တိုက်ခိုက်မှုကြောင့် မီးလောင်နေသော မော်တော်ယာဉ်တစ်စီးကို ဇွန် ၂၄ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဖော်လူဂျာမြို့တွင်း၌ ကန်တပ်ဖွဲ့ဝင်များအား အီရတ်ပြောက်ကျားတို့ တိုက်ခိုက် အဓိကလမ်းမကြီးတစ်ခုအနီး ပစ်ခတ်မှုများဖြစ်ပွားပြီး ပေါက်ကွဲသံကြီးကြားရ

ဖော်လူဂျာ ဇွန် ၂၅

အမေရိကန်တပ်ဖွဲ့ဝင်များနှင့် အီရတ်ခုခံတိုက်ခိုက်ရေးပြောက်ကျားများ ဖော်လူဂျာမြို့တွင် ကြာသပတေးနေ့က တိုက်ပွဲဖြစ်ပွားခဲ့ကြရာ အမေရိကန် စစ်လေယာဉ်များနှင့် တိုက်ခိုက်ရဟတ်ယာဉ်များက ပစ်ကူပေး တိုက်ခိုက်ခဲ့ကြပြီး ခုခံတိုက်ခိုက်ရေး ပြောက်ကျားများက ဒုံးပစ်လောင်ချာများ၊ အေကေ-၄၇ ရိုင်ဖယ်သေနတ်များဖြင့် ပစ်ခတ်ခဲ့ကြသည်။

ထိုသို့ တိုက်ပွဲဖြစ်ပွားရာတွင် ဖော်လူဂျာမြို့၏ အဓိကလမ်းမကြီး တစ်ခုအနီးလမ်းများ၌ ပစ်ခတ်မှုများဖြစ်ပွားခဲ့ပြီး ပေါက်ကွဲသံကြီးများ ကြားရကြောင်း မျက်မြင်တွေ့ရှိသူများက ပြောကြားသည်။ အမေရိကန် သံချပ်ကာယာဉ်များသည် လေကြောင်းအကူဖြင့် မြို့ထဲသို့ဝင်လာခဲ့ကြသည်ဟု ဆိုသည်။

သီတင်းပတ်များစွာကြာအောင် ဖော်လူဂျာ၌ တိုက်ပွဲများဖြစ်ပွားနေသည်ကို အဆုံးသတ်စေရန်အတွက် မရိန်းတပ်ဖွဲ့ဝင်များနှင့် ဖော်လူဂျာရှိ လူကြီးပိုင်းတို့ အပစ်အခတ်ရပ်စဲရေး သဘောတူချက် ဧပြီလထဲ၌ ရရှိခဲ့ကြပြီးနောက် မြို့ထဲမှနေ၍ အမေရိကန်တပ်ဖွဲ့များ ထွက်ခွာသွားခဲ့ကြပြီး မြို့၏လုံခြုံရေးတာဝန်ကို အီရတ်တပ်ဖွဲ့သို့ လွှဲပေးခဲ့သည်။ စနေနေ့နှင့် အင်္ဂါနေ့ကမူ အမေရိကန်တပ်ဖွဲ့များက ဖော်လူဂျာမြို့တွင် ရှိသောအိမ်များကို ဖျက်ဆီးပစ်ခဲ့ကြသည်။

အီရတ်၌ ဖြစ်ပွားသော တိုက်ခိုက်မှုအများအပြားကို လုပ်ဆောင်နေသည့် အဘူမူဆက်ဘ်အယ်လ်ဇာကာဝီ၏နောက်လိုက်များ ခိုအောင်းရာ နေရာဖြစ်သည်ဆိုကာ ယင်းသို့ အမေရိကန်တပ်များက တိုက်ခိုက်ဖျက်ဆီးခဲ့ကြခြင်း ဖြစ်သည်။

အမ်အင်အေ၊ရိုက်တာ

ပျက်စီး

ရာမာဒီမြို့ ရဲစခန်းတွင် ဗုံးခွဲတိုက်ခိုက်ခံရပြီးနောက် ပျက်စီးနေသော အဆောက်အအုံကို ဇွန် ၂၄ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အီရတ်ဆိုင်ရာ ခရီးသွားသတိပေးချက် စင်ကာပူနိုင်ငံ ထုတ်ပြန်ကြေညာ

စင်ကာပူ ဇွန် ၂၅

အီရတ်နိုင်ငံတွင် လုံခြုံရေးအခြေအနေ ပိုဆိုးရွားလာနေသဖြင့် စင်ကာပူနိုင်ငံသားများ အီရတ်သို့ခရီးမထွက်ရန် သို့မဟုတ် အီရတ်၌ ကျန်မနေရန် စင်ကာပူနိုင်ငံက အီရတ်နှင့်ပတ်သက်၍ ခရီးသွားလာမှုဆိုင်ရာ သတိပေးချက်တစ်ရပ်ကို ဗုဒ္ဓဟူးနေ့က ထုတ်ပြန်ခဲ့သည်။

အီရတ်လုံခြုံရေးအခြေအနေကို သုံးသပ်ရာတွင် စင်ကာပူနိုင်ငံသားများ အီရတ်သို့မသွားရန် သို့မဟုတ် အီရတ်တွင်ကျန်မနေရန် အကြံပေးကြောင်း စင်ကာပူနိုင်ငံခြားရေးရာ ဝန်ကြီးဌာနက ဗုဒ္ဓဟူးနေ့တွင် ကြေညာချက် တစ်စောင်ထုတ်ပြန်သည်။

ထိုနေထိုင်သူများ သို့မဟုတ် ခရီးထွက်သူများသည် ဖြစ်ပေါ်တိုးတက်မှုအခြေအနေကိုစောင့်ကြည့်သင့်ပြီး အနီးဆုံး စင်ကာပူသံရုံး သို့မဟုတ် ကောင်စစ်ဝန်ရုံးတွင် မှတ်ပုံတင်ထားသင့်ကြောင်းလည်း ဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သည်။

အီရတ်စစ်ပွဲနှင့် ပတ်သက်၍ ဝါရှင်တန်အား အခိုင်အမာထောက်ခံသည့် နိုင်ငံများအနက် တစ်နိုင်ငံဖြစ်သော စင်ကာပူနိုင်ငံသည် အီရတ်ရှိ အမေရိကန်ဦးဆောင်သော မဟာမိတ်တပ်ဖွဲ့များအား ပံ့ပိုးမှုကို ပြသခြင်းအဖြစ် လေယာဉ်နှင့် သင်္ဘောအချို့ကို ပင်လယ်ကွေ့သို့ ပို့လွှတ်ခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ

အမျိုးသားညီလာခံသို့ တက်ရောက်လျက်ရှိကြသော ညီလာခံကိုယ်စားလှယ်များ ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ်ရှိ သမိုင်းဝင် ဆံတော်ရှင်ကျိုက်ခေါက်စေတီတော်ကို ဖူးမြော်ကြည်ညိုစဉ်။ (သတင်းစဉ်)

၂၀၀၄ ခုနှစ်၊ ဇူလိုင်လ(၃)ရက် မြန်မာအမျိုးသမီးများနေ့

MYANMAR WOMEN'S DAY

အမျိုးသားညီလာခံကိုယ်စားလှယ်များ ကျိုက်ခေါက်စေတီတော်ဖူးမြော် ပြည်ထောင်စုတိုင်းရင်းသားကျေးရွာသို့ သွားရောက်လေ့လာ

ရန်ကုန် ဇွန် ၂၆

အမျိုးသားညီလာခံသို့ တက်ရောက်လျက်ရှိကြသော ညီလာခံကိုယ်စားလှယ်များသည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ်ရှိ သမိုင်းဝင် ဆံတော်ရှင်ကျိုက်ခေါက်စေတီတော်ကို သွားရောက် ဖူးမြော်ကြည်ညိုကြပြီး စေတီတော်ဘက်စုံမွမ်းမံပြင်ဆင်ရေးအတွက် အလှူငွေများ စုပေါင်းလှူဒါန်းကာ ရန်ကုန်အရှေ့ပိုင်းခရိုင် သာကေတမြို့နယ်ရှိ ပြည်ထောင်စုတိုင်းရင်းသားကျေးရွာသို့ သွားရောက် ကြည့်ရှုလေ့လာကြသည်။

အမျိုးသားညီလာခံကိုယ်စားလှယ်များသည် အမျိုးသားညီလာခံကျင်းပရေး၊ ဖိတ်ကြားရေးနှင့် ကြိုဆိုနေရာချထားရေးဆပ်ကော်မတီမှ တာဝန်ရှိသူများလိုက်ပါ၍ နံနက် ၆နာရီတွင် မော်တော်ယာဉ်များဖြင့် ရန်ကုန်တိုင်း မှော်ဘီမြို့နယ်ရှိ ညောင်နှစ်ပင်စခန်းမှ ထွက်ခွာလာကြပြီး နံနက် ၇နာရီခွဲတွင် ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ်ရှိ သမိုင်းဝင်ဆံတော်ရှင်ကျိုက်ခေါက်စေတီတော်သို့ ရောက်ရှိကြရာ ရန်ကုန်တောင်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး အောင်ပြည့်၊ သန်လျင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်ဇော်ဝင်းနှင့် အဖွဲ့ဝင်များ၊ စေတီတော် ဂေါပကအဖွဲ့ဥက္ကဋ္ဌဒုတိယဗိုလ်မှူးကြီးမြတ်စိုး (ငြိမ်း)နှင့် ဂေါပကအဖွဲ့ဝင်များက ကြိုဆိုကြသည်။

ရှင်းလင်းပြောကြား

ထို့နောက် အမျိုးသားညီလာခံကိုယ်စားလှယ်များအား စေတီတော်ရင်ပြင်အင်္ဂါထောင့်ရှိ ကျောက်တန်းတန်ဆောင်း၌စေတီတော်ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမြတ်စိုး (ငြိမ်း) က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး စေတီတော်နောက်ခံသမိုင်းနှင့် စေတီတော်အကြောင်း သိကောင်းစရာများကို ရှင်းလင်းပြောကြားသည်။

မှတ်တမ်းလွှာပေး

ဆက်လက်၍ အမျိုးသားညီလာခံကိုယ်စားလှယ်များက ဆံတော်ရှင်ကျိုက်ခေါက်စေတီတော် ဘက်စုံမွမ်းမံပြင်ဆင်ရေးအတွက် စုပေါင်းလှူဒါန်းငွေ ၁၁၁၅၆၅ ကျပ်ကို ပေးအပ်လှူဒါန်းကြရာ ဂေါပကအဖွဲ့ဥက္ကဋ္ဌက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ထို့ပြင် အမျိုးသားညီလာခံကိုယ်စားလှယ်များအား ဂေါပကအဖွဲ့က ဆံတော်ရှင် ကျိုက်ခေါက်စေတီတော်၏ သမိုင်းရင်းမြစ်နှင့် ဖြစ်တော်စဉ် စာစောင်များကို ဓမ္မဒါနအဖြစ် ပေးအပ်ပြီး အချိုရည်များဖြင့် ဧည့်ခံ တိုက်ကျွေးသည်။

ဖူးမြော်ကြည်ညို

ထို့နောက် အမျိုးသားညီလာခံကိုယ်စားလှယ်များသည် ဆံတော်ရှင်ကျိုက်ခေါက်စေတီတော်အား လက်ယာရစ် လှည့်လည်ဖူးမြော်ကြည်ညိုကြသည်။

ထိုမှတစ်ဆင့် အမျိုးသားညီလာခံကိုယ်စားလှယ်များသည် ရန်ကုန်အရှေ့ပိုင်းခရိုင် သာကေတမြို့နယ်ရှိ ပြည်ထောင်စုတိုင်းရင်းသားကျေးရွာသို့ ရောက်ရှိကြည့်ရှုလေ့လာကြရာ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဝင်းအောင်နှင့် တာဝန်ရှိသူများ၊ ရိုးရာယဉ်ကျေးမှုဝန်ထမ်းများက ကြိုဆိုကြသည်။

ထို့နောက် အမျိုးသားညီလာခံကိုယ်စားလှယ်များအား ပင်မအဝင်မုခ်ဦး၌ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးရဲနိုင်က ပြည်ထောင်စုတိုင်းရင်းသားကျေးရွာတွင် တာဝန်ထမ်းဆောင်လျက်ရှိကြသည့် ပြည်နယ်နှင့် တိုင်းများမှ ရိုးရာယဉ်ကျေးမှုဝန်ထမ်းများနှင့် တစ်ဦးချင်း မိတ်ဆက်ပေးသည်။

နှုတ်ခွန်းဆက်

ဆက်လက်၍ အမျိုးသားညီလာခံကိုယ်စားလှယ်များအား နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဝင်းအောင်က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားပြီး ပြည်ထောင်စု တိုင်းရင်းသားကျေးရွာအကြောင်း ရှင်းလင်းပြောကြားသည်။

ရှင်းလင်းပြသ

ထို့နောက် အမျိုးသားညီလာခံကိုယ်စားလှယ်များအား ပြည်ထောင်စုတိုင်းရင်းသား ကျေးရွာအတွင်းရှိ နန်းမြင့်မျှော်စင်အပြင် ရခိုင်ရွာ၊ ဗမာရွာ၊ မွန်ရွာ၊ကရင်ရွာ၊ ချင်းရွာ၊ ကချင်ရွာ၊ ရှမ်းရွာနှင့် ကယားရွာတို့ရှိ ရိုးရာအိမ်များ တည်ဆောက်ထားရှိမှုများ၊ ဓလေ့ထုံးတမ်းများ၊ ရိုးရာအဝတ်အထည်များ၊ အသုံးအဆောင်ပစ္စည်းများကို လှည့်လည်ကြည့်ရှု လေ့လာကြရာ တာဝန်ရှိသူများနှင့် ရိုးရာယဉ်ကျေးမှုဝန်ထမ်းများက လိုက်လံရှင်းလင်းပြသကြသည်။

ယင်းနောက် အမျိုးသားညီလာခံကိုယ်စားလှယ်များသည် နံနက် ၁၀ နာရီ မိနစ် ၂၀ တွင် ပြည်ထောင်စု တိုင်းရင်းသားကျေးရွာမှ ပြန်လည်ထွက်ခွာသွားကြသည်။

(သတင်းစဉ်)

ပုပ္ပား(၂)မိုးကုတ်ဝိပဿနာ ၁၀ ရက်တရားစခန်းပွဲ

ရန်ကုန် ဇွန် ၂၆

မြောက်ဥက္ကလာပမြို့နယ် (ည) ရပ်ကွက် ပုပ္ပား(၂)မိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာကျောင်းတွင် လစဉ် တရားစခန်းပွဲ ဖွင့်လှစ်လျက်ရှိရာ ယခု (၁၁၅)ကြိမ်မြောက် တရားစခန်းပွဲတွင်လည်း ပုပ္ပား(၂)မိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာဆရာတော်ဘဒ္ဒန္တ သောဘန (ဓမ္မာစရိယ၊L.L.B)ပန်းချီဆရာကြီး ဦးလွန်းကြွယ်နှင့် ပုပ္ပား(၃)မိုးကုတ်ဝိပဿနာဓမ္မရိပ်သာဆရာတော် ဘဒ္ဒန္တ ဇာဂရ (ဓမ္မာစရိယ၊ မဟာဓမ္မာစရိယ) တို့က ကျေးဇူးတော်ရှင်မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ခန္ဓာဉာဏ်ရောက်သစ္စာဆိုက်အောင် ဟောကြားပြသမည်ဖြစ်ရာ ယောဂီများ ပထမဝါဆိုလပြည့်ကျော် ၃ရက် ဇူလိုင် ၄ရက်(တနင်္ဂနွေနေ့)ညနေ အရောက်လာရောက်ကြရန်နှင့် လူကိုယ်တိုင်ဖြစ်စေ ဖုန်း-၆၉၀၀၅၉ သို့ဖြစ်စေ ဆက်သွယ် စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

(က-ပ)

ညီလာခံကိုယ်စားလှယ်များအား ရုပ်ရှင်ဇာတ်ကားဖြင့် ပြသဖျော်ဖြေ

ရန်ကုန် ဇွန် ၂၆

အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီ ဖျော်ဖြေရေးနှင့် သက်သာချောင်ချိရေးဆပ်ကော်မတီက အမျိုးသားညီလာခံသို့ တက်ရောက်လျက်ရှိကြသော ညီလာခံကိုယ်စားလှယ်များ အပန်းဖြေနိုင်ရေးအတွက် နေ့စဉ် ည ၇ နာရီမှစတင်၍ ဖျော်ဖြေရေးအစီအစဉ်များကို ညောင်နှစ်ပင်စခန်းရှိ မိုးလုံလေလုံအားကစားခန်းမ၌ ဖျော်ဖြေတင်ဆက်လျက်ရှိသည်။

ယမန်နေ့ညပိုင်းတွင် ဒါရိုက်တာဝေမှိုင်းညို ရိုက်ကူးပြီး သရုပ်ဆောင် လူမင်း၊ သီဟတင်စိုး၊ ညွှန့်ဝင်း၊ မေသန်းနု၊ ထွန်းအိန္ဒြာဗို၊ အိန္ဒြာကျော်ဇင်တို့ ပါဝင်သရုပ်ဆောင်ထားကြသော **"သူးမွဲ့ထသစ္စာ"** ရုပ်ရှင်ဇာတ်ကားဖြင့် ပြသဖျော်ဖြေတင်ဆက်ရာ ညီလာခံကိုယ်စားလှယ်များ ကြည့်ရှုအပန်းဖြေကြသည်။

(သတင်းစဉ်)

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက် မှတ်သားဖွယ်ရာမိုးရေချိန်

၂၆-၆-၂၀၀၄

ကမ္ဘာအေး	၀	ဒသမ	၀၄	လက်မ
မင်္ဂလာဒုံ	၀	ဒသမ	၀၈	လက်မ
ရန်ကုန်မြို့လယ်	၀	ဒသမ	၂၇	လက်မ

မုတ္တမကွေ့နှင့်မြစ်ဝကျွန်းပေါ်တို့တွင် တစ်ခါတစ်ရံမိုးသက်လေပြင်းကျပြီးလှိုင်းကြီးနိုင်

ရန်ကုန် ဇွန် ၂၆

ယနေ့နံနက် ၉ နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အရ လွန်ခဲ့သော ၂၄ နာရီအတွင်းက ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်းနှင့် မကွေးတိုင်းတို့တွင် တိမ်ထူထပ်ခဲ့ပြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရန်ကုန်တိုင်းတို့၌ နေရာအနှံ့အပြား၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ပဲခူးတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာကျဲကျဲနှင့် ကျန်ဒေသများ၌ နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ကာ ကချင်ပြည်နယ်နှင့် ရခိုင်ပြည်နယ် တို့တွင်နေရာကွက်၍မိုးကြီးခဲ့သည်။

ကပ္ပလီပင်လယ်ပြင်တွင် အများအားဖြင့် မုတ်သုံလေ အားကောင်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်၌ မုတ်သုံလေ အားအသင့်အတင့်ရှိနေကြောင်း သိရသည်။

ဇွန် ၂၇ ရက်ညနေအထိ ခန့်မှန်းချက်အရ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် နေရာအနှံ့အပြား၊ ရှမ်းပြည်နယ်၊ ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်း အထက်ပိုင်း၊ ပဲခူးတိုင်းနှင့် တနင်္သာရီတိုင်းတို့၌ နေရာကျဲကျဲနှင့် ကျန်ဒေသများတွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာပြီး ရခိုင်ပြည်နယ်၌ နေရာကွက်၍မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မုတ္တမကွေ့နှင့် မြစ်ဝကျွန်းပေါ်တို့တွင် တစ်ခါတစ်ရံမိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅မိုင်ထိ တိုက်ခတ်နိုင်ပြီး ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်ဖြစ်ကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှု ဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။

(မြန်မာ့အလင်း)

မြန်မာ့ရုပ်မြင်သံကြား

၂၇-၆-၂၀၀၄ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ ကျေးဇူးရှင် မင်းကွန်း ဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်
- ၇း၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇း၃၀ ၃။ နံနက်ခင်းသတင်း
- ၇း၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး
- ၇း၅၅ ၅။ ယဉ်ကျေးလိမ္မာ(၃၈)ဖြာ မင်္ဂလာ
- ၈း၀၀ ၆။ အရေးပြိုင်ပွဲ
- ၈း၂၀ ၇။ သုံးဆယ်ရှေလောင်တမံ
- ၈း၃၀ ၈။ International News
- ၈း၄၅ ၉။ Say it in English

နေ့လည်ပိုင်း

- ၁၁း၀၀ ၁။ စစ်သည်တေး
- ၁၁း၁၀ ၂။ တေးဂီတအစီအစဉ်
- ၁၁း၂၅ ၃။ တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ်
- ၁၁း၄၀ ၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **"သစ္စာချစ်ပန်း"**(အပိုင်း-၄)
- ၁၂း၂၀ ၅။ ရန်ကုန်တိုင်း ပေါင်းလင်း (ငမိုးရိပ်ရေကူ)ရေလှောင်တမံ
- ၁၂း၃၀ ၆။ **"တည်ငြိမ်အေးချမ်း တိုးတက်ချမ်းသာ"** ဝေဠုကျော်၊ လူမင်း၊ အိန္ဒြာကျော်ဇင်၊ယမင်းကိုကို (ဒါရိုက်တာ-ခင်မောင်ဦး၊ စိုးသိမ်းထွဋ်)
- ၁၄း၂၅ ၇။ သစ်သီးဝလံ ပေါပြည့်ဝဆာ ဥယျာဉ်ခြံမှာ (ဒူးရင်း၊ ကြက်မောက်)
- ၁၄း၃၅ ၈။ ဖြူးချောင်းတံတား
- ၁၄း၄၅ ၉။ International News
- ၁၅း၀၀ ၁၀။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၁၆း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၁၆း၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၁၇း၃၀ ၃။ English for Everyday Use.
- ၁၇း၄၅ ၄။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ ပထမနှစ် (အထူးပြုအားလုံး) (အင်္ဂလိပ်စာ)
- ၁၇း၀၀ ၅။ အိမ်တွင်းမှုသိပ္ပံ တိုင်းရင်းသားရိုးရာအစားအစာ (မွန်)
- ၁၇း၀၅ ၆။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
- ၁၇း၂၀ ၇။ တေးဂီတအစီအစဉ်
- ၁၇း၃၅ ၈။ စိုက်ပျိုးစွမ်းအား ပြည်ထွန်းကား
- ၁၇း၄၅ ၉။ ဆိုကြမယ် ပျော်ကြမယ်
- ၁၈း၃၀ ၁၀။ ညနေခင်းသတင်း
- ၁၉း၀၀ ၁၁။ မိုးလေဝသအခြေအနေ
- ၁၉း၀၅ ၁၂။ နိုင်ငံခြားဇာတ်လမ်းတွဲ **"နှင်းပွင့်"** (အပိုင်း-၂၄)
- ၁၉း၄၀ ၁၃။ ကျေးလက်ဒေသတစ်ခွင် အလှဆင်
- ၂၀း၀၀ ၁၄။ ပြည်တွင်းသတင်း
- ၁၅။ နိုင်ငံတကာသတင်းများ
- ၁၆။ မိုးလေဝသအခြေအနေ
- ၁၇။ နိုင်ငံခြားဇာတ်လမ်းတွဲ **"နှလုံးသားထဲက တစ်ခုတည်းသော အချစ်"** (အပိုင်း-၂)

နံနက်ပိုင်း

- ၁း၁၅ ၁၈။ **Euro 2004 ဘောလုံးပွဲ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် (ကွာတားဖိုင်နယ်ပွဲစဉ်-၄) (ချက်နှင့်ဒိန်းမတ်)**

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အခမ်းအနားနှင့် ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာ၊ တေးသီချင်း၊ ကာတွန်း၊ ပန်းချီ၊ ပိုစတာ၊ ကွန်ပျူတာပန်းချီ၊ ကွန်ပျူတာပိုစတာ၊ ဓာတ်ပုံနှင့် HIV/AIDS and Injection Drug Use Poster ဆုချီးမြှင့်ပွဲတွင် မြန်မာနိုင်ငံမူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင် အမှာစကားပြောကြားစဉ်။ (မြန်မာ့အလင်း)

■ ***ကျောဖုံးမှ***

အခမ်းအနားသို့ မြန်မာနိုင်ငံမူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ်တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင်၊ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသည့် နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင်၊ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့်တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်ပြိုင်ပွဲတို့၌ ဆုရသူများ၊ ကျောင်းသားကျောင်းသူများ၊ ပြိုင်ပွဲအကဲဖြတ်အဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေ သော ဆေးဝါးများ အန္တရာယ်တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင်က အမှာစကားပြောကြားသည်။

သဝဏ်လွှာဖတ်ကြား

ယင်းနောက်ယနေ့တွင်ကျရောက်သည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားသို့ ကုလသမဂ္ဂ အထွေထွေ အတွင်းရေးမှူးချုပ် မစ္စတာကိုဖီအာနန်ထံမှ ပေးပို့သည့် သဝဏ်လွှာကို UNODC ဌာနေကိုယ်စားလှယ် Mr.Jean Luc Lemahieu က ဖတ်ကြားသည်။

ဆက်လက်၍ UNODC ဌာနေကိုယ်စားလှယ် Mr.Jean Luc Lemahieu က အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ပြိုင်ပွဲတွင် ဆုချီးမြှင့်ရန်အတွက် ငွေကျပ် ၂၅၀၀၀၀ ကို ပေးအပ်လှူဒါန်းရာ မြန်မာနိုင်ငံ မူးယစ်ဆေးဝါးနှင့်စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီး တင်လှိုင်က လက်ခံသည်။

ကျပ်သိန်း၂၀ လှူဒါန်း

ထို့နောက် Asian Harm Reduction Network (AHRN) အဖွဲ့မှ Country Coordinator Mr.Willy De Maere က အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်ပြိုင်ပွဲတွင် ဆုချီးမြှင့်ရန်အတွက် ငွေကျပ်သိန်း ၂၀ ကို ပေးအပ်လှူဒါန်းရာ မြန်မာနိုင်ငံ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင်က လက်ခံသည်။

ဆုများချီးမြှင့်

ယင်းနောက် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အဖြစ် ကျင်းပခဲ့သည့် ပြိုင်ပွဲအသီးသီးမှ ဆုရရှိကြသူများအား ဆုများကိုချီးမြှင့်ရာ ရှေးဦးစွာ မြန်မာနိုင်ငံ မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ ဒုတိယဥက္ကဋ္ဌ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီး သိန်းညွန့်က အသက်(၁၀)နှစ်အောက် ပန်းချီပြိုင်ပွဲ၌ ပထမဆုရ ရန်ကုန်တိုင်း ဒဂုံမြို့နယ် အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်းမှ မနီလာရွှန်းလက်၊ ဒုတိယဆုရ ရန်ကုန်တိုင်း တာမွေမြို့နယ် အမှတ်(၁၈)အခြေခံ ပညာမူလတန်းကျောင်းမှမောင်ကောင်းထက်ကျော်နှင့် တတိယဆုရ ရန်ကုန်တိုင်းပညာရေးတက္ကသိုလ် လေ့ကျင့်ရေးကျောင်းမှ မနွေးရတနာထွန်းတို့အားလည်းကောင်း၊ အသက်(၁၀)နှစ်အောက် ကာတွန်းပြိုင်ပွဲ၌ ပထမဆုရ ရန်ကုန်တိုင်း ကျောက်တန်းမြို့နယ် မြို့မအလယ်တန်းကျောင်းမှမထူးထက်ထက်လင်း၊ ဒုတိယဆုရ ဧရာဝတီတိုင်း ပုသိမ်မြို့နယ် အမှတ် (၂၄)

ဖတ်ကြား

ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ် မစ္စတာကိုဖီအာနန်ထံမှ ပေးပို့သည့်သဝဏ်လွှာကို UNODC ဌာနေကိုယ်စားလှယ် Mr. Jean Luc Lemahieu က ဖတ်ကြားစဉ်။ (မြန်မာ့အလင်း)

အခြေခံပညာ မူလတန်းကျောင်းမှ မသွန်းရွှေရည်ဝင်းဆုနှင့် တတိယဆုရ ရန်ကုန်တိုင်း ဒဂုံမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ မနီလာရွှန်းလက်တို့အားလည်းကောင်း ဆုများကို ချီးမြှင့်သည်။

ဆက်လက်၍ မြန်မာနိုင်ငံ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ ဒုတိယဥက္ကဋ္ဌ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင်က အသက်(၁၀)နှစ်အောက် ပိုစတာပြိုင်ပွဲ၌ ပထမဆုရ ရန်ကုန်တိုင်း ကျောက်တန်းမြို့နယ် မြို့မအခြေခံပညာအလယ်တန်းကျောင်းမှ မောင်ထူးထက်ကျော်၊ ဒုတိယဆုရ ရန်ကုန်တိုင်း တာမွေမြို့နယ် အမှတ်(၉)အခြေခံပညာမူလတန်းကျောင်းမှ မဖြိုးအိဇင်နှင့် တတိယဆုရ ရန်ကုန်တိုင်း ကျောက်တန်းမြို့နယ် အခြေခံပညာ မူလတန်းကျောင်း(ရွှေကုန်း)မှ မနှင်းနွယ်နွယ်အောင်တို့အား လည်းကောင်း၊ ဝတ္ထုတိုပြိုင်ပွဲ၌ပထမဆုရ မန္တလေးတိုင်းမှ ဦးဇော်မိုးကျော်(ဒီဇိုင်းဇော်ထက်၊ အာခီတက်)၊ ဒုတိယဆုရ စစ်ကိုင်းတိုင်းမှမကေသီဦး(ကေသီဦး၊ မုံရွာ-ဂျီစီစီ)နှင့်တတိယဆုရ ရန်ကုန်တိုင်းမှမမေအိမ်စည်ဦး(မေကေရီမေ ဦးကျော်)တို့အား လည်းကောင်း ဆုများကို ချီးမြှင့်သည်။

ထို့နောက် မြန်မာနိုင်ငံမူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ အဖွဲ့ဝင်အလုပ်သမားဝန်ကြီးဌာနဝန်ကြီးဦးတင်ဝင်းက ဆောင်းပါးပြိုင်ပွဲ၌ ပထမဆုရ ရှမ်းပြည်နယ်(မြောက်ပိုင်း)မှ ဦးသိန်းဝင်း(မူဆယ်ဝေါင်းခမ်း)၊ ဒုတိယဆုရ ရန်ကုန် တိုင်းမှဒေါ်လှသိန်း(မလှသိန်း)နှင့်တတိယဆုရ ပဲခူးတိုင်း(အနောက်ပိုင်းတိုင်းခွဲ)မှ ဒေါ်သက်သက်သင်း (သက်သက်သင်း-ပညာရေး)တို့အား လည်းကောင်း၊ ကဗျာပြိုင်ပွဲ၌ ပထမဆုရ ရန်ကုန်တိုင်းမှ ဦးသောင်းဝင်း (မောင်နီမှိုင်း-ကျောက်တန်း)၊ ဒုတိယဆုရ ပဲခူးတိုင်း (အနောက်ပိုင်းတိုင်းခွဲ) မှဦးခင်မောင်ထွန်း(မင်းသွေးနွယ်-ဇီးကုန်း)နှင့်တတိယဆုရ ပဲခူးတိုင်းမှ စောဣန္ဒာသက်မောင်တို့အားလည်းကောင်း ဆုများကို ချီးမြှင့်သည်။

တေးသီချင်းပြိုင်ပွဲ

ဆက်လက်၍ မြန်မာနိုင်ငံမူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ အဖွဲ့ဝင် ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်ကတေးသီချင်းပြိုင်ပွဲ၌ပထမဆုရ ရန်ကုန်တိုင်းမှဦးတင်မောင်လှိုင်(တင်မောင်လှိုင်)၊ ဒုတိယဆုရ ရန်ကုန်တိုင်းမှ ဦးအောင်မင်း (အောင်မင်းသစ်)နှင့် တတိယဆုရ ရန်ကုန်တိုင်းမှ မမြင့်မြင့်ဝေ (ချစ်ဝေဝေကျော်)တို့အား လည်းကောင်း၊ အသက်(၁၀)နှစ်မှ (၁၅)နှစ်အောက် ပန်းချီပြိုင်ပွဲ၌ ပထမဆုရ ရန်ကုန်တိုင်း ပညာရေးတက္ကသိုလ် လေ့ကျင့်ရေးကျောင်းမှ မခင်ချမ်းမြေ့သူ၊ ဒုတိယဆုရရန်ကုန်တိုင်း အလုံမြို့နယ် အမှတ် (၄) အခြေခံပညာ အထက်တန်းကျောင်းမှ မောင်ဇင်ကိုကိုနှင့် တတိယဆုရရန်ကုန်တိုင်း ပညာရေးတက္ကသိုလ် လေ့ကျင့်ရေးကျောင်းမှ မခိုင်မြတ်မျိုးထွန်းလင်း တို့အားလည်းကောင်း ဆုများကိုချီးမြှင့်သည်။

ပန်းချီပြိုင်ပွဲ

ထို့နောက် မြန်မာနိုင်ငံမူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ အဖွဲ့ဝင်ပညာရေးဝန်ကြီးဌာန ဝန်ကြီးဦးသန်းအောင်က အသက်(၁၅)နှစ်မှ (၂၀)နှစ်အောက် ပန်းချီပြိုင်ပွဲ၌ ပထမဆုရ ရန်ကုန်တိုင်း ရန်ကုန် အရှေ့ပိုင်းတက္ကသိုလ်မှ မအေးအိစိုးစံ၊ ဒုတိယဆုရ ရန်ကုန်တိုင်း ရေကြောင်းပညာတက္ကသိုလ်မှ မောင်နိုင်ထူးကျော်နှင့် တတိယဆုရ ရန်ကုန်တိုင်းတတိယနှစ်(စီးပွားရေး)မှ မောင်စည်သူအောင်တို့အား လည်းကောင်း၊ အသက် (၂၀)နှစ်နှင့်အထက် ပန်းချီပြိုင်ပွဲ၌ ပထမဆုရ ရန်ကုန်တိုင်းမှ ဦးအောင်မိုး(ရှမ်းလေးပန်းချီ)၊ ဒုတိယဆုရပဲခူးတိုင်းမှ ဦးကျော်မြင့်နိုင်(ပန်းချီကျော်မြင့်နိုင်)နှင့် တတိယဆုရ ရန်ကုန်တိုင်း တောင်ဥက္ကလာပမြို့နယ်မှ မသက်ဖြူဝင်းတို့အားလည်းကောင်း ဆုများကိုချီးမြှင့်သည်။

ကာတွန်းပြိုင်ပွဲ

ဆက်လက်၍ မြန်မာနိုင်ငံမူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ အဖွဲ့ဝင်မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် မောင်မောင်သိမ်းက အသက်(၁၀)နှစ်မှ (၁၅)နှစ်အောက် ကာတွန်းပြိုင်ပွဲ၌ ပထမဆုရ ရန်ကုန်တိုင်းပညာရေးတက္ကသိုလ်လေ့ကျင့်ရေးကျောင်းမှမောင်ရဲဇာနည်အောင်၊ဒုတိယဆုရ ပဲခူးတိုင်းကဝမြို့အခြေခံပညာအထက်တန်းကျောင်းမှ မောင်ကျော်ထင်နှင့် တတိယဆုရ မန္တလေးတိုင်း မန္တလေးမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းမှ မောင်အာကာမျိုးတို့အားလည်းကောင်း၊အသက်(၁၅)နှစ်မှ (၂၀)နှစ်အောက် ကာတွန်းပြိုင်ပွဲ၌ ပထမဆုရရန်ကုန်တိုင်း ရန်ကင်းမြို့နယ်အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းမှ မဝင့်ဖြူထွေး၊ ဒုတိယဆုရ ရန်ကုန်တိုင်း လှိုင်သာယာမြို့နယ် အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်းမှ မောင်အောင်မိုဃ်းစည်နှင့်တတိယဆုရ ရန်ကုန်တိုင်း ဒဂုံမြို့နယ်အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းမှ မောင်ရဲထွဋ်အောင်တို့အား လည်းကောင်း ဆုများကိုချီးမြှင့်သည်။

ယင်းနောက် မြန်မာနိုင်ငံမူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ အဖွဲ့ဝင်ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်းက အသက်(၂၀)နှစ်နှင့်အထက် ကာတွန်းပြိုင်ပွဲ၌ ပထမဆုရ ရန်ကုန်တိုင်းမှ မနီလာမြင့် (ကာတွန်းနီလာမြင့်)၊ ဒုတိယဆုရ ရန်ကုန်တိုင်းမှ မောင်ရဲထွဋ်အောင် (လောကနတ်ပန်းချီ)နှင့် ရန်ကုန်တိုင်းမှ မပြည့်ပြည့်သန်း(တတိယနှစ်-စီးပွားရေး)တို့အား လည်းကောင်း၊ အသက် (၁၀)နှစ်မှ (၁၅)နှစ်အောက် ပိုစတာပြိုင်ပွဲ၌ ပထမဆုရ ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းမှ မောင်အာကာထွန်းဝင်း၊ ဒုတိယဆုရ ရန်ကုန်တိုင်း လှိုင်မြို့နယ် အမှတ် (၂၃) အခြေခံပညာ မူလတန်းလွန်ကျောင်းမှ မပိုးအိသော်နှင့်တတိယဆုရ ရန်ကုန်တိုင်း ပညာရေးတက္ကသိုလ် လေ့ကျင့်ရေးကျောင်းမှ မခင်ချမ်းမြေ့သူတို့အားလည်းကောင်း ဆုများကို ချီးမြှင့်သည်။

ပိုစတာပြိုင်ပွဲ

ဆက်လက်၍ မြန်မာနိုင်ငံမူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ အဖွဲ့ဝင်နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်းက အသက်(၁၅)နှစ်မှ (၂၀)နှစ်အောက် ပိုစတာပြိုင်ပွဲ၌ ပထမဆုရ ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် အမှတ် (၃)အခြေခံပညာအထက်တန်းကျောင်းမှ မောင်ခါနန်းဝင်း၊ ဒုတိယဆုရ ပဲခူးတိုင်း(အနောက်ပိုင်းတိုင်းခွဲ) ပြည်မြို့နယ် အမှတ်(၅)အခြေခံပညာအထက်တန်းကျောင်းမှ မောင်ဝေယံကျော်စွာဟိန်းနှင့်တတိယဆုရ ရန်ကုန်တိုင်း တာမွေမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ မောင်ရဲကိုကိုအောင်တို့အားလည်းကောင်း၊ အသက် (၂၀)နှစ်နှင့်အထက် ပိုစတာပြိုင်ပွဲ၌ ပထမဆုရ ပဲခူးတိုင်းမှ ဦးဇော်ဝင်း(ဇော်ဝင်း-ငှက်ပျောသီး)၊ ဒုတိယဆုရ ရန်ကုန်တိုင်း ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်မှ မောင်ဇာနည်ထွန်းနှင့် တတိယဆုရ ရန်ကုန်တိုင်း ကျောက်တန်းမြို့နယ်မှ မောင်ရဲထွဋ်အောင် တို့အားလည်းကောင်း ဆုများကိုချီးမြှင့်သည်။

ယင်းနောက် မြန်မာနိုင်ငံမူးယစ်ဆေးဝါးနှင့်စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ်တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ အဖွဲ့ဝင် မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးအောင်သိန်းက အလယ်တန်းဆင့် ကွန်ပျူတာပန်းချီပြိုင်ပွဲ၌ ပထမဆုရ ပဲခူးတိုင်း ပဲခူးမြို့နယ်အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်းမှ မောင်ဇော်တိကမောင်မောင်မြင့်၊ ဒုတိယဆုရ ဧရာဝတီတိုင်း ပုသိမ်မြို့နယ် အမှတ်(၁)အခြေခံပညာအလယ်တန်းကျောင်းမှ မသက်ပုံချစ်နှင့် တတိယဆုရ မန္တလေးတိုင်း ချမ်းအေးသာစံမြို့နယ် အမှတ်(၇) အခြေခံပညာအလယ်တန်းကျောင်းမှ မောင်ဉာဏ်နိုင်ထွန်းတို့အား လည်းကောင်း၊ အထက်တန်းဆင့် ကွန်ပျူတာပန်းချီပြိုင်ပွဲ၌ ပထမဆုရ မွန်ပြည်နယ် မော်လမြိုင်မြို့နယ် အမှတ် (၈)အခြေခံပညာအထက်တန်းကျောင်းမှ မရွှေရည်ဝင်း၊ ဒုတိယဆုရ ရန်ကုန်တိုင်း လမ်းမတော်မြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ

စာမျက်နှာ ၇ ကော်လံ ၁ သို့

မူးယစ်ဆေးကိုနှုတ်ပယ်ရင်းဖြင့်

* နယ်ချဲ့ဇာ၏လက်နက်အစစ်
မူးယစ်ဆေးအမွေဆိုး
ဒို့လူမျိုးဒဏ်ခံ၊
ဒီအမွေအမြစ်ဖြုတ်
ပယ်နုတ်ဖို့ ဒို့ဝိဋ္ဌာန်။

* ဒီဝိဋ္ဌာန်
အောင်ရန်ပ မကသေး၊
သူတို့အတွေး သူတို့အမြင်
ကျူးကျော်ဝင် ကျွန်ပြုရေးကိုလ
လေးပေးကာ သတိထား
ဆီးတားစို့လေး။ ။

နွယ်ချို

27-6 (06).p65 1 03/25/1905, 9:54 PM

စာမျက်နှာ ၆ မှ

မသရဖူအောင်နှင့် တတိယဆုရ ရန်ကုန်တိုင်း တာမွေမြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းမှ မောင်ရဲကိုကိုအောင်တို့အားလည်းကောင်း ဆုများကိုချီးမြှင့်သည်။

ဒီဂျစ်တယ်ပိုစတာပြိုင်ပွဲ

ဆက်လက်၍ ကုလသမဂ္ဂ မူးယစ်ဆေးဝါးနှင့် မှုခင်းဆိုင်ရာရုံး (UNODC) မှ ဌာနေကိုယ်စားလှယ် Mr. Jean Luc Lemahieu က ကွန်ပျူတာဒီဂျစ်တယ်ပိုစတာပြိုင်ပွဲ၌ ပထမဆုရ ရန်ကုန်တိုင်းမှ မောင်စည်သူအောင် (တတိယနှစ်၊ စီးပွားရေး)၊ ဒုတိယဆုရ ရန်ကုန်တိုင်းမှ မမို့မို့ကြည်(နိုင်ငံခြားဘာသာတက္ကသိုလ်)နှင့် တတိယဆုရ ရန်ကုန်တိုင်းမှ မောင်ဝင်းထွဋ် (တတိယနှစ်၊ သင်္ချာ)တို့အားလည်းကောင်း၊ ဓာတ်ပုံအလွတ်တန်းပြိုင်ပွဲ၌ ပထမဆုရ မန္တလေးတိုင်းမှ ဦးအောင်ကျော်ထွန်း (အောင်ကျော်ထွန်း၊ ပုသိမ်ကြီး)၊ ဒုတိယဆုရ ရန်ကုန်တိုင်းမှဦးအောင်ထွန်းဝင်းနှင့် တတိယဆုရ မန္တလေးတိုင်းမှ ဦးဆန်းဦး(ဆန်းဦး၊ တိမ်လွှာ)တို့အားလည်းကောင်း ဆုများကိုချီးမြှင့်သည်။

ယင်းနောက် Asia Harm Reduction Network (Myanmar) (AHRN- Myanmar) မှ ညှိနှိုင်းရေးမှူး Mr. Willy De Maere က HIV/AIDS and Injection Drug Use Poster ပြိုင်ပွဲ၌ ပထမဆုရ ဦးအောင်ဇာခိုင် (ပန်းချီအေလေး၊ ပြည်မြို့)၊ ဒုတိယဆုရ ဦးခင်မောင်မြင့်(တောင်ငူမြို့)နှင့်တတိယဆုရ ဦးမြတ်ဟန်(ရန်ကုန်တိုင်း၊သာကေတမြို့နယ်)တို့အား ဆုများကို ချီးမြှင့်သည်။

ဆက်လက်၍မြန်မာနိုင်ငံမူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ အတွင်းရေးမှူး မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီက အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာ၊တေးသီချင်း၊ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ ကွန်ပျူတာပန်းချီ၊ ကွန်ပျူတာ ဒီဂျစ်တယ်ပိုစတာ၊ ဓာတ်ပုံပြိုင်ပွဲများနှင့် HIV/AIDS and Injection Drug Use Poster ပြိုင်ပွဲများတွင် အကဲဖြတ်ရွေးချယ် စိစစ်ရေးအဖွဲ့များအား ဂုဏ်ပြုလက်မှတ်နှင့် ဂုဏ်ပြုဆုငွေများကို ချီးမြှင့်ရာ ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာ၊ တေးသီချင်း၊ ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ ကွန်ပျူတာ ပန်းချီ၊ ကွန်ပျူတာဒီဂျစ်တယ်ပိုစတာ၊ ဓာတ်ပုံပြိုင်ပွဲများနှင့် HIV/AIDS and Injection Drug Use Posterအကဲဖြတ် အဖွဲ့များမှ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် တာဝန်ရှိသူတို့က လက်ခံရယူကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

✳ ကျောဖုံးမှ

အဆိုပါညှိနှိုင်းအစည်းအဝေးသို့ ရန်ကုန်မြို့တော်ကန်တော်ကြီးဥယျာဉ် ပတ်ဝန်းကျင်နှင့် တိရစ္ဆာန်ဥယျာဉ် (ရန်ကုန်)ဘက်စုံအဆင့်မြင့် တည်ဆောက်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ရန်ကုန်မြို့တော်ဝန်၊ဒုတိယဝန်ကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ရန်ကုန်မြို့တော် ကန်တော်ကြီးဥယျာဉ် ပတ်ဝန်းကျင်နှင့် တိရစ္ဆာန်ဥယျာဉ် (ရန်ကုန်) ဘက်စုံအဆင့်မြင့်တည်ဆောက်ရေး လုပ်ငန်းကော်မတီဝင်များနှင့် အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ရန်ကုန်မြို့တော် ကန်တော်ကြီးဥယျာဉ်ပတ်ဝန်းကျင်နှင့် တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်)ဘက်စုံအဆင့်မြင့်တည်ဆောက်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေက ရန်ကုန်မြို့တော်ကန်တော်ကြီးဥယျာဉ် ပတ်ဝန်းကျင်နှင့် တိရစ္ဆာန်ဥယျာဉ် (ရန်ကုန်)ဘက်စုံအဆင့်မြင့်တည်ဆောက်ရေးလုပ်ငန်းများဖြစ်သည့် Education Zone, Central Forest Zone, Relaxation Zoneနှင့် Recreation Zoneများ၌ အဆင့်မြင့်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု၊ ဆောင်ရွက်ဆဲနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေများနှင့်စပ်လျဉ်း၍ မြေပုံကားချပ်များဖြင့် အသေးစိတ်ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြ

ထို့နောက် မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်မောင်မောင်သိမ်းက Education Zone အတွင်း ငါးပြတိုက်တည်ဆောက်လျက်ရှိသည့်လုပ်ငန်းအခြေအနေများကိုလည်းကောင်း၊ ရန်ကုန်မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းက Relaxation Zoneအတွင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက အဆင့်မြင့်တည်ဆောက်ရေးလုပ်ငန်းများ အပိုင်းလိုက်ခွဲခြားဆောင်ရွက်လျက်ရှိသည့်လုပ်ငန်းအခြေအနေများကိုလည်းကောင်း၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးညီလှငယ်ကကန်တော်ကြီး ဥယျာဉ် ပတ်ဝန်းကျင် ဘက်စုံအဆင့်မြင့်တည်ဆောက်ရေးလုပ်ငန်းများ အရည်အသွေး စံချိန်စံညွှန်းပြည့်မီစေရေးအတွက် လုပ်ငန်းစဉ်ဆက်မပြတ်စစ်ဆေးပြီး အကြံပြုဆောင်ရွက်နေမှုအခြေအနေများကို လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ အစည်းအဝေးသို့ တက်ရောက်လာကြသူများက ကန်တော်ကြီးဥယျာဉ် ပတ်ဝန်းကျင် အဆင့်မြင့်တည်ဆောက်ရေးလုပ်ငန်းများတွင်ပါဝင်သည့် ဟိုတယ်နှင့်စားသောက်ဆိုင်များ၊ ခေတ်မီကလေးကစားကွင်း တည်ဆောက်ရေးလုပ်ငန်းများ၊ ကန်တော်ကြီးရေပြင်သန့်ရှင်းရေး ဆောင်ရွက်မှုလုပ်ငန်းများ၊ Cable Car တပ်ဆင်ရေးစီမံကိန်းလုပ်ငန်းများ၊ မြေယာပြုပြင်မှုလုပ်ငန်း၊ ပန်းကွက်အလှဖော်မှုလုပ်ငန်း၊ ရေကူးကန်၊ ရေပန်းဥယျာဉ်နှင့် မျှော်စင်တည်ဆောက်ရေး လုပ်ငန်းများ၊ ကန်တော်ကြီးဥယျာဉ်အတွင်း ပုပ္ပါးတောင်ကလပ်ပုံစံ တည်ဆောက်မှုလုပ်ငန်းနှင့် လမ်းဖောက်လုပ်နေသည့် လုပ်ငန်းများကို သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြသည်။

ပူးပေါင်းညှိနှိုင်းဆောင်ရွက်

ယင်းနောက်နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က မိမိတို့ကဏ္ဍအလိုက် ဆောင်ရွက်ပြီးစီးသောလုပ်ငန်းများကို အပိုင်းလိုက်မြင်ကွင်းရှင်းအောင်၊ သန့်ရှင်းသပ်ရပ်မှုရှိအောင် ဆောင်ရွက်ကြရန်နှင့် ဆောင်ရွက်ဆဲ၊ ဆက်လက်ဆောင်ရွက်ရန်ရှိသော လုပ်ငန်းများကိုလည်း ပီပီပြင်ပြင်ပုံပေါ်အောင် ဆောင်ရွက်ကြရန်ဖြစ်ကြောင်း၊ ထို့အပြင် ကန်တော်ကြီးဥယျာဉ်ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများကို မိုးရာသီတွင် သစ်တောရေးရာဝန်ကြီးဌာနနှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီတို့ ပူးပေါင်းညှိနှိုင်းဆောင်ရွက်သွားကြရန် ဆွေးနွေးမှာကြားပြီး အစည်းအဝေးကိုရုပ်သိမ်းလိုက်သည်။

ကြည့်ရှုစစ်ဆေး

အစည်းအဝေးအပြီးတွင်နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်နှင့်အဖွဲ့ဝင်များသည် ကန်တော်ကြီးဥယျာဉ်ပတ်ဝန်းကျင် အဆင့်မြင့်တည်ဆောက်ရေး လုပ်ငန်းများဖြစ်သည့် Relaxation Zoneရှိ Elephant Plaza တည်ဆောက်မှုလုပ်ငန်း၊Education Zoneရှိ ပန်းမန်သစ်ပင်ပျိုးပင် အရောင်းဆိုင်များ၊ စိုက်ပျိုးရေး ပညာပေးပြကွက်များ၊ သစ်ခွခြံနှင့် ငါးပြတိုက်တည်ဆောက်မှုလုပ်ငန်း၊ Central Forest Zoneရှိ Water Fountain တည်ဆောက်နေမှုနှင့် သာယာလှပရေးလုပ်ငန်းများ၊ Recreation Zoneရှိ စားသောက်ဥယျာဉ်နှင့် မြန်မာ့လက်မှုပစ္စည်းအရောင်းဆိုင်များ တည်ဆောက်မှုလုပ်ငန်းများနှင့် Relaxation Zoneရှိ ပန်းကန်လုံးကျွန်း၏ အဆင့်မြင့်တည်ဆောက်ရေးလုပ်ငန်းများကိုလှည့်လည်ကြည့်ရှုစစ်ဆေးပြီး နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်က လုပ်ငန်းဆိုင်ရာ လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

ပါရမီခုံးကျော်တံတား

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားက တာဝန်ယူဆောင်ရွက်လျက်ရှိသည့် ပါရမီခုံးကျော်တံတားတည်ဆောက်ရေး စီမံကိန်းလုပ်ငန်းခွင်သို့ ရောက်ရှိကြရာ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း၊ ဒုတိယဝန်ကြီးများဖြစ်ကြသော သူရဦးသောင်းလွင်နှင့် ဦးဖေသန်းနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ရှေးဦးစွာစီမံကိန်းရှင်းလင်းဆောင်၌ ရထားပို့ဆောင်ရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းက ပါရမီခုံးကျော်တံတားတည်ဆောက်ရေးစီမံကိန်းလုပ်ငန်းဆိုင်ရာ အချက်အလက်များ၊ တည်ဆောက်ရေးလုပ်ငန်းများ သတ်မှတ်ချိန်ထက် စောပြီးပြီးစီးအောင် ဆောင်ရွက်နေမှုအခြေအနေကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖေသန်းက ပါရမီခုံးကျော်တံတား၏ ပင်မတံတားတိုင်လုပ်ငန်းများပြီးစီးနေမှု၊ ကွန်ကရစ်ရက်မလောင်းခြင်း/တင်ခြင်းလုပ်ငန်းပြီးစီးနေမှု၊ ကြမ်းခင်းခြင်းလုပ်ငန်း၊ ပလက်ဖောင်းနှင့် လက်ရန်းလုပ်ငန်းများဆောင်ရွက်ရန် စီစဉ်နေမှုအပါအဝင် ပင်မတံတားလုပ်ငန်း၊ ချဉ်းကပ်လမ်းလုပ်ငန်းများဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က လိုအပ်သည်များကို မှာကြားသည်။

ယင်းနောက်နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ပင်မတံတား တည်ဆောက်ရေး လုပ်ငန်းများကို သွားရောက်ကြည့်ရှု စစ်ဆေးပြီး လုပ်ငန်းခွင်မှ ညနေပိုင်းတွင် ပြန်လည်ထွက်ခွာသွားသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးဆိုင်ရာ ဆောင်ရွက်ချက်များနှင့် စပ်လျဉ်းသည့် သတင်းစာရှင်းလင်းပွဲတွင် မြန်မာနိုင်ငံ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ အဖွဲ့ဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်မှူးချုပ်ကျော်သိန်းက သတင်းစာဆရာများ၏ မေးမြန်းချက်များကို ပြန်လည်ရှင်းလင်းဖြေကြားစဉ်။
(သတင်းစဉ်)

မြန်မာနိုင်ငံမူးယစ်ဆေးဝါးတိုက်ဖျက်ရေးဆိုင်ရာ ဆောင်ရွက်ချက်များနှင့်စပ်လျဉ်းသည့်သတင်းစာရှင်းလင်းပွဲကျင်းပ

ရန်ကုန် ဇွန် ၂၆

မြန်မာနိုင်ငံ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့၏ မြန်မာနိုင်ငံမူးယစ်ဆေးဝါးတိုက်ဖျက်ရေးဆိုင်ရာ ဆောင်ရွက်ချက်များနှင့်စပ်လျဉ်းသည့် သတင်းစာရှင်းလင်းပွဲ တစ်ရပ်ကို ယနေ့ နံနက်၁၀နာရီခွဲတွင် ရန်ကုန်မြို့ ကမာရွတ်မြို့နယ် ကျွန်းတောလမ်းနှင့် ဟံသာဝတီလမ်းထောင့်ရှိ မြန်မာနိုင်ငံ မူးယစ်ဆေးဝါးပပျောက်ရေးအထိမ်းအမှတ် ပြတိုက်အုပ်ချုပ်မှုအဆောင် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ယင်းသတင်းစာ ရှင်းလင်းပွဲသို့ မြန်မာနိုင်ငံ မူးယစ်ဆေးဝါးနှင့်စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ အတွင်းရေးမှူး မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်ဗိုလ်မှူးချုပ်ခင်ရီနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဌာနချုပ်မှ တာဝန်ရှိသူများ၊ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဗိုလ်မှူးကြီးစိုးဝင်းနှင့် သတင်းနှင့် ပြန်ကြားရေးဆိုင်ရာတာဝန်ရှိသူများ၊ ဝန်ကြီးဌာနအသီးသီးမှတာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံ နိုင်ငံခြားသတင်းထောက်များ အသင်းနာယက၊ အသင်းဥက္ကဋ္ဌနှင့် အသင်းဝင် သတင်းထောက်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ပဏာမရှင်းလင်း

ရှေးဦးစွာ မြန်မာနိုင်ငံမူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ရုံး ညွှန်ကြားရေးမှူး (နိုင်ငံတကာဆက်ဆံရေး) ရဲမှူးကြီးစစ်အေးက အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့်တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အခမ်းအနားနှင့် ဖမ်းဆီးရမိသည့် မူးယစ်ဆေးဝါးများ(၁၈)ကြိမ်မြောက် မီးရှို့ဖျက်ဆီးသည့် အခမ်းအနား ရန်ကုန်မြို့၌ ကျင်းပခြင်းနှင့်စပ်လျဉ်း၍ ပဏာမရှင်းလင်းပြောကြားသည်။

ရှင်းလင်းဖြေကြား

ယင်းနောက် တက်ရောက်လာကြသည့် သတင်းစာဆရာများ၏ မြန်မာနိုင်ငံ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးဆိုင်ရာ ဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ မေးမြန်းချက်များကို မြန်မာနိုင်ငံ မူးယစ်ဆေးဝါးနှင့်စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ အဖွဲ့ဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်မှူးချုပ်ကျော်သိန်း၊ တွဲဖက်အတွင်းရေးမှူး ရဲမှူးကြီးခမ်းအောင်၊ မူးယစ်ဗဟိုအဖွဲ့ရုံး ညွှန်ကြားရေးမှူး ရဲမှူးကြီးစစ်အေး၊ ရဲမှူးကြီးတင်မောင်ဌေး၊ UNODC မှ ဌာနေကိုယ်စားလှယ် Mr. Jean Luc Lemahieuနှင့် ဌာနဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များက ပြန်လည်ရှင်းလင်းဖြေကြားကြပြီး သတင်းစာရှင်းလင်းပွဲကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

၂၀၀၄ခုနှစ် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်း ဝယ်မှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ်ဟောပြောပွဲကို ဇွန် ၂၅ ရက်က ရန်ကင်းပညာရေးကောလိပ်လေ့ကျင့်ရေးအလယ်တန်းကျောင်း၌ကျင်းပရာ မြန်မာနိုင်ငံ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ရုံး ညွှန်ကြားရေးမှူး ရဲမှူးကြီး စစ်အေး ဟောပြောစဉ်။ (က-ပ)

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး မြန်မာတစ်နိုင်ငံတည်းကြိုးပမ်း၍မအောင်မြင်နိုင် မူးယစ်ဆေးဝါးပပျောက်ရေးအိမ်နီးချင်းနိုင်ငံများ၏ပူးပေါင်းဆောင်ရွက်မှုပိုမိုတိုးမြှင့်လာ

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဖမ်းဆီးရမိသည့် မူးယစ်ဆေးဝါးများ (၁၈)ကြိမ်မြောက် မီးရှို့ဖျက်ဆီးပွဲ အခမ်းအနားသို့ တက်ရောက်စဉ်နှင့် မြန်မာနိုင်ငံ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ အတွင်းရေးမှူး မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီက ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

■ ရှေ့ဖုံးမှ

အဆိုပါအခမ်းအနားသို့ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေ၊ မြန်မာနိုင်ငံ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင်၊ ဗဟိုအဖွဲ့ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသည့် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင်နှင့် နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့်စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးကြီး သိန်းညွန့်၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ရန်ကုန်မြို့တော်ဝန်၊ ဒုတိယ ဝန်ကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများ၊ စစ်သံမှူးများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများမှ ဌာနေ ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်ဌာနဆိုင်ရာ အကြီးအကဲများ၊ မြန်မာနိုင်ငံ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ဝင်များ၊ လုပ်ငန်းအဖွဲ့များမှ အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ အရာရှိကြီးများ၊ လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်ပြန်ကြားရေးဆိုင်ရာ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ နိုင်ငံခြားသတင်းထောက်များ အသင်းနာယက၊ အသင်းဥက္ကဋ္ဌနှင့် အဖွဲ့ဝင်သတင်းထောက်များ၊ ဖိတ်ကြားထားသည့် ပြည်ပသတင်းဌာနများ၊ အသံလွှင့်ဌာနများမှ သတင်းထောက်များ၊ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ဝတ္ထုတို၊ ဆောင်းပါး၊ တေးသီချင်း၊ ကဗျာ၊ ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ ကွန်ပျူတာပန်းချီ၊ ကွန်ပျူတာပိုစတာနှင့် ဓာတ်ပုံပြိုင်ပွဲများမှ ဆုရရှိကြသူများနှင့် အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဖတ်ကြားတင်ပြ

အခမ်းအနားတွင် အခမ်းအနားမှူးများအဖြစ် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်မှ ဒုတိယရဲအုပ် ခင်နုကြည်နှင့် ဒုတိယရဲအုပ် စန္ဒာပပဝင်းတို့က ဆောင်ရွက်ကြပြီး အခမ်းအနားအစီအစဉ်များကို ဖတ်ကြားတင်ပြကြသည်။

(၃၂)ကြိမ်ဖျက်ဆီးခဲ့

အစီအစဉ်အရ မြန်မာနိုင်ငံမူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ အတွင်းရေးမှူး မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်ဗိုလ်မှူးချုပ်ခင်ရီက ရှင်းလင်းတင်ပြရာတွင် ယနေ့ကျင်းပသော အခမ်းအနားသည် ကမ္ဘာ့လူသားမျိုးနွယ်အားလုံးကိုလူညွန့်တုံးစေသည့် မူးယစ်ဆေးဝါးများကို မီးရှို့ဖျက်ဆီးသည့် အခမ်းအနားဖြစ်၍ မြန်မာနိုင်ငံသည် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးလုပ်ငန်းကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် ခံယူပြီး အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်ဆိုသည်ကို ဧည့်သည်တော်ကြီးများ ထင်ထင်ရှားရှားတွေ့မြင်ရမှာဖြစ်ကြောင်း၊ ၁၉၉၀ ပြည့်နှစ်ကစပြီး ရန်ကုန်မြို့၌ မူးယစ်ဆေးဝါးများကိုအခမ်းအနားအဖြစ် မီးရှို့ဖျက်ဆီးခဲ့သည်မှာ ယခုအကြိမ်ဆိုလျှင်(၁၈)ကြိမ်မြောက်ဖြစ်ကြောင်း၊ ရန်ကုန်မြို့၌သာမက နယ်စပ်ဒေသများနှင့်အခြားမြို့များမှာလည်း ဖမ်းဆီးရမိသော မူးယစ်ဆေးဝါးများနှင့် ဓာတုပစ္စည်းများအပြင် ဘိန်းမျိုးစေ့များကိုပါ မီးရှို့ဖျက်ဆီးခဲ့သည်မှာ (၃၂)ကြိမ်ရှိပြီဖြစ်ကြောင်း။

မူးယစ်ဆေးဝါးပပျောက်သွားအောင် ယခုကဲ့သို့ တားဆီးနှိမ်နင်းရေးကဏ္ဍများသာမကဘဲ စိုက်ပျိုးထုတ်လုပ်မှုကိုလည်း လျော့ချပပျောက်သွားစေရန် ၁၅နှစ်စီမံကိန်းကို ၁၉၉၉–၂၀၀၀ပြည့်နှစ်ကစတင်ဆောင်ရွက်ခဲ့သည်မှာ ယခုဆိုလျှင် ပထမငါးနှစ်ကာလကုန်လွန်ခဲ့ပြီဖြစ်ကြောင်း၊ ပထမငါးနှစ်ကာလအတွင်း လုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှုများ၊ ဘိန်းစိုက်ပျိုးထုတ်လုပ်မှု လျော့နည်းကျဆင်းလာမှုများအပေါ် သုံးသပ်ကြည့်မည်ဆိုပါက နိုင်ငံတော်အစိုးရ၏ သန္နိဋ္ဌာန်စိတ်ဖြင့် အကောင်အထည်ဖော်ခြင်း၊ တက်ကြွစွာကွပ်ကဲကြပ်မတ်ဖြည့်ဆည်းဆောင်ရွက်ပေးခြင်း၊ ဒေသအာဏာပိုင်များ၊ ဒေသခံတိုင်းရင်းသားခေါင်းဆောင်များ၊ တိုင်းရင်းသားပြည်သူများက တက်ကြွစွာပူးပေါင်းဆောင်ရွက်ခဲ့ကြခြင်း၊ နိုင်ငံတော် အစိုးရ၏နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း ဒေသ ၂၄ ခုနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ် ငါးရပ်စီမံကိန်းများကြောင့် နယ်စပ်ဒေသတိုင်းရင်းသားပြည်သူများ၏ လူနေမှုဘဝ တိုးတက်မြင့်မားလာခြင်းတို့ကြောင့် မူးယစ်ဆေးဝါးပပျောက်ရေး ၁၅ နှစ် စီမံကိန်း၏ ပထမငါးနှစ်စီမံကိန်း ရည်မှန်းချက်များအတိုင်း အကောင်အထည်ဖော်နိုင်ခဲ့သည်ကို သုံးသပ်တွေ့ရှိရကြောင်း။

ပန်းတိုင်သစ်စီမံကိန်း

ဒုတိယငါးနှစ်စီမံကိန်းအောင်မြင်ရေးကိုလည်း မူလလုပ်ငန်းတာဝန်ကြီးများဖြစ်သည့် ထုတ်လုပ်မှုပပျောက်ရေး၊ သုံးစွဲမှုပပျောက်ရေး၊ တားဆီးနှိမ်နင်းရေး၊ ပြည်သူလူထုပူးပေါင်းပါဝင်ရေး၊ နိုင်ငံတကာနှင့်ပူးပေါင်းဆောင်ရွက်ရေးစသည့် လုပ်ငန်းစဉ်တို့ကိုလည်း ၁၅နှစ်စီမံကိန်းရည်မှန်းချက်များအတိုင်း အောင်မြင်အောင် အစွမ်းကုန်ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်ကို တင်ပြလိုကြောင်း၊ ပထမငါးနှစ်ကာလအတွင်းရရှိခဲ့သည့် အောင်မြင်မှုများ၊ တွေ့ကြုံရသည့် အခက်အခဲများအပေါ်အခြေခံပြီး လာမည့်ဒုတိယငါးနှစ်အတွက် အကောင်းဆုံးဖြစ်အောင် ဆောင်ရွက်သွားရန်စီမံထားရှိပြီးဖြစ်ကြောင်း။ ဘိန်းစိုက်ပျိုးမှုလျော့နည်းပပျောက်စေရေးအတွက် ၁၅နှစ်စီမံကိန်း၏ အစိတ်အပိုင်းတစ်ရပ်အနေဖြင့် ပန်းတိုင်သစ်စီမံကိန်းကိုလည်း ၂၀၀၂ ခုနှစ် ဧပြီလကစပြီး အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါကြောင်း။

ဘိန်းထုတ်လုပ်မှုကျဆင်း

UNODC မှ ထုတ်ပြန်သည့် အစီရင်ခံစာတွင် မြန်မာနိုင်ငံ၏ ဘိန်းစိုက်ပျိုးမှုသည် ၂၀၀၃ ခုနှစ်အတွင်း ၂၄ရာခိုင်နှုန်း ကျဆင်းခဲ့ပြီး ထုတ်လုပ်မှုအနေဖြင့် မက်ထရစ်တန် ၈၁၀ ရှိခဲ့ကြောင်း၊ အမေရိကန်နိုင်ငံမှထုတ်ပြန်သည့် အစီရင်ခံစာတွင်လည်း ၂၀၀၃ ခုနှစ်အတွင်း ဘိန်းစိုက်ပျိုးမှု ၃၉ ရာခိုင်နှုန်း ကျဆင်းခဲ့ပြီး ထုတ်လုပ်မှုအနေဖြင့် ၄၈၄ မက်ထရစ်တန်ရှိကြောင်း ဖော်ပြထားသည်ကို တွေ့ရမှာဖြစ်ကြောင်း၊ ၂၀၀၄ ခုနှစ်အတွင်း အမေရိကန်နိုင်ငံ၊ UNODC တို့နှင့် ဘိန်းစိုက်ပျိုးထုတ်လုပ်မှု တိုင်းတာရေးလုပ်ငန်းများဆက်လက်ဆောင်ရွက်ခဲ့ကြပြီး လက်တွေ့ကွင်းဆင်းဆောင်ရွက်မှုများအရ ယခု ၂၀၀၄ ခုနှစ်အတွင်းမှာလည်း မြန်မာနိုင်ငံ၏ ဘိန်းစိုက်ပျိုးထုတ်လုပ်မှုဆက်လက်လျော့နည်းကျဆင်းဖွယ်ရာရှိသည်ကို သုံးသပ်တွေ့ရှိနေရပြီဖြစ်ကြောင်း၊ အမေရိကန်နိုင်ငံနှင့်ပူးပေါင်းပြီး ဘိန်းထွက်နှုန်းတိုင်းတာရေးလုပ်ငန်းများ နှစ်စဉ်ဆောင်ရွက်ခဲ့ရာတွင် ၁၉၉၆ခုနှစ်ကတိုင်းတာရရှိခဲ့သည့် စာရင်းနှင့် ၂၀၀၃ ခုနှစ်တိုင်းတာရရှိသည့်စာရင်းများ နှိုင်းယှဉ်ကြည့်မည်ဆိုပါက မြန်မာနိုင်ငံတွင် ရှစ်နှစ်အတွင်း

ဖမ်းဆီးရမိသည့် မူးယစ်ဆေးဝါးများ (၁၈)ကြိမ်မြောက် မီးရှို့ဖျက်ဆီးပွဲအခမ်းအနားတွင် မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများ၊ စစ်သံမှူးများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များနှင့်တာဝန်ရှိသူများက မူးယစ်ဆေးဝါး အာနိသင်ပါသော ချောင်းဆိုးပျောက်ဆေးရည်ပုလင်းများကို ဖျက်ဆီးပေးကြစဉ်။ (မြန်မာ့အလင်း)

ဘိန်းစိုက်ပျိုးမှု ၇၁ရာခိုင်နှုန်းထိ လျော့နည်းကျဆင်းသွားပြီး ဘိန်းထုတ်လုပ်မှုအနေဖြင့်လည်း ရှစ်နှစ်အတွင်း ၈၁ရာခိုင်နှုန်းထိ လျော့နည်းကျဆင်းသွားသည်ကို သုံးသပ်တွေ့ရှိရမှာ ဖြစ်ကြောင်း။

မြန်မာနိုင်ငံအတွင်း ဘိန်းစိုက်ပျိုးထုတ်လုပ်မှုကို လျှော့ချနိုင်ခဲ့သော်လည်း တစ်ဖက်တွင်စိတ်ကြွရူးသွပ် ဆေးပြားအန္တရာယ်ခြိမ်းခြောက်လာမှုကို တွေ့ရကြောင်း၊ သို့ရာတွင် ၂၀၀၂ခုနှစ် မှယနေ့အထိ စိတ်ကြွရူးသွပ်ဆေးပြားဖမ်းဆီးရမိမှု ပြန်လည်ကျဆင်းလာသည်ကို တွေ့ရကြောင်း။

အသိပေးပြောကြားလို

စိတ်ကြွရူးသွပ်ဆေးပြားများထုတ်လုပ်ရန် လိုအပ်သည့်ဓာတုပစ္စည်းများ ဖမ်းဆီးရမိမှုအနေဖြင့် ၂၀၀၁ခုနှစ်တွင် လစ်တာတစ်သိန်းရှစ်သောင်းကျော်ခန့်၊ ၂၀၀၂ခုနှစ်တွင် လစ်တာနှစ်သိန်း ကိုးထောင်ကျော်နှင့် ၂၀၀၃ခုနှစ်အတွင်း လစ်တာ သုံးသောင်းကိုးထောင်ကျော်ဖမ်းဆီးရမိခဲ့ကြောင်း၊ ၂၀၀၄ခုနှစ် ဧပြီလအထိဓာတုဆေးရည် လစ်တာတစ်သောင်းလေးထောင်ကျော်ဖမ်းဆီးရမိခဲ့ကြောင်း၊ စိတ်ကြွရူးသွပ်ဆေးပြားချက်လုပ်ရာတွင်အသုံးပြုသည့် အက်ဖီဒရင်း၊ ကေဖင်းနှင့် ဓာတုပစ္စည်းများသည် မြန်မာနိုင်ငံမှာ ထုတ်လုပ်ခြင်းမဟုတ်ကြောင်း၊ အိမ်နီးချင်းနိုင်ငံများက တရားမဝင်မှောင်ခိုသယ်ဆောင်လာခြင်းဖြစ်ကြောင်း၊ အိမ်နီးချင်းနိုင်ငံများအနေနှင့်လည်း ဓာတုပစ္စည်းများ တရားမဝင်လမ်းကြောင်းသို့ ရောက်ရှိမသွားအောင် တားဆီးကာကွယ်ထိန်းချုပ်ဆောင်ရွက်လျက်ရှိနေသည်ကို မိမိနိုင်ခဲ့သည့်အပြင် ၂၀၀၄ ခုနှစ် ဖေဖော်ဝါရီလအတွင်းက မူးယစ်တရားခံသုံးဦး၊ ဇွန်လအတွင်း ကိုးဦးကို ထပ်မံလွှဲပြောင်းပေးနိုင်ခဲ့သဖြင့် ၂၀၀၁ ခုနှစ်မှ ယနေ့အထိ အိမ်နီးချင်းတရုတ်နိုင်ငံသို့ မူးယစ်ဆေးဝါးအမှုနှင့် ပတ်သက်သည့် တရားခံ ၃၅ ဦးကို (၁၃)ကြိမ် လွှဲအပ်ခဲ့ပြီးဖြစ်ကြောင်း။

အရေးထားထိန်းချုပ်

တစ်ဖက်တွင်လည်း မြန်မာ-အိန္ဒိယ နှစ်နိုင်ငံမူးယစ်ဆေးဝါးထိန်းချုပ်ရေးပူးပေါင်းဆောင်ရွက်ရန် သဘောတူညီချက်အရ ဗဟိုအဆင့်သာ မကဘဲ အောက်ခြေအဆင့် အစည်းအဝေးများ ပုံမှန်ကျင်းပပြီး ပူးပေါင်းဆောင်ရွက်မှုများနှစ်စဉ် တိုးမြှင့်ဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုကြောင့် ဓာတုပစ္စည်းများသာမက ဖင်ဆီဒိုင်း ဖမ်းဆီးရမိမှုမှာလည်း နှစ်စဉ်လျော့နည်း ကျဆင်းလာသည်ကို တွေ့ရကြောင်း၊ ၂၀၀၃ ခုနှစ်တွင် ဖင်ဆီဒိုင်းဆေးရည် ၇၄ လစ်တာခန့် ဖမ်းဆီးရမိခဲ့ပြီး ယခုနှစ်မေလအထိဆိုလျှင် ဖင်ဆီဒိုင်းဆေးရည် ၂၃ လစ်တာခန့်သာ ဖမ်းဆီးရမိခဲ့သည်ကို တွေ့ရကြောင်း၊ ထို့အပြင် ဖင်ဆီဒိုင်းမှာ ပါဝင်သည့် Codeine ကို အခြားဓာတုပစ္စည်းနှင့် အစားထိုး ထုတ်လုပ်သွားရေးကိုလည်း အိန္ဒိယနိုင်ငံဘက်က အရေးထား ထိန်းချုပ်ဆောင်ရွက်လာသည်ကို တွေ့ရကြောင်း။

အိမ်နီးချင်းနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်မှု ရလဒ်များအရ နယ်စပ်ဒေသများတွင် မူးယစ်ဆေးဝါးဂိုဏ်းများနှင့် မူးယစ်ဆေးဝါးရောင်းဝယ်သူများ၏

ဖမ်းဆီးရမိသည့် မူးယစ်ဆေးဝါးများ (၁၈)ကြိမ်မြောက် မီးရှို့ဖျက်ဆီးပွဲ အခမ်းအနားတွင် မြန်မာနိုင်ငံ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီး တင်လှိုင်၊ မြန်မာနိုင်ငံဆိုင်ရာ သံတမန်အဖွဲ့နာယက စင်ကာပူ သမ္မတနိုင်ငံ သံအမတ်ကြီး Mr. Simon Tensing de Cruz၊ ဂျပန်နိုင်ငံ သံအမတ်ကြီး Mr. Yuji Miyamoto နှင့် ထိုင်းနိုင်ငံ သံအမတ်ကြီး Mr. Suphot Dhiravaosal တို့က စက်ခလုတ်နှိပ်၍ ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများကို မီးရှို့ဖျက်ဆီးကြစဉ်။ (သတင်းစဉ်)

ခရိုင်၊ ကော့သောင်းခရိုင်နှင့် မြဝတီခရိုင်များကို မူးယစ်ဆေးဝါးကင်းမဲ့ဒေသဖြစ်စေရေးအတွက် ကြိုးပမ်းတည်ဆောက်နေခြင်းပင်ဖြစ်ကြောင်း။

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးနှင့်ပတ်သက်ပြီး မြန်မာနိုင်ငံ တစ်နိုင်ငံတည်း ကြိုးပမ်းဆောင်ရွက်၍ မအောင်မြင်နိုင်ကြောင်းကို သဘောပေါက်ခံယူထားသည့်အတွက် အိမ်နီးချင်းနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်သည့် မျက်နှာစာကိုဖွင့်ပြီး နှစ်နိုင်ငံချင်း၊ သုံးနိုင်ငံချင်းနှင့် ဒေသခွဲအတွင်း နိုင်ငံများပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း။

အားသွန်ခွန်စိုက်ကြိုးပမ်း

ဤနေရာတွင် ဧည့်သည်တော်များနှင့် နိုင်ငံတကာကို အသိပေးပြောကြားလိုသည်မှာ မြန်မာနိုင်ငံသည် နိုင်ငံတကာအကူအညီအထောက်အပံ့ မရရှိခဲ့သော်လည်း မူးယစ်ဆေးဝါးပပျောက်ရေးကို နိုင်ငံတော်အကြီးအကဲများမှ ချမှတ်ထားသော လမ်းညွှန်ချက်၊ မဟာဗျူဟာ၊ နည်းဗျူဟာများကို လိုက်နာကျင့်သုံးလျက် ကိုယ့်အားကိုယ်ကိုးပြီး အားသွန်ခွန်စိုက်ကြိုးပမ်း ဆောင်ရွက်နေခြင်းပင်ဖြစ်ကြောင်း။

နိဂုံးချုပ်အနေဖြင့် တင်ပြလိုသည်မှာ ယခုကဲ့သို့ မြန်မာနိုင်ငံ ရန်ကုန်မြို့၌ ဖမ်းဆီးရမိခဲ့သည့် မူးယစ်ဆေးဝါးများကို မီးရှို့ခဲ့သည့် အကြိမ်ပေါင်း(၁၈)ကြိမ်ရှိပြီဖြစ်ကြောင်း၊ ယနေ့ဖျက်ဆီးသည့် မူးယစ်ဆေးဝါးများအနက် အချို့ကို ဖော်ပြရမည်ဆိုလျှင်-

တို့သိရှိပါကြောင်း၊ သို့သော် မသမာသူများက နည်းမျိုးစုံသုံးပြီး မြန်မာနိုင်ငံအတွင်းသို့ တင်သွင်းနေကြောင်း၊ ထို့ကြောင့် ဓာတုပစ္စည်းထိန်းချုပ်ရေးကို အရေးတကြီးဆောင်ရွက်နေသည်ဟု အလေးအနက်ထား အသိပေးပြောကြားလိုကြောင်း။

မူးယစ်ဆေးဝါးပပျောက်ရေးနှင့် ပတ်သက်ပြီး အိမ်နီးချင်းနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်မှုများကို ယခုနှစ်ပိုင်းတွင် ပိုမိုတိုးမြှင့်ဆောင်ရွက်လာနိုင်သကဲ့သို့ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုများကိုလည်း ပိုမိုတိုးမြှင့်ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ မြန်မာ-တရုတ်နှစ်နိုင်ငံ နယ်စပ်ဒေသဆက်ဆံရေးရုံးများကို ကချင်ပြည်နယ်၊ လွယ်ဂျယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)ချင်းရွှေဟော်တွင် ဖွင့်လှစ်ထားရှိသကဲ့သို့ မြန်မာ-ထိုင်းနယ်စပ်ဒေသဆက်ဆံရေးရုံးများကို မြဝတီနှင့် တာချီလိတ်မြို့များတွင် ဖွင့်လှစ်နိုင်ခဲ့ပြီးဖြစ်ကြောင်း၊ မြန်မာ-လာအို နှစ်နိုင်ငံနယ်စပ်ဒေသဆက်ဆံရေးရုံးကိုလည်း တာချီလိတ်မြို့တွင် ဖွင့်လှစ်နိုင်ခဲ့ကြောင်း၊ ထိုင်းနိုင်ငံနှင့်ပိုမိုပူးပေါင်းဆောင်ရွက်နိုင်ရန် ကော့သောင်းမြို့နှင့် တာချီလိတ်ခရိုင် ဝမ်ပုံ၊ ဝမ်ကျင်းတို့တွင် နယ်စပ်ဒေသဆက်ဆံရေးရုံးများ ထပ်မံဖွင့်လှစ်နိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း။

တရုတ်နိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်မှုအနေဖြင့် ၂၀၀၃ခုနှစ် ဒီဇင်ဘာလအတွင်းက တရုတ်နိုင်ငံသား မူးယစ်တရားခံသုံးဦးကို လွှဲပြောင်းပေးအပ်လှုပ်ရှားမှုများ လျော့နည်းလာခဲ့သည်ကို တွေ့ရကြောင်း၊ ဒေသခွဲအတွင်း အိမ်နီးချင်းထိုင်းနိုင်ငံ၏ ပေါ်လွင်ထင်ရှားသည့် ဆောင်ရွက်ချက်သည် မိမိတို့နိုင်ငံ၏ မူးယစ်ဆေးဝါးပပျောက်ရေး ကြိုးပမ်းချက်ကို တိုက်ရိုက်အထောက်အပံ့ဖြစ်စေသည့်အတွက် မိမိတို့ဘက်ကလည်း အစွမ်းကုန်တိုးမြှင့် ဆောင်ရွက်လျက်ရှိကြောင်း။

၂၀၀၃ခုနှစ်အတွင်းထူးခြားသည့် ဆောင်ရွက်ချက်အနေဖြင့် မြန်မာနိုင်ငံ မူးယစ်ဆေးဝါးပပျောက်ရေးအတွက် ထိုင်းနိုင်ငံနယ်စပ်များဖြစ်သည့် တာချီလိတ်

ဖမ်းဆီးရမိသည့် မူးယစ်ဆေးဝါးများ (၁၈)ကြိမ်မြောက် မီးရှို့ဖျက်ဆီးပွဲ အခမ်းအနားတွင် မီးရှို့ဖျက်ဆီးမည့် မူးယစ်ဆေးဝါးများကို တွေ့ရစဉ်။ (သတင်းစဉ်)

ဘိန်း	၇၁၀ ဒသမ ၄၉၇ ကီလို၊
ဘိန်းဖြူ	၃၅၃ ဒသမ ၇၅၄ ကီလို၊
ဆေးခြောက်	၉၉ ဒသမ ၀၂၅ ကီလို၊
စိတ်ကြွရူးသွပ်ဆေးပြား	၂၆၄၃၈၀၀ ပြား၊
စိတ်ကြွဆေးမှုန့်	၅၉ ဒသမ ၈၆၅ ကီလို၊
အက်ဖီဒရင်းဆေးမှုန့်	၂၃၂ ဒသမ ၅၃၅ ကီလို၊
ဒိုင်ယာဇီပမ်ဆေးပြား	၁၀၁၀ပြားတို့ ဖြစ်ကြောင်း။

ဖမ်းဆီးရမိသည့် မူးယစ်ဆေးဝါးများ (၁၈)ကြိမ်မြောက် မီးရှို့ဖျက်ဆီးပွဲ အခမ်းအနားတွင် မီးရှို့ဖျက်ဆီးမည့် မူးယစ်ဆေးဝါးများကို တွေ့ရစဉ်။ (သတင်းစဉ်)

ယနေ့ဖျက်ဆီးမည့် မူးယစ်ဆေးဝါးများ၏တန်ဖိုးသည် အမေရိကန်နိုင်ငံလမ်းမပေါ်က လက်လီဈေးနှုန်းအရ တွက်မည်ဆိုလျှင် အမေရိကန်ဒေါ်လာသန်းပေါင်း ၂၄၇ သန်းကျော်ရှိသည်ကို တင်ပြလိုကြောင်း၊ ပထမအကြိမ်မှ ယခု (၁၈)ကြိမ်အထိ မီးရှို့ဖျက်ဆီးခဲ့သော မူးယစ်ဆေးဝါးများ၏ကာလတန်ဖိုးမှာ စုစုပေါင်း အမေရိကန်ဒေါ်လာသန်းပေါင်း ၁၄၄၅၂ သန်းကျော် ရှိကြောင်းကိုလည်း တင်ပြလိုကြောင်း။

ဖမ်းဆီးရမိသောမူးယစ်ဆေးဝါးများကို မီးရှို့ခြင်းမပြုမီ လက်တွေ့ စမ်းသပ်လေ့လာနိုင်ပါကြောင်း တစ်ဆက်တည်း ဖိတ်ခေါ်ကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

ဖျက်ဆီးပေး

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများ၊ စစ်သံမှူးများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများသည် မီးရှို့ဖျက်ဆီးမည့် မူးယစ်ဆေးဝါးများကို စမ်းသပ်စစ်ဆေးပြီး မူးယစ်ဆေးဝါးအာနိသင်ပါသော ချောင်းဆိုးပျောက်ဆေးရည်ပုလင်းများကို ဖျက်ဆီးပေးကြသည်။

စာမျက်နှာ ၁၀ ကော်လံ ၁

အဘိဓမ္မာအခါတော်နေ့ ကျူးရင့်သံများပြန့်ချိ

ရန်ကုန် ဇွန် ၂၆

အဘိဓမ္မာခုနစ်ကျမ်း ပါဠိတော် ကောက်နုတ်ချက်များနှင့် အဘိဓမ္မာ ပြန့်ပွားရေးအသင်းကြီး၏ ဩဝါဒါစရိယ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက တိပိဋကရေ ဓမ္မဘဏ္ဍာဂါရိက မင်းကွန်းဆရာတော် ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ မဟာထေရ် ရေးသားချီးမြှင့်သည့် အဘိဓမ္မာအခါတော်နေ့ ကျူးရင့်သံစာအုပ်များကို ကိုယ်တိုင်လာရောက်ထုတ်ယူလိုသော အသင်းခွဲများသည် ဆူးလေစေတီတော်ရင်ပြင်ရှိ အဘိဓမ္မာပြန့်ပွားရေးအသင်းရုံးခွဲတွင် ရုံးချိန်အတွင်း လာရောက်ထုတ်ယူနိုင်သည်။**(က-ပ)**

သားငါးပွံ့ပြိုး ပြည်အကျိုး

မြန်မာနိုင်ငံအိုလံပစ်ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီးခင်ညွန့် အပြည်ပြည်ဆိုင်ရာအိုလံပစ်နေ့အထိမ်းအမှတ် မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌဖလား ဝန်ကြီးဌာနပေါင်းစုံမြားပစ်ပြိုင်ပွဲသို့တက်ရောက်၊ ဆုတံဆိပ်နှင့်ဆုငွေများချီးမြှင့်

ချီးမြှင့်

မြန်မာနိုင်ငံအိုလံပစ်ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ၂၀၀၄ခုနှစ် အပြည်ပြည်ဆိုင်ရာ အိုလံပစ်နေ့အထိမ်းအမှတ် မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌဖလား ဝန်ကြီးဌာနပေါင်းစုံ မြားပစ်ပြိုင်ပွဲ အမျိုးသားတံခွန်စိုက်ဆုပူးတွဲရရှိကြသော ကာကွယ်ရေးဝန်ကြီးဌာနနှင့် ပြည်ထဲရေးဝန်ကြီးဌာနအား ဆုတံဆိပ်နှင့် ဆုငွေများ ချီးမြှင့်စဉ်။ (သတင်းစဉ်)

ရန်ကုန် ဇွန် ၂၆

မြန်မာနိုင်ငံအိုလံပစ်ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေ၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ရန်ကုန်မြို့တော်ဝန်၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ လိုက်ပါလျက် ရန်ကုန်မြို့ တာမွေမြို့နယ် ကျိုက္ကဆံကွင်းရှိ မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ် မြားပစ်လေ့ကျင့်ရေးကွင်းသို့ နံနက် ၁၁နာရီခွဲတွင် ရောက်ရှိကြသည်။

နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီး ခင်ညွန့်နှင့် အဖွဲ့ဝင်များအား မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ ဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်သူရအေးမြင့်နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံအမျိုးသမီးအားကစားအဖွဲ့ချုပ်ဦးဆောင်နာယကအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ်နာယကများ၊ ဥက္ကဋ္ဌဒေါက်တာခင်ရွှေနှင့်အဖွဲ့ဝင်များက ကြိုဆိုကြသည်။

ကြည့်ရှုအားပေး

ရှေးဦးစွာ မြန်မာနိုင်ငံအိုလံပစ်ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များသည် မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌဖလားဝန်ကြီးဌာနပေါင်းစုံ မြားပစ်ပြိုင်ပွဲ အမျိုးသမီး(Recurve) တစ်ဦးချင်းပြိုင်ပွဲနှင့် အမျိုးသား (Compound)တစ်ဦးချင်းပြိုင်ပွဲ ပွဲစဉ်များကိုကြည့်ရှုအားပေးသည်။

ထို့နောက် ၂၀၀၄ ခုနှစ် အပြည်ပြည်ဆိုင်ရာ အိုလံပစ်နေ့ အထိမ်းအမှတ် အိုလံပစ်ကော်မတီဥက္ကဋ္ဌဖလား ဝန်ကြီးဌာနပေါင်းစုံ မြားပစ်ပြိုင်ပွဲ ဆုပေးပွဲ အစီအစဉ်ကိုကျင်းပရာ အစီအစဉ်အရ မြန်မာနိုင်ငံ အမျိုးသမီး အားကစားအဖွဲ့ချုပ် အလုပ်အမှုဆောင် ဒေါ်အယ်လ်ခွန်းရီက အမျိုးသမီး (Compound) တစ်ဦးချင်းပြိုင်ပွဲတွင် ပထမဆုရ ကေသီ(အားကစားဝန်ကြီးဌာန)၊ဒုတိယဆုရသီတာဝင်း(ရန်ကုန်/စည်ပင်)၊ တတိယဆုရ ယုနန္ဒာထိုက်(အားကစားဝန်ကြီးဌာန)တို့အား ဆုတံဆိပ်နှင့် ဆုငွေများကိုလည်းကောင်း၊ မြန်မာနိုင်ငံ အမျိုးသမီး အားကစားအဖွဲ့ချုပ် ဦးဆောင်နာယက ဒေါ်ခင်အေးက အမျိုးသမီး(Recurve) တစ်ဦးချင်းပြိုင်ပွဲတွင် ပထမဆုရ သင်းသင်းခိုင်(ပြည်ထဲရေးဝန်ကြီးဌာန)၊ ဒုတိယဆုရ စန်းယုခိုင်(အားကစားဝန်ကြီးဌာန)၊တတိယဆုရမအောင်ငိုမ်း(အားကစားဝန်ကြီးဌာန)တို့အား ဆုတံဆိပ်နှင့် ဆုငွေများကိုလည်းကောင်း၊ မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် ဦးဆောင်နာယက ဒေါ်နီလာသော်က အမျိုးသမီး(Recurve) အသင်းလိုက်ပြိုင်ပွဲတွင် ပထမဆုရ အားကစားဝန်ကြီးဌာန၊ ဒုတိယဆုရ ကာကွယ်ရေး ဝန်ကြီးဌာနတို့အား ဆုတံဆိပ်နှင့်ဆုငွေများကိုလည်းကောင်း အသီးသီးချီးမြှင့်ကြသည်။

ထို့နောက် ဝန်ကြီးချုပ်ရုံးဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေက အမျိုးသား (Compound) တစ်ဦးချင်းပြိုင်ပွဲတွင် ပထမဆုရ ပေါ်ဦး(ကာကွယ်ရေး)၊ ဒုတိယဆုရမျိုးအောင်သန်း(အားကစားဝန်ကြီးဌာန)၊ တတိယဆုရရဲမင်းဆွေ(ပြည်ထဲရေးဝန်ကြီးဌာန)တို့အား ဆုတံဆိပ်နှင့်ဆုငွေများကိုလည်းကောင်း၊ သမဝါယမဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ဌေးဦးက အမျိုးသား(Recurve) တစ်ဦးချင်းပြိုင်ပွဲတွင် ပထမဆုရ ဇော်မင်းထွန်း(ပြည်ထဲရေးဝန်ကြီးဌာန)၊ ဒုတိယဆုရ ထွန်းလင်းအောင်(ကာကွယ်ရေးဝန်ကြီးဌာန)၊ တတိယဆုရ ညီညီထွန်း(ကာကွယ်ရေးဝန်ကြီးဌာန) တို့အား ဆုတံဆိပ်နှင့် ဆုငွေများကိုလည်းကောင်း၊ မြန်မာနိုင်ငံ မြားပစ်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌဦးတင့်ဆန်းက အမျိုးသား (Recurve) အသင်းလိုက်ပြိုင်ပွဲတွင် ပထမဆုရ ပြည်ထဲရေးဝန်ကြီးဌာန၊ဒုတိယဆုရ ကာကွယ်ရေးဝန်ကြီးဌာန၊ တတိယဆုရ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီတို့အား ဆုတံဆိပ်နှင့် ဆုငွေများကိုလည်းကောင်း၊ မြန်မာနိုင်ငံအမျိုးသမီးအားကစားအဖွဲ့ချုပ် ဦးဆောင်နာယက မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ် ဦးဆောင်နာယက ဒေါ်ခင်လှလှက ပြိုင်ပွဲ၌ အတိုးတက်ဆုံး အမျိုးသမီးအားကစားသမားဆုရရှိသော ကေသီ(အားကစားဝန်ကြီးဌာန)အား ဆုတံဆိပ်နှင့် ဆုငွေများကိုလည်းကောင်း၊ မြန်မာနိုင်ငံ မြားပစ်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာခင်ရွှေက အတိုးတက်ဆုံး အမျိုးသားအားကစားသမားဆုရရှိသောမျိုးအောင်ဆန်း(အားကစားဝန်ကြီးဌာန)အား ဆုတံဆိပ်နှင့် ဆုငွေများကိုလည်းကောင်း၊ မြန်မာနိုင်ငံ အမျိုးသမီး အားကစားအဖွဲ့ချုပ် ဦးဆောင်နာယက ဒေါ်အေးအေးက အကောင်းဆုံး အမျိုးသမီးအားကစားသမားဆုရရှိသော သင်းသင်းခိုင်(ပြည်ထဲရေးဝန်ကြီးဌာန)အား ဆုတံဆိပ်နှင့် ဆုငွေများကိုလည်းကောင်း၊ အားကစားနှင့် ကာယပညာ ဦးစီးဌာနညွှန်ကြားရေးမှူးချုပ်ဦးသောင်းထိုက်က အကောင်းဆုံး အမျိုးသား အားကစားသမားဆုရရှိသော ဇော်မင်းထွန်း(ပြည်ထဲရေးဝန်ကြီးဌာန)အား ဆုတံဆိပ်နှင့် ဆုငွေများကိုလည်းကောင်း အသီးသီးချီးမြှင့်ကြသည်။

ဆက်လက်၍ မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်က အမျိုးသမီးတံခွန်စိုက်ဆုရရှိသော အားကစားဝန်ကြီးဌာနအသင်းအား ဆုတံဆိပ်နှင့်ဆုငွေများကို ချီးမြှင့်သည်။

ထို့နောက် မြန်မာနိုင်ငံ အိုလံပစ်ကောင်စီဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က အမျိုးသားတံခွန်စိုက်ဆု ပူးတွဲရရှိကြသော ကာကွယ်ရေးဝန်ကြီးဌာနနှင့် ပြည်ထဲရေးဝန်ကြီးဌာနတို့ကို ဆုတံဆိပ်နှင့် ဆုငွေများကို ချီးမြှင့်သည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ မြန်မာနိုင်ငံ အိုလံပစ်ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က မြန်မာ့လက်ရွေးစင် မြားပစ်အားကစားသမားများ၏ အိပ်ဆောင်၊ ထမင်းစားဆောင်နှင့် ရုံးခန်းများကို ကြည့်ရှုစစ်ဆေးသည်။

ပေးအပ်လှူဒါန်း

ထို့နောက် အားကစားဝန်ကြီးဌာနသို့ မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ် မြားပစ်အားကစားနည်း တိုးတက်အောင်မြင်ရေးအတွက် မြန်မာနိုင်ငံ မြားပစ်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာခင်ရွှေက အမေရိကန်ဒေါ်လာ၆၃၀၀၀ တန်ဖိုးရှိ လေးနှင့်မြားချောင်းနှင့် ဆက်စပ်ပစ္စည်းများကိုလည်းကောင်း၊ မြန်မာနိုင်ငံ မြားပစ်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးတင့်ဆန်းက ငွေကျပ်သိန်း ၁၄၆၀တန်ဖိုးရှိ အဆောက်အအုံ၊ အားကစားကွင်းနှင့်ပတ်သက်သော စာရွက်စာတမ်းများကိုလည်းကောင်း၊ မြန်မာနိုင်ငံ မြားပစ်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါက်တာဇော်ထွန်းက မြန်မာလက်ရွေးစင် မြားပစ်အားကစားသမားများ ဆေးဖိုးနှင့် ဆေးကုသစရိတ်၊ ပြိုင်ပွဲဆုချီးမြှင့်ခြင်းများအတွက် ငွေကျပ်သိန်း၃၀၀ ကိုလည်းကောင်း ပေးအပ်လှူဒါန်းကြရာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်ကလက်ခံပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ကျိုက္ကဆံကွင်းအတွင်း ဘောလုံးအကယ်ဒမီဖွင့်လှစ်ရန် စီစဉ်နေမှုနှင့် ဘောလုံးကွင်းများပြင်ဆင်မွမ်းမံနေမှုကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းခွင်မှ နံနက်ပိုင်းတွင် ပြန်လည်ထွက်ခွာသွားသည်။ **(သတင်းစဉ်)**

မှတ်သားဖွယ်ရာမိုးရေချိန်များ

၂၅-၆-၂၀၀၄

သထုံမြို့	**၂ ဒသမ ၅၂ လက်မ**
မြစ်ကြီးနားမြို့	**၃ ဒသမ ၃၉ လက်မ**
ဝမြို့	**၃ ဒသမ ၇၈ လက်မ**

စာမျက်နှာ ၉ မှ

စက်ခလုတ်နှိပ်

ထို့နောက် မြန်မာနိုင်ငံမူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးကြီးတင်လှိုင်၊ မြန်မာနိုင်ငံဆိုင်ရာ သံတမန်အဖွဲ့နာယက စင်ကာပူသမ္မတနိုင်ငံ သံအမတ်ကြီး Mr. Simon Tensing de Cruz၊ ဂျပန်နိုင်ငံ သံအမတ်ကြီး Mr. Yuji Miyamoto နှင့် ထိုင်းနိုင်ငံသံအမတ်ကြီး Mr. Suphot Dhirakaosalတို့က စက်ခလုတ်ကိုပြိုင်တူနှိပ်၍ ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများကို မီးရှို့ဖျက်ဆီးကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

အခမ်းအနားအပြီးတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ဖမ်းဆီးရမိသော မူးယစ်ဆေးဝါးများ (၁၈)ကြိမ်မြောက်မီးရှို့ဖျက်ဆီးပွဲ အခမ်းအနားသို့ တက်ရောက်လာကြသည့် သံအမတ်ကြီးများ၊ သံရုံးယာယီ တာဝန်ခံများ၊ စစ်သံမှူးများနှင့် ဧည့်သည်တော်များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ကြည့်ရှုစစ်ဆေး

အခမ်းအနားအပြီးတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များ၊ ဧည့်သည်တော်များသည် မူးယစ်ဆေးဝါးပပျောက်ရေး အထိမ်းအမှတ်ပြတိုက် မြေညီထပ်ရှိ 'အရှေ့အာရှသို့ ဘိန်းပျံ့နှံ့ရောက်ရှိလာခြင်း'ပြခန်းနှင့် 'မူးယစ်ဆေးသုံး လူညွန့်တုံး'အသိပညာပေးပြခန်းတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။ **(သတင်းစဉ်)**

ဇွန် ၂၆ရက်က အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အခမ်းအနားကို မင်္ဂလာတောင်ညွန့်မြို့နယ် အထက(၁)ကျောင်းခန်းမတွင်ပြုလုပ်ရာ မြန်မာနိုင်ငံ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင်ထံမှပေးပို့သော သဝဏ်လွှာကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးချစ်ကိုကိုက ဖတ်ကြားစဉ်။ (၂၅၉)

မြန်မာအမျိုးသမီးများနေ့ဂုဏ်ပြုကြိုဆို ဝတ်စားဆင်ယင်ထုံးဖွဲ့မှုပြပွဲတင်ဆက်

ရန်ကုန် ဇွန် ၂၆

၂၀၀၄ ခုနှစ် ဇူလိုင် ၃ ရက် မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ပြည်တွင်းဖြစ် အဝတ်အထည်များ ဝတ်ဆင်၍ အဖိုးနှုန်း ချိုသာစွာဖြင့် ယဉ်ကျေးလှပ လုံခြုံစွာဝတ်စားဆင်ယင်မှုကို တန်ဖိုးထားလေးစားတတ်စေရန်ဟူသောရည်ရွယ်ချက်ဖြင့် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်က ကြီးမှူး၍ စီစဉ်တင်ဆက်သော "ဝတ်စားဆင်ယင်ထုံးဖွဲ့မှုပြပွဲ" ကို ယနေ့မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌ ကျင်းပရာ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေ တက်ရောက်အားပေး ချီးမြှင့်သည်။

သာမဏေကျော် ဝါဆိုသင်္ကန်းအလှူ

ရန်ကုန် ဇွန် ၂၆

ပဲခူးမြို့ သာမဏေကျော် ပရိယတ္တိစာသင်တိုက်များ၌ ဝါဆိုဝါကပ်တော်မူကြမည့် ပဓာနဆရာတော်ဘဒ္ဒန္တ ဝိစက္ခဏာလင်္ကာရာဘိဝံသ(သ–စ–သ–အ မဟာဓမ္မာစရိယ၊ B.A, Myanmar,Q)၊ တိုက်အုပ်ဆရာတော် ဘဒ္ဒန္တ ဣန္ဒာစာရာလင်္ကာရာဘိဝံသ(သ–အ မဟာဓမ္မာစရိယ၊ ဝိနယပါဠိပါရဂူ၊ စတုနိကာယဝိဒူ)အမှူးပြုသော သံဃာတော်အပါး ၂၀၀ကျော်တို့အား ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲနှင့် ကျောင်းတိုက် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကို ၁၃၆၆ ခုနှစ် ဒုတိယ ဝါဆိုလပြည့်(ဇူလိုင် ၃၁)စနေနေ့ နံနက် ၉ နာရီတွင် ကျောင်းတိုက်တွင်းရှိ စွန်ညီနောင်စွန်မင်း သုံးထပ်မဟာဓမ္မဗိမာန်တော်ကြီး၌ကျင်းပမည်ဖြစ်ရာ အလှူရှင်များ တက်ရောက်ကြည်ညိုနိုင်ကြရန် ကျောင်းအကျိုးတော်ဆောင်အဖွဲ့က နှိုးဆော်ထားကြောင်း သိရသည်။ (က–ပ)

တက်ရောက်

အဆိုပါပြပွဲသို့ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌများ ဖြစ်ကြသော ပါမောက္ခဒေါက်တာဒေါ်မေမေရီ၊ ဒေါ်ခင်လေးသက်၊ ဒေါ်သန်းသန်းနွဲ့၊ ဒေါ်ခင်ခင်ဝင်း၊ အကြံပေးပုဂ္ဂိုလ် ဒေါ်ခင်သန်းနွဲ့၊ အထွေထွေအတွင်းရေးမှူး ပါမောက္ခဒေါက်တာဒေါ်ခင်အေးဝင်း၊ အကြံပေးပုဂ္ဂိုလ်များ၊ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်ခင်သက်ဌေး၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ် လုပ်ငန်းအဖွဲ့ခေါင်းဆောင်များနှင့် လုပ်ငန်းအဖွဲ့ဝင်များ၊ အထူး ဖိတ်ကြားထားသူများနှင့် မျိုးဆက်သစ် ကျောင်းသူကလေးများ တက်ရောက် ကြသည်။

တစ်ခဲနက်အားပေး

ပြပွဲတွင် လှပျိုဖြူများက မျိုးဆက်သစ်ကျောင်းသူများ ဝတ်စားဆင်ယင်မှု ပုံစံအဖြစ် မြန်မာ့ရိုးရာလက်ရက်ကန်းတွင် မြန်မာပြည်တွင်းဖြစ် ချည်ထည်ပိုးထည် တို့ဖြင့် ရက်လုပ်ထားပြီးအဖိုးနှုန်း ချိုသာသော မြန်မာ့ရိုးရာနှင့် တိုင်းရင်းသား ရိုးရာအဝတ်အထည်များကို ခေတ်မီလှပသော ဒီဇိုင်းအမျိုးမျိုးဖြင့် ယဉ်ကျေးလှပ လုံခြုံစွာ ဝတ်ဆင်၍ တင်ဆက်ပြသကြရာ လာရောက်ကြည့်ရှုကြသူများက တစ်ခဲနက်အားပေးကြသည်။

သီဆိုဖျော်ဖြေ

ထို့နောက် အခမ်းအနားမှူးက ပြပွဲဖြစ်မြောက်ရေးအတွက် ဝိုင်းဝန်းကူညီ ပံ့ပိုးကြသူများအား မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်မှ ကျေးဇူးတင်ကြောင်း ပြောကြားပြီး ဂီတပညာရှင် ဟသ်ာတမြင့်ဌေ သီကုံးရေးသားသည့် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဂုဏ်ပြုတေးဖြစ်သည့် "အင်အားသစ်များနှင့်အတူ" သီချင်းကို တေးသံရှင်အယ်လ်ခွန်းရီက သီဆိုဖျော်ဖြေသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ထို့နောက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာ ဒေါ်ခင်ဝင်းရွှေက ဝတ်စားဆင်ယင်ထုံးဖွဲ့မှုပြပွဲ ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်သန်းသန်းနွဲ့နှင့်အဖွဲ့အား ဂုဏ်ပြုပန်းခြင်းပေးအပ်ပြီး ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေက ပြပွဲတွင် ပံ့ပိုးကူညီသူများနှင့် ပါဝင်သရုပ်ပြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။ (သတင်းစဉ်)

တက်ရောက်အားပေး

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေ ၂၀၀၄ ခုနှစ် ဇူလိုင် ၃ ရက် မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုကြိုဆို သောအားဖြင့် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်က ကြီးမှူး၍ စီစဉ် တင်ဆက်သော ဝတ်စားဆင်ယင်ထုံးဖွဲ့မှုပြပွဲသို့ တက်ရောက်အားပေး ချီးမြှင့်စဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေ ၂၀၀၄ ခုနှစ် ဇူလိုင် ၃ ရက် မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုကြိုဆိုသော အားဖြင့် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်က ကြီးမှူး၍ စီစဉ်တင်ဆက် သော ဝတ်စားဆင်ယင်ထုံးဖွဲ့မှုပြပွဲသို့ တက်ရောက်အားပေးပြီး ပြပွဲကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်သန်းသန်းနွဲ့နှင့်အဖွဲ့အား ဂုဏ်ပြုပန်းခြင်းများ ပေးအပ်စဉ်။ (သတင်းစဉ်)

တောင်ဥက္ကလာပမြို့နယ် အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ် မှုတိုက်ဖျက်ရေးနေ့အခမ်းအနားကို ဇွန် ၂၆ ရက်က မြို့နယ်ရုံးအစည်း အဝေးခန်းမတွင်ကျင်းပရာ ပြည်ထဲ ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီး တင်လှိုင်ထံမှ ပေးပို့သော သဝဏ် လွှာကို မြို့နယ်အေးချမ်းသာယာရေး နှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော် ဆွေ ဖတ်ကြားစဉ်။ (၁၉၂)

နိုင်ငံတော်အစိုးရဗျာနပိုင် မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ်လ၏ဒုတိယပတ် (တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ် (တနင်္ဂနွေနေ့) တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေသွားလာရန် လိုအပ်သည့် ကိစ္စရပ်မှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ဖြစ်သည်။

၂၀၀၄ခုနှစ်၊ ဇွန်လအတွက် နောက်ဆုံးပတ်

(တနင်္ဂနွေနေ့) (၂၇–၆–၂၀၀၄)ရက်နေ့

၂၀၀၄ ခုနှစ်၊ ဇူလိုင်လအတွက်

(၁၁–၇–၂၀၀၄)ရက်နေ့ နှင့် (၂၅–၇–၂၀၀၄)ရက်နေ့

27-6 (11).p65 1 03/25/1905, 9:54 PM

အကြမ်းဖက်သမားများက ရန်ကုန်ဘူတာကြီး ပတ်ဝန်းကျင်တွင် မိုင်းထောင် ဖောက်ခွဲခဲ့မှု ဖြစ်စဉ်နှင့်ပတ်သက်၍ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်မှူးချုပ်ကျော်သိန်းက သတင်းစာရှင်းလင်းပွဲတွင် ရှင်းလင်းပြောကြားစဉ်။
(သတင်းစဉ်)

အကြမ်းဖက်အဖျက်သမားများ ရန်ကုန်ဘူတာကြီး၌မိုင်းထောင်ဖောက်ခွဲ ပြည်သူထိခိုက်သေကျေစေရန်နှင့်အမျိုးသားညီလာခံအနှောင့်အယှက်ဖြစ်စေရန်ရည်ရွယ် ပြည်သစ်ညွှန့်ဝေနှင့်လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီအဖွဲ့များလုပ်ဆောင် ပေါက်ကွဲမှုတွင်လူထိခိုက်မှုမရှိကြောင်းနှင့်ဆက်လက်ဖော်ထုတ်မည်ဖြစ်ကြောင်းသတင်းစာရှင်း

ရန်ကုန် ဇွန် ၂၆

ယနေ့ ဇွန်၂၆ရက် နံနက်စောစောပိုင်းတွင် အကြမ်းဖက်သမားများက ရန်ကုန်ဘူတာကြီးပတ်ဝန်းကျင်တွင် မိုင်းထောင်ဖောက်ခွဲခဲ့မှုဖြစ်စဉ်နှင့်ပတ်သက်၍ သတင်းစာရှင်းလင်းပွဲတစ်ရပ်ကို ယနေ့ညနေ ၅နာရီတွင် ရန်ကုန်မြို့ အင်းလျားလမ်းရှိ တပ်မတော်ဧည့်ဂေဟာ၌ ကျင်းပသည်။

အဆိုပါသတင်းစာရှင်းလင်းပွဲသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ပြည်သူ့ဆက်ဆံရေးနှင့်သတင်းဖြန့်ချိရေးဆိုင်ရာလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ အလုပ်သမားဝန်ကြီးဌာန ဝန်ကြီးဦးတင်ဝင်း၊ ဒုတိယတပ်မတော်ထောက်လှမ်းရေးမှူးချုပ် ဗိုလ်ချုပ်ကျော်ဝင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးခင်မောင်ဝင်း၊ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်ပြန်ကြားရေးဆိုင်ရာတာဝန်ရှိသူများ၊ နိုင်ငံခြားသတင်းထောက်များအသင်းနာယက ဦးလှထွေး၊ ဥက္ကဋ္ဌဦးစဝ်ကိုင်ဖနှင့် အသင်းဝင်သတင်းထောက်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

မိုင်းလေးလုံးထပ်မံတွေ့ရှိ

သတင်းစာရှင်းလင်းပွဲတွင် အကြမ်းဖက်သမားများက ရန်ကုန်ဘူတာကြီးပတ်ဝန်းကျင်တွင် မိုင်းထောင်ဖောက်ခွဲခဲ့မှုဖြစ်စဉ်နှင့်စပ်လျဉ်း၍ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်မှူးချုပ်ကျော်သိန်းက ရှင်းလင်းပြောကြားရာ၌ ယနေ့နံနက်စောစောပိုင်းတွင် ရန်ကုန်ဘူတာကြီးပတ်ဝန်းကျင်လူစည်ကားရာနေရာ၌ အကြမ်းဖက်အဖျက်သမားများက လူအများထိခိုက် သေကျေစေရန် ရည်ရွယ်၍ မိုင်းထောင်ဖောက်ခွဲခဲ့ရာ မိုင်းသုံးလုံးပေါက်ကွဲခဲ့ကြောင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်များက ပတ်ဝန်းကျင်တစ်ဝိုက်ကို ဆက်လက်ရှင်းလင်းခဲ့ရာ ယခုအချိန်ထိ မိုင်းလေးလုံးကို ထပ်မံရှာဖွေတွေ့ရှိခဲ့ကြောင်းကို သိရကြောင်း။

အချိန်မီဖမ်းဆီးနိုင်

အကြမ်းဖက် အဖျက်သမားများသည် အများပြည်သူလူထု ထိခိုက်သေကျေ တုန်လှုပ်ချောက်ချားစေရန်လည်းကောင်း၊ ကျင်းပလျက်ရှိသော အမျိုးသားညီလာခံကို အနှောင့်အယှက်ဖြစ်စေရန်လည်းကောင်း၊ မြန်မာနိုင်ငံအတွင်း တည်ငြိမ်အေးချမ်းမှုမရှိဟူသောသတင်းများ ပျံ့နှံ့စေရန်လည်းကောင်း ရည်ရွယ်ချက်ဖြင့် နိုင်ငံတော်အစိုးရကို ဆန့်ကျင်နေသည့် ပြည်ပရောက်အဖွဲ့အစည်းဖြစ်သည့် FTUB(Federation of Trade Union of Burma) မှ ဖောက်ခွဲရေးသမား ပြည်သစ်ညွှန့်ဝေ(ခ)မောင်မောင်နှင့် ABSDF, NLD (LA), NCGUB ၊ လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ(DPNS)အဖွဲ့များ၊ ၎င်းတို့နှင့်အဆက်အသွယ်ရှိသောအဖွဲ့များက လုပ်ဆောင်ခြင်းဖြစ်ကြောင်း၊ ပြည်သစ်ညွှန့်ဝေသည်ဝရမ်းပြေးတစ်ဦးဖြစ်ပြီး ၎င်း၏ဖခင်မှာ NLD ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် တစ်ဦးဖြစ်သည့် ဦးညွှန့်ဝေ ဖြစ်ကြောင်း၊ ၎င်းသည် ၁၉၈၈ခုနှစ်တွင် ကျောက်မျက်ရတနာကော်ပိုရေးရှင်း၌ ရုံးဝန်ထမ်းအဖြစ်တာဝန်ထမ်းဆောင်ခဲ့စဉ် ၎င်းတာဝန်ယူထိန်းသိမ်းရသည့်ရတနာပစ္စည်းများပျောက်ဆုံးခဲ့မှု၌ အဓိကတာဝန်ရှိသဖြင့် အရေးယူအပြစ်ပေးရန်ဆောင်ရွက်နေချိန်တွင်ပင် တရားဥပဒေကိုရင်မဆိုင်ရဲဘဲ တစ်ဖက်နိုင်ငံသို့ တိမ်းရှောင်သွားခဲ့သူဖြစ်ကြောင်း၊ ၎င်းသည် ၁၉၉၂ခုနှစ်တွင် ဖောက်ခွဲရေး အဖွဲ့အစည်းတစ်ခုဖြစ်သည့် Hawk အုပ်စုကိုပြန်လည်ထူထောင်ရန်ကြိုးစားခဲ့ကြောင်း၊ ၎င်းသည် ၁၉၉၄ခုနှစ်တွင် KNPP ကရင်နီအကြမ်းဖက် သောင်းကျန်းသူ အတွင်းရေးမှူးအဆင့်ရှိ ရီမန်ထူးအား ဇင်းမယ်မြို့တွင် တွေ့ဆုံပြီး ဘတ်ငွေ ၅၀၀၀၀ ပေးကာ ကယားပြည်နယ်အတွင်း၌ ဖောက်ခွဲဖျက်ဆီးရေးလုပ်ငန်းများ ပြုလုပ်ရန် ငွေပေးစေခိုင်းဖူးသူလည်းဖြစ်ကြောင်း၊ ၁၉၉၇ခုနှစ်အတွင်း ပြည်သစ်ညွှန့်ဝေက ပြည်တွင်းသို့ ဖောက်ခွဲဖျက်ဆီးရေးလုပ်ငန်းများ လုပ်ဆောင်ရန်စေလွှတ်ခဲ့သော မျိုးအောင်သန့်အား လှျပ်စစ်ထမင်းပေါင်းအိုးတွင်ထည့်သွင်းသိုဝှက်ပြီး ကော့သောင်းမှတစ်ဆင့် သယ်ဆောင်လာသော ဖောက်ခွဲဖျက်ဆီးရေးပစ္စည်းများဖြစ်သည့် C-3 အမျိုးအစားယမ်းပျော့ ရှစ်တောင့်၊ ဒီတိုနေတာ ၁၀ ခု၊ ယမ်းကြိုးခွေများ၊ ဆက်စပ်ပစ္စည်းများနှင့်အတူ သက်ဆိုင်ရာက အချိန်မီ ဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့သဖြင့် ၁၉၉၇ခုနှစ် ဇွန် ၂၇ရက်နေ့ သတင်းစာရှင်းလင်းပွဲတွင် ပြည်သူလူထုထံ အသိပေးထုတ်ပြန်ခဲ့ကြောင်း။

ငွေကြေးထောက်ပံ့

ပြီးခဲ့သည့် ၂၀၀၃ခုနှစ် ဇူလိုင်လ အာဇာနည်နေ့တွင် ဖောက်ခွဲဖျက်ဆီးရေးလုပ်ငန်းများ လုပ်ဆောင်ရန် စီစဉ်နေသူများ၊ ဆန့်ကျင်ဘက်အဖွဲ့အစည်းများနှင့် ဆက်နွယ်နေသူများကို သက်ဆိုင်ရာက ဖော်ထုတ်ဖမ်းဆီးရရှိခဲ့မှုဖြစ်စဉ်တွင်လည်း ဖမ်းဆီးရမိသည့် မင်းကြည်(ခ)နိုင်မင်းကြည်၊ ရွှေမန်းတို့အား ပြည်သစ်ညွှန့်ဝေ(ခ)မောင်မောင်က ၂၀၀၃ခုနှစ် မတ်လအတွင်း ထိုင်းနိုင်ငံ မဲဆောက်မြို့၌ တွေ့ဆုံခဲ့ပြီး ပြည်တွင်း၌ အဖွဲ့ငယ်များ ဖွဲ့စည်း၍ သတင်းများစုဆောင်းရန် မှာကြားကာ ပြည်တွင်းသတင်းများ ပေးပို့နိုင်ရန်အတွက် ဂြိုဟ်တုဆက်သွယ်ရေးတယ်လီဖုန်းတစ်လုံးနှင့် ငွေကြေးထောက်ပံ့ပေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်းကိုသိရကြောင်း။

ပူးပေါင်းအဖွဲ့

နိုင်ငံတော်အစိုးရကို ဆန့်ကျင်နေသည့် ပြည်ပရောက် အဖွဲ့အစည်းများသည် NCUB (National Council Union of Burma) အဖွဲ့၏ သတ္တမအကြိမ်မြောက် အစည်းအဝေးကို ၂၀၀၄ခုနှစ် မေ ၃ရက်မှ ၈ရက်ထိ နှစ်နိုင်ငံနယ်စပ်တစ်နေရာတွင် ပြုလုပ်ခဲ့ရာ ၎င်းအစည်းအဝေးတွင် ပြည်သစ်ညွှန့်ဝေ(ခ)မောင်မောင်သည် ငွေကြေးအမြောက်အမြား အကုန်အကျခံကာ ဆောင်ရွက်ခဲ့မှုအရ ယင်းအဖွဲ့၏ အထွေထွေအတွင်းရေးမှူးအဖြစ် အရွေးခံခဲ့ရကြောင်းကို သိရှိရကြောင်း၊ NCUB အဖွဲ့သည် DAB (Democratic Alliance of Burma), NLD (LA), NCGUB (National Coalition Government of the Union of Burma) ပူးပေါင်းထားသည့် အဖွဲ့ဖြစ်ကြောင်း။

ပြည်သစ်ညွှန့်ဝေ(ခ)မောင်မောင်သည် NCUB အဖွဲ့အစည်းတွင် ရာထူးနေရာရရှိရေးအတွက် ပြည်ပနိုင်ငံများရှိ အဖွဲ့အစည်းများမှ ရရှိခဲ့သော ငွေကြေးများကို အသုံးပြု၍ NCUB အဖွဲ့အစည်း၏ အရေးပါသည့်အဖွဲ့ဝင်အချို့ကို မော်တော်ကားဝယ်ပေးခြင်း၊ အသုံးစရိတ်ငွေထောက်ပံ့ပေးခြင်းများ ဆောင်ရွက်ပေးခဲ့ပြီး နေရာရရှိရေးအတွက် ကြိုးပမ်းဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ ပြည်သစ်ညွှန့်ဝေ(ခ)မောင်မောင်သည် NCUB တွင် အထွေထွေအတွင်းရေးမှူးနေရာ ကြိုးပမ်းရယူခဲ့ပြီးနောက် ၎င်းကပြောကြားခဲ့ရာတွင် ၎င်းတာဝန်ယူပြီးချိန်မှစတင်၍ သုံးလအတွင်းမြန်မာနိုင်ငံ၏ နိုင်ငံရေးအခြေအနေနှင့်ပတ်သက်ပြီး ပြည်တွင်း၊ပြည်ပ၌ထူးခြားမှုများဖြစ်ပေါ်လာအောင် ဖောက်ခွဲဖျက်ဆီးရေးအပါအဝင် အဖျက်အမှောင့်လုပ်ငန်းများကို လုပ်ဆောင်မည်ဖြစ်ကြောင်း ပြောကြားခဲ့ကြောင်းကို သိရှိရကြောင်း။

ဆက်လက်ဖော်ထုတ်လျက်ရှိ

ယနေ့နံနက်ပိုင်း ပေါက်ကွဲမှုဖြစ်စဉ်တွင် လူထိခိုက်မှုမရှိကြောင်းနှင့် အကြမ်းဖက်အဖျက်သမားများ အနေဖြင့် မြန်မာနိုင်ငံအတွင်း အဖျက်လုပ်ရပ်များကို မည်သို့ပင်ကြံစည်လုပ်ဆောင်စေကာမူ ဘာသာတရားကိုင်းရှိုင်းသည့် နိုင်ငံဖြစ်ခြင်းကြောင့် ကြီးမားသောအန္တရာယ်များ မကျရောက်ခဲ့ကြောင်း၊ လုံခြုံရေးအဖွဲ့အစည်းများက ဖော်ပြပါအကြမ်းဖက်အဖျက်သမားများအား ဆက်လက်ရှာဖွေစုံစမ်း ဖော်ထုတ်လျက်ရှိကြောင်းကို သိရကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

ထို့နောက် သတင်းစာဆရာများ၏မေးမြန်းချက်များကို ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်မှူးချုပ်ကျော်သိန်းက ပြန်လည်ရှင်းလင်း ဖြေကြားပြီး သတင်းစာရှင်းလင်းပွဲကို ညနေ ၅နာရီ ၄၅မိနစ်တွင် ရုပ်သိမ်းလိုက်သည်။

သတင်းစာရှင်းလင်းပွဲအပြီးတွင် သတင်းစာရှင်းလင်းပွဲသို့ တက်ရောက်လာကြသော သတင်းနှင့်ပြန်ကြားရေးဆိုင်ရာ တာဝန်ရှိသူများနှင့် နိုင်ငံခြားသတင်းထောက်များသည် အကြမ်းဖက်သမားများက ဇွန် ၂၆ရက်တွင် ရန်ကုန်ဘူတာကြီး ပတ်ဝန်းကျင်၌ မိုင်းထောင်ဖောက်ခွဲခဲ့မှုနှင့် မိုင်းများဖော်ထုတ်သိမ်းဆည်းရမိမှု မှတ်တမ်းဓာတ်ပုံများ၊ ၂၀၀၃ခုနှစ် အာဇာနည်နေ့တွင် ဖောက်ခွဲဖျက်ဆီးရေးလုပ်ငန်းများ လုပ်ဆောင်ရန် လူထုတိုက်ပွဲ စီမံချက်ဖြင့် ပြည်တွင်းသို့ ဝင်ရောက်လာသော ဖောက်ခွဲရေး သမားများနှင့် ဖောက်ခွဲရေးပစ္စည်းများအား ဖော်ထုတ်ဖမ်းဆီးရမိမှု မှတ်တမ်းဓာတ်ပုံများကို လေ့လာကြည့်ရှုကြသည်။

(သတင်းစဉ်)

အကြမ်းဖက်သမားများက ဇွန်၂၆ရက်တွင် ရန်ကုန်ဘူတာကြီးပတ်ဝန်းကျင်၌ မိုင်းထောင်ဖောက်ခွဲခဲ့မှုနှင့် မိုင်းများဖော်ထုတ်သိမ်းဆည်းရမိမှု မှတ်တမ်းဓာတ်ပုံများကို တွေ့ရစဉ်။ (သတင်းစဉ်)



ချိန်ကိုက်မိုင်းအား စနက်တံဓာတ်ခဲများနှင့် ယမ်းများဖြုတ်ပြီးနောက် တွေ့ရှိရစဉ်။



ပန်းဆိုးတန်းခုံးကျော်တံတား ပန်းခုံအမှတ်(၁၁၆)အတွင်းမှ ဖော်ထုတ်သိမ်းဆည်းရမိခဲ့သည့် ချိန်ကိုက်မိုင်းကို တွေ့ရှိရစဉ်။



ချိန်ကိုက်မိုင်းရှိ စနက်တံကို ဖြုတ်ပြီးနောက် တွေ့ရှိရစဉ်။

● *ကျောဖုံးမှ*

ဇွန်၂၈ရက်မြန်မာစံတော်ချိန် နံနက် ၁နာရီ၁၅မိနစ်တွင် ကွာတားဖိုင်နယ် ပွဲစဉ်(၄)အဖြစ် ချက်အသင်းနှင့် ဒိန်းမတ်အသင်းတို့သည် ပေါ်တိုမြို့ရှိ ယူအီးအက်ဖ်အေ၏ ကြယ်ငါးပွင့်အဆင့် သတ်မှတ်ထားခြင်းခံရသော Estadio Da Dragao ကွင်း၌ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

ချက်အသင်း

ချက်အသင်းသည် အုပ်စု(ဃ)၌ ပါဝင်ခဲ့ပြီး လတ်ဗီးယားအသင်းကို နှစ်ဂိုး–တစ်ဂိုး၊ ဟော်လန်အသင်းကို သုံးဂိုး–နှစ်ဂိုး၊ ဂျာမနီအသင်းကို နှစ်ဂိုး–တစ်ဂိုးဖြင့်အနိုင်ရရှိခဲ့သည်။ အုပ်စုပွဲစဉ်များတွင် သုံးပွဲဆက်တိုက်အနိုင်ရရှိသောအသင်းမှာ ချက်အသင်းတစ်သင်းသာရှိခဲ့သည်။ ချက်အသင်းသည် သုံးပွဲကစား၊ သုံးပွဲနိုင်(၉)မှတ်ဖြင့်အုပ်စုပထမရရှိကာ ကွာတားဖိုင်နယ်တက်ရောက်လာခြင်းဖြစ်သည်။ သုံးပွဲကစားရာတွင် ခုနစ်ဂိုးသွင်းပြီး လေးဂိုးအသွင်းခံခဲ့ရသည်။

ချက်အသင်းအတွက် မီလန်ဘားရို့စ်တစ်ဦးတည်းက သုံးဂိုး၊ ဟိန့်ဇ်က နှစ်ဂိုး၊ ဂျန်ခိုလာနှင့် စမိုက်ဆာတို့က တစ်ဂိုးစီ သွင်းပေးထားသည်။ ချက်အသင်းသည် ပွဲတိုင်းဂိုးသွင်းနိုင်ပြီး ပွဲတိုင်းဂိုးသွင်းခံခဲ့ရသည်။

လူစုံပါဝင်မည်

ချက်အသင်းမှ ရိုမန်တိုင်စ်နှင့်ဂလာဆက်စ်တို့နှစ်ဦးသာ အဝါကတ် တစ်ကြိမ်စီ ပြခံထားရပြီး အနီကတ်ဖြင့် ပွဲပယ်ခံရသူမရှိပေ။ အုပ်စုပွဲစဉ်များတွင် အဝါကတ် အနည်းဆုံးပြခံရသော အသင်းဟုပြောနိုင်သည်။ နောက်ဆုံးရရှိထားသော သတင်းများအရ ချက်အသင်း၌ ထိခိုက်ဒဏ်ရာရရှိထားသူမရှိဘဲ စိတ်ဓာတ်ရေးရာအရ အမြင့်မားဆုံး ဖြစ်နေသည်။

အရန်အင်အားကောင်း

ချက်အသင်းသည်အုပ်စုနောက်ဆုံးပွဲ၌ ရှုံးရှုံးနိုင်နိုင် အုပ်စုပထမရရန်သေချာနေပြီဖြစ်သော်လည်း နာမည်ကြီးဂျာမနီအသင်းကို အနိုင်ကစားကာ အိမ်ပြန်စေခဲ့သည်။ ဂျာမနီကို အနိုင်ရသောပွဲတွင် ချက်အသင်း၌ ဂျန်ခိုလာ၊ မီလန်ဘားရို့စ်၊ နက်ဗက်၊ ပိုဘော့စကီးတို့မပါဝင်ဘဲ အရန်လူများနှင့် ပွဲထွက်ကစားခဲ့ခြင်း ဖြစ်သည်။ ချက်အသင်းသည် အရန်လူများဖြင့် ဂျာမနီကို ခြေရည်တူ ကစားခဲ့ရာ အရန်အင်အားကောင်းသည်ကို ပြနေသည်။

ချက်ခြေစွမ်းထက်

ချက်အသင်းမှဂိုးသမား ပီတာဆက်ချ် (ချယ်လ်ဆီး)အကောင်းကြီးမဟုတ်သော်လည်း အမှားနည်းသည်။ နောက်တန်းမှ ဂရိုင်ဂျီယာ(အေဂျက်စ်)၊ ဂျယ်ရီနက်စ်(ရက်ဂျီနာ)၊ အူပလက်စီ(ဟမ်းဘတ်) တို့ကောင်းကြသည်။ ချက်အသင်း၏အလယ်တန်းမှာ အသင်းတိုင်းကို ယှဉ်နိုင်သောအနေအထားရှိသည်။ ချက်အသင်း၏အားမှာအလယ်တန်း၌ အဓိကကျနေသည်။ အလယ်တန်းလူများဖြစ်သောအသင်းခေါင်းဆောင်နက်ဗက် (ဂျူဗင်းတပ်)၊ရိုဆစ္စကီး(ဒေါ့မွန်)၊ပိုဘော့စကီး(စပါတာပရပ်)၊ ဂျန်ကူလော့စကီး (အူဒီးနီးစီး)၊ ဂလာဆက်စ်(အေဂျက်)တို့ တစ်ဦးအထာ တစ်ဦးသိပြီး လျင်လျင်မြန်မြန် အချိတ်အဆက်မိမိ ကစားနိုင်ကြသည်။ အထူးသဖြင့် နက်ဗက်၏ တောင်ပံတိုက်စစ်နှင့် ပိုဘော့စကီး၏ ခံစစ်ဇုန်အတွင်း ဘောလုံးဆွဲယူပြီး တိုက်စစ်မှူးများနှင့် အပေးအယူ လုပ်ကစားပုံမှာ ကြည့်ကောင်းလှသည်နှင့်အမျှ ကြောက်စရာလည်း ကောင်းလှသည်။

ချက်တိုက်စစ်အတွဲ ဂျန်ခိုလာနှင့် မီလန်ဘားရို့စ်တို့ ဂိုးသွင်းစွမ်းရည်ရှိကြပြီး တွဲလုံးနှင့် ဖောက်ထွက် ဂိုးသွင်းနိုင်သည်။ ချက်တိုက်စစ်ကို ဒိန်းမတ်မည်မျှတောင့်ခံနိုင်စွမ်းရှိမည်ကိုသာ စောင့်ကြည့်ရမည်ဖြစ်သည်။

ဒိန်းမတ်အသင်း

ဒိန်းမတ်အသင်းသည် အုပ်စု(ဂ)၌ ပါဝင်ခဲ့ပြီး ဘူဂေးရီးယားအသင်းကို နှစ်ဂိုး–ဂိုးမရှိဖြင့်နိုင်ပြီး အီတလီအသင်းနှင့် ဂိုးမရှိသရေ၊ ဆွီဒင်အသင်းနှင့် နှစ်ဂိုးစီသရေကျခဲ့သည်။ဒိန်းမတ်အသင်းသည် သုံးပွဲကစား၊ တစ်ပွဲနိုင်၊ နှစ်ပွဲသရေ (၅)မှတ်ဖြင့် အုပ်စုဒုတိယရရှိကာ ကွာတားဖိုင်နယ် တက်ရောက်လာခြင်းဖြစ်သည်။ ဒိန်းမတ်အသင်းသည် အီတလီ၊ ဆွီဒင်တို့နှင့်(၅)မှတ်စီတူညီသော်လည်း ၎င်းတို့ချင်းဆုံတွေ့မှုဂိုးကွာခြားချက်အရ အုပ်စုဒုတိယရရှိခဲ့ခြင်းဖြစ်သည်။

ဒိန်းမတ်အသင်းသည် သုံးပွဲကစားရာတွင် လေးဂိုးသွင်းယူနိုင်ပြီး နှစ်ဂိုးအသွင်းခံခဲ့ရသည်။ ဒိန်းမတ်အသင်းအတွက် တိုမာဆင် တစ်ဦးတည်းက သုံးဂိုး သွင်းယူပေးပြီး ဂရွန်ဂျာက တစ်ဂိုးသွင်းယူပေးသည်။

ထိခိုက်ဒဏ်ရာရရှိမှု

ဒိန်းမတ်အသင်းသည် ချက်နှင့်ကစားသည့်ပွဲ၌ ဆွီဒင်ပွဲက လူစာရင်းအတိုင်း ပွဲထုတ်ကစားဖွယ်ရှိသော်လည်း ကစားသမားအချို့၏ ထိခိုက်ဒဏ်ရာ ရရှိထားမှုကြောင့် အခက်အခဲကြုံနေရသည်။ ဆွီဒင်နှင့်ပွဲ၌ ခြေကျင်းဝတ်ဒဏ်ရာ ရရှိသွားသည့် နောက်တန်းလူ နီးစ်ကလပ်ဂျန်ဆန်သည် ဒဏ်ရာပြင်းထန်သဖြင့် ကွာတားဖိုင်နယ်ပွဲနှင့် လွဲရဖွယ်ရှိနေသည်။ အလယ်တန်းလူ ဒန်နီယယ်ဂျန်ဆန် ဖနောင့်ကြော ဒဏ်ရာရရှိထားပြီး ရှေ့တန်းလူ ဂျော်ဂျင်ဆင်ကလည်း ပေါင်၌ဒဏ်ရာရရှိထားကြသည်။သို့သော် ၎င်းတို့နှစ်ဦး ဒဏ်ရာမှာ သာမန်မျှသာဖြစ်၍ ချက်နှင့်ပွဲတွင် ကစားနိုင်ဖွယ်ရှိသည်။

ကစားသမားအင်အား

ဒိန်းမတ်အသင်း၏ ကစားသမားအင်အားကိုကြည့်လျှင် ဒိတ်ဒိတ်ကျဲများ မပါဝင်၍ အထင်ကြီးစရာ သိပ်မရှိလှပေ။ သို့သော် ၎င်းတို့ လက်ရှိကစားနေသည့် ကလပ်အသင်းများကို ကြည့်ပါက ဥရောပအတွေ့အကြုံများသော ဘောလုံးသမားများဖြစ်ကြသည်။ ဂိုးသမား ဆိုရန်ဆင်(အက်စတွန်ဗီလာ)သည် အီတလီနှင့်ပွဲတွင် အစွမ်းပြကာကွယ်နိုင်ခဲ့သည်။

နောက်တန်းမှ ဟဲလ်ဗက်(အင်တာမီလန်)၊ ဟင်နရစ်ဆင် (ပါနာသီနာကော့စ်)၊ ဂျန်ဆန်(ဒေါ့မွန်)၊ လော်ဆင် (အက်စတွန်ဗီလာ)တို့ လူကောင်ထွားကျိုင်း တောင့်တင်းသလောက်မာရေကျောရေရှိလှသည်။ အလယ်တန်းလူများဖြစ်သော ဒယ်နီယယ်ဂျန်ဆန်(မာစီယာ)နှင့် ပေါလ်ဆင်(ရှော်ကေး)တို့ ဖျက်အား၊ ပို့အားကောင်းသည်။ ဒိန်းမတ်ရှေ့တန်း၌ ဂရွန်ဂျာ (ချယ်လ်ဆီး)၊ တိုမာဆင်(အေစီမီလန်)၊ ရွှန်မဲဒါးလ် (ပီအက်စ်ဂျီ)နှင့် အဘီဆန့် (ရှော်ကေး)တို့ အားထားရသည်။

နှိုင်းယှဉ်သုံးသပ်ရသော်

ချက်အသင်းသည်ဗိုလ်စွဲနိုင်သည်ဟု ရေပန်းစားသောအသင်းများထဲ၌ ပါဝင်သလို အုပ်စုပွဲစဉ်များ၌ အမှန်တကယ် ခြေစွမ်းပြနိုင်ခဲ့သည်။ မရဏအုပ်စု၌ ချက်အသင်း အုပ်စု ပထမရမည်ဟု မထင်မှတ်ထားသည့် ကြားမှ (၉)မှတ် အပြည့်ယူနိုင်ခဲ့သည်။ ယူရို ၂၀၀၄တွင် ချက်အသင်းကို လူကြိုက်များလျက်ရှိပြီး နာမည်ကြီး ပြင်သစ်နှင့် အင်္ဂလန်တို့ ထွက်သွားရပြီဖြစ်၍ အိမ်ရှင်ပေါ်တူဂီပြီးလျှင် ချက်အသင်း ဗိုလ်စွဲရန် အလားအလာ အကောင်းဆုံးဖြစ်သည်။

ဒိန်းမတ်အသင်းသည် အုပ်စုပွဲစဉ်များ၌ ခြေစွမ်းပြနိုင်ခဲ့သည် မဟုတ်ပေ။ အီတလီ ချွတ်လိပ်၍ ဒိန်းမတ်ကော်ကောင်တက်လာခြင်းဖြစ်သည်။ ဒိန်းမတ်အသင်းသည် ကန်တင်ပြေးကစားပြီး လူကောင်ထွားကျိုင်းမှုနှင့် ကြံ့ခိုင်မှုကို အားပြုကစားနိုင်သည်က လွဲ၍ ကစားကွက်အလှအပ မမြင်ရပေ။ သို့သော်ယူရို ၂၀၀၄တွင် ကစားကွက် ကောင်းလှပါသည်ဟုဆိုသော အသင်းများ တစ်သင်းပြီး တစ်သင်း ထွက်သွားရပြီဖြစ်ရာ ဒိန်းမတ် ဆီမီးတက်မလာနိုင်ဟုပြောရန်မှု ခက်လှသည်။

ချက်နှင့်ဒိန်းမတ်ကို ကစားသမားအင်အားနှင့် လက်ရှိခြေစွမ်းအရ နှိုင်းယှဉ်လျှင် ချက်က အသာစီး၌ ရှိနေသည်။ချက်အလယ်တန်း၏ လျင်မြန်မှုနှင့် အချိတ်အဆက်မိမိကစားနိုင်မှုကို ဒိန်းမတ်အလယ်တန်းမယှဉ်နိုင်ပေ။ ဂရိက ပြင်သစ်ကို ကစားသလို နောက်တန်းလုံအောင်ပိတ်ပြီး တန်ပြန်တိုက်စစ်ဖြင့် အခွင့်အရေး တစ်ကြိမ်ရသည်နှင့် တစ်ဂိုးသွင်းနိုင်မှသာ ချက်ကိုနိုင်ချေရှိသည်။ ရှေ့တန်း တိုက်စစ်အား၌လည်း ချက်က အပြတ်အသတ်သာနေသည်။ ဒိန်းမတ် ရှေ့တန်းလေးသလောက် ချက်ရှေ့တန်းကလှစ်ကနဲ လှစ်ကနဲ ဘယ်က ပေါ်လာမှန်း မသိဘဲဂိုးသွင်းသွားလိမ့်မည်။

ချက်အလေးသာ

ချက်အသင်းကစားဟန်က ပြင်သစ်ကဲ့သို့ ဆရာကြီး ဂိုက်ဖမ်းပြီး ခပ် ပျော့ပျော့ လျှော့ကစားနေမည် မဟုတ်ပေ။ ဒိန်းမတ်မည်မျှမာမာ ဟော်လန်၊ ဂျာမနီနှင့် လတ်ဗီးယားတို့ လောက်မာပါမည်လား။ စာရေးသူအနေဖြင့် ချက်အသင်းက ဒိန်းမတ်ကို ခြေစွမ်းပြအနိုင်ကစားပြီးအကြိုဗိုလ်လုပွဲမှစောင့်နေသော ဂရိနှင့် ယှဉ်ပြိုင်ကစားရမည်ဟု ထင်မြင်မိကြောင်း ရေးသားဖော်ပြလိုက်ရပေသည်။ ။

(မြန်မာ့အလင်း)

ချက်နှင့် ဒိန်းမတ်ပွဲတွင် ချက်အသင်းခေါင်းဆောင် ပေဗယ်နက်ဗက် ခြေစွမ်းပြကစားပြီး ဤသို့အောင်ပွဲခံ ပျော်မြူးနိုင်ပါဦးမည်လော။

(ဓာတ်ပုံ–အင်တာနက်)

၂၀၀၄ ခုနှစ် အိုလံပစ်နေ့အထိမ်းအမှတ် ဝူရှူးပြိုင်ပွဲကျင်းပ အားကစားဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့် ကြည့်ရှုအားပေး

ရန်ကုန် ဇွန် ၂၆

အားကစားဝန်ကြီးဌာန မြန်မာနိုင်ငံ ဝူရှူးအဖွဲ့ချုပ်ကကြီးမှူး၍ ၂၀၀၄ခုနှစ် အိုလံပစ်နေ့အထိမ်းအမှတ် မျိုးဆက်သစ် ဝူရှူးပြိုင်ပွဲများကို ယနေ့နံနက် ၈ နာရီက ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် မြန်မာနိုင်ငံ ဝူရှူးအဖွဲ့ချုပ် ပဒုမ္မာအားကစားခန်းမ၌ကျင်းပရာ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်နှင့် ဇနီး ဒေါ်အေးအေးတို့ တက်ရောက်ကြည့်ရှုအားပေးကြသည်။ (အပေါ်ပုံ)

တက်ရောက်

ဝူရှူးပြိုင်ပွဲသို့ မြန်မာနိုင်ငံ ဝူရှူးအဖွဲ့ချုပ် နာယကများဖြစ်ကြသော ဒေါ်ကျင်ခိုင်၊ ဒေါ်စန်းစန်းနှင့် ဒေါ်ကြည်ကြည်ဝင်း၊ မြန်မာနိုင်ငံ ဝူရှူးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးခင်မောင်လေးနှင့် ဒုတိယဥက္ကဋ္ဌ ဒေါ်ကြူကြူ၊ အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ ဝူရှူးအဖွဲ့ချုပ်တို့မှ တာဝန်ရှိသူများ၊ ကြီးကြပ်ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်မျိုးဆက်သစ် ဝူရှူးအားကစားသမားလေးများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဝူရှူးပြကွက်ပြသ

ရှေးဦးစွာ မျိုးဆက်သစ် ဝူရှူးအားကစားသမားလေးများက ဝူရှူးနည်းစနစ်များ သရုပ်ပြသကြပြီး တစ်ဦးချင်းနှင့် အဖွဲ့လိုက် ဝူရှူးပြကွက်များ ပြသကြသည်။ ထို့နောက် ဝူရှူးပြိုင်ပွဲကျင်းပရာ ပြိုင်ပွဲအမျိုးအစား ၁၆ မျိုးတွင် အသက် ၁၂ နှစ်အောက် (အမျိုးသား/အမျိုးသမီး)နှင့် အသက် ၁၂ နှစ်အထက် (အမျိုးသား/အမျိုးသမီး)အဆင့် သတ်မှတ်ထားပြီး မျိုးဆက်သစ် အားကစားသမား ၁၆၃ ဦးတို့ ပါဝင်ယှဉ်ပြိုင်ကြသည်။ **(မြန်မာ့အလင်း)**

ဂရိကလက်ရှိချန်ပီယံပြင်သစ်ကိုအနိုင်ကစား အသင်းသားတို့အောင်ပွဲခံပျော်မြူးနိုင်ခဲ့ကြ

ရန်ကုန် ဇွန် ၂၆

၂၀၀၄ခုနှစ် ဥရောပဖလားဘောလုံးပြိုင်ပွဲ (Euro 2004) ကို ပေါ်တူဂီနိုင်ငံ၌ ကျင်းပလျက်ရှိရာ ကွာတားဖိုင်နယ်အဆင့်သို့ရောက်ရှိနေပြီဖြစ်သည်။ ဇွန် ၂၆ ရက် မြန်မာစံတော်ချိန် နံနက် ၁ နာရီ ၁၅ မိနစ်တွင် ကွာတားဖိုင်နယ် ပွဲစဉ် (၂)အဖြစ် ဂရိနှင့် ပြင်သစ်အသင်းတို့ ယှဉ်ပြိုင်ကစားရာ ဂရိအသင်းက တစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိပြီး အကြိုဗိုလ်လုပွဲ တက်ရောက်သွားသည်။

လက်ရှိချန်ပီယံ ပြင်သစ်အသင်းသည် ပွဲအစအဆုံး ဘောလုံးပိုင်ဆိုင်မှုများပြီး ခြေအသာစီးမှ ကစားနိုင်သော်လည်း ဂိုးရရှိအောင်မသွင်းနိုင်ခဲ့ပေ။ ဂရိအသင်းမှ တန်ပြန်တိုက်စစ်ဖြင့် ရရှိသောဂိုးသွင်းခွင့်ကို ပိုင်ပိုင်နိုင်နိုင် အသုံးချကာ ဂိုးအဖြစ်ပြောင်းလဲနိုင်၍ အနိုင်ရရှိသွားခြင်းဖြစ်သည်။ ပွဲချိန် ၁၅ မိနစ်တွင် ဂရိအသင်းက အဝေးမှကန်ချက်ပြင်းပြင်းဖြင့် ကန်သွင်းသည့်ဘောလုံး ဂိုးစည်းကျော်လုလုဖြစ်သွားသော်လည်း ဂိုးသမားဘားသက်ဇ် ပြန်ဖမ်းယူကာ ဂိုးစည်းအပြင်ထုတ်လိုက်၍ ဂရိအသင်းတစ်ဂိုးနစ်နာခဲ့ရသည်။

အနိုင်ဂိုး

ဂရိအသင်းအတွက် တစ်လုံးတည်းသောအနိုင်ဂိုးကို ပွဲချိန် ၆၅ မိနစ်တွင် အသင်းခေါင်းဆောင် ဇာဂိုရာကစ် ညာဘက်ခြမ်းမှ ထိုးဖောက်လာပြီး ပြင်သစ်ဂိုးရှေ့သို့ ကန့်လန့်ဖြတ်အမြင့်ဘောတင်ပေးရာ အန်ဂျလိုခရစ္စတီးက ပိုင်ပိုင်နိုင်နိုင် ခေါင်းတိုက်သွင်းယူသည်။ ပြင်သစ်အသင်းအတွက် ဂိုးရနိုင်သည့် သေချာပေါက် အခွင့်အရေးတစ်ခုကို ပွဲချိန် ၈၆မိနစ်၌ရရှိခဲ့ရာ အွန်နရီ ခေါင်းတိုက်သွင်းသော်လည်း ဂိုးတိုင်ဘေးမှ ကပ်ထွက်သွားသည်။ ပြင်သစ်သည် ၂၀၀၂ခုနှစ် ကမ္ဘာ့ဖလားပွဲတွင် ဆီနီဂေါကို တစ်ဂိုး–ဂိုးမရှိဖြင့် ရှုံးနိမ့်ပြီးနောက် ယခုရှုံးနိမ့်မှုသည် အဆိုးရွားဆုံးအရှုံးနှင့် ရင်ဆိုင်ခဲ့ရခြင်းဖြစ်သည်။

လက်ရှိချန်ပီယံ

ကျင်းပခဲ့သည့် ဥရောပဖလား ဘောလုံးပြိုင်ပွဲ(၁၁)ကြိမ်တွင် နှစ်ကြိမ်ဆက်တိုက် ဗိုလ်စွဲသောချန်ပီယံအသင်းဟူ၍ မရှိခဲ့သည့်နည်းတူ လက်ရှိချန်ပီယံပြင်သစ်အသင်းလည်း ကွာတားဖိုင်နယ်အဆင့်မှ ထွက်သွားရပြန်သည်။ ပြင်သစ်နည်းပြ ဂျက်ဆန်တီနီသည် အလယ်တန်းလူဗီအာရာအစား ဒါကုတ်ကို တာထွက်အသင်း၌ ထည့်သွင်းကစားခဲ့သည်။ ဒုတိယပိုင်းတွင် တစ်ဂိုးအသွင်းခံရပြီးမှ ဒါကုတ်အစားဝီးတော့ဒ်၊ ထရက်ဇီဂေးအစားဆာဟာ၊ ရောဘတ်ပီရက်စ်အစား ရိုသန်တို့ကို လူစားလဲခဲ့သော်လည်း အချိန်နှောင်းသွားခဲ့ပြီဖြစ်သည်။ လက်ရှိချန်ပီယံ ပြင်သစ်အသင်းသည် ယူရို၂၀၀၄ ပြိုင်ပွဲ၌ ဗိုလ်စွဲနိုင်သည့်အသင်းများအနက် ထိပ်ဆုံးမှရေပန်းစားခဲ့သော အသင်းဖြစ်သည်။

(မြန်မာ့အလင်း)



အရည်အသွေးကောင်းကျောက်စိမ်း၊ ကျောက်မျက်များရောင်းချမည် ပြည်တွင်း ပြည်ပရတနာကုန်သည်၆၀၀ကျော်တက်ရောက်မည်

ရန်ကုန် ဇွန် ၂၆

၂၀၀၄ခုနှစ် ကျောက်စိမ်း၊ ကျောက်မျက် အထူးရောင်းချပွဲကို ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ မြန်မာ့ကျောက်မျက်ရတနာခန်းမ၌ ယနေ့နံနက်ပိုင်းက စတင်ဖွင့်လှစ်ရာ မွန်းလွဲ ၁နာရီတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ပြည်သူ့ဆက်ဆံရေးနှင့် သတင်းဖြန့်ချိရေးကော်မတီဝင်များဖြစ်ကြသည့် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်း၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ်ဦးခင်မောင်ဌေး၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဗိုလ်မှူးကြီးစိုးဝင်း၊ ညွှန်ကြားရေးမှူး(သတင်း)ဦးလှထွန်း၊ ညွှန်ကြားရေးမှူး(စီမံ)ဦးစိုးဝင်းနှင့် သတင်းစာတိုက်များမှ စာတည်းများ၊ မြန်မာနိုင်ငံ နိုင်ငံခြားသတင်းထောက်များအသင်းဥက္ကဋ္ဌ ဦးစဝ်ကိုင်ဖ၊ အတွင်းရေးမှူးဦးညွန့်တင်နှင့် အသင်းဝင်သတင်းထောက်များ တက်ရောက်ကြည့်ရှု လေ့လာကြသည်။

သတင်းစာရှင်းလင်း

ဆက်လက်၍ မြန်မာ့ကျောက်မျက်ရတနာခန်းမရှိ ဈေးပြိုင်ခန်းမတွင် ၂၀၀၄ခုနှစ် ကျောက်စိမ်း၊ ကျောက်မျက်အထူးရောင်းချပွဲကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ သတ္တုတွင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်သိန်းက ပြပွဲခင်းကျင်းပြသရောင်းချရေးနှင့် စပ်လျဉ်း၍ သတင်းစာရှင်းလင်းပွဲ ကျင်းပသည်။

ရှေးဦးစွာ ၂၀၀၄ခုနှစ် ကျောက်စိမ်း၊ ကျောက်မျက် အထူးရောင်းချပွဲ ကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ သတ္တုတွင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်သိန်းက ရှင်းလင်းပြောကြားရာတွင် ယခုအထူးရောင်းချပွဲ၌ အရည်အတွက်နှင့် အရည်အသွေးကောင်းမွန်သော ကျောက်စိမ်းနှင့် ကျောက်မျက်အတွဲများကို တင်ပြရောင်းချသွားမည်ဖြစ်ကြောင်း၊ ယခု အထူးရောင်းချပွဲသို့ တက်ရောက်ရန် ၂၅နိုင်ငံမှ ကုမ္ပဏီ ၅၃၅ခုအား ဖိတ်ကြားခဲ့ရာ ဇွန်၂၄ရက်နေ့အထိ ကိုးနိုင်ငံ၊ ကုမ္ပဏီပေါင်း ၉၅ခုမှ ရတနာကုန်သည်များ ၂၇၀ တက်ရောက်မည်ဖြစ်ကြောင်း ပြန်ကြားချက်များရရှိပြီး ဖြစ်ကြောင်း၊ ကျင်းပခဲ့သည့် ရတနာပြပွဲများတွင် ပြန်ကြားချက် မပေးပို့ဘဲ ပြပွဲသို့ ရတနာကုန်သည်များ တက်ရောက်လေ့ရှိကြောင်း၊ အထူးသဖြင့် ဟောင်ကောင်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ရတနာကုန်သည်များ ပြန်ကြားလေ့မရှိကြကြောင်း၊ ထို့ကြောင့် ယခုအထူးရောင်းချပွဲသို့ နိုင်ငံခြားမှ ရတနာကုန်သည် ၄၀၀ကျော်နှင့် ပြည်တွင်းနိုင်ငံသား ရတနာကုန်သည် ၂၀၀ ကျော် စုစုပေါင်း ရတနာကုန်သည် ၆၀၀ ကျော် တက်ရောက် ဝယ်ယူကြမည်ဟု ခန့်မှန်းထားကြောင်း။

ယခု အထူးရောင်းချပွဲတွင် ကျောက်စိမ်းအတွဲများ တင်ပြရောင်းချမှုမှာ တင်ဒါစနစ်တွင် အတွဲ ၉၇၇တွဲ၊ အခြေခံရောင်းဈေး ယူရိုငွေ ၂၁သမ၅၉ သန်းနှင့် ဈေးပြိုင်စနစ်တွင် ၁၃၁တွဲ၊ အခြေခံရောင်းဈေး ယူရိုငွေ ၆ဒသမ ၁၄သန်း စုစုပေါင်း အတွဲ ၁၁၂၈တွဲ အခြေခံရောင်းဈေး ယူရိုငွေ ၈ဒသမ၇၃ သန်း တင်ပြရောင်းချသွားမည်ဖြစ်ကြောင်း၊ တင်ပြရောင်းချမည့် ကျောက်စိမ်းအတွဲတွင် အကျိုးတူလုပ်ငန်းပိုင် အတွဲ ၁၀၄ တွဲ၊ အခြေခံရောင်းဈေး ယူရိုငွေ ၁ဒသမ၈၀ သန်း၊ မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်မှ အတွဲ၇၈ တွဲ၊ အခြေခံရောင်းဈေး ယူရိုငွေ ၀ဒသမ၅၁သန်းနှင့် ပုဂ္ဂလိက ကုမ္ပဏီများမှ အတွဲ၉၄၆တွဲ၊ အခြေခံ ရောင်းဈေး ယူရိုငွေ၆ဒသမ၄၂သန်း စုစုပေါင်း အတွဲ ၁၁၂၈ တွဲ၊ အခြေခံရောင်းဈေး ယူရိုငွေ ၈ဒသမ၇၃ သန်း တင်ပြရောင်းချရန် စီစဉ်ထားကြောင်း။

၂၀၀၄ ခုနှစ် ကျောက်စိမ်း၊ ကျောက်မျက် အထူးရောင်းချပွဲတွင် အကျိုးတူလုပ်ငန်းပိုင် ကျောက်စိမ်း အထည်ကျောက်အရိုင်းတွဲများထဲတွင် ထူးခြားကောင်းမွန်သည့် အထည်ကျောက်အကောင်းများ ပါဝင်အတွဲဖွဲ့စည်းပြီး တင်ပြရောင်းချသွားမည် ဖြစ်ကြောင်း၊ ယခုပြပွဲတွင် တင်ပြသော ကျောက်စိမ်းများအတွက် အခြေခံရောင်းဈေး သတ်မှတ်ခြင်းကို ယခင်ပြပွဲများကဲ့သို့ ကျောက်စိမ်း ဈေးနှုန်းများ အရောင်းအဝယ်ဖြစ်နိုင်လောက်သည့်ဈေးများ သတ်မှတ်ထားခြင်းကြောင့် ကျောက်စိမ်း အတွဲများ ကောင်းစွာ ရောင်းချရလိမ့်မည်ဟု ခန့်မှန်းကြောင်း။

ယခု အထူးရောင်းချပွဲတွင် ကျောက်မျက်အတွဲများ တင်ပြရောင်းချမှုမှာ တင်ဒါစနစ်တွင် ကျောက်မျက်အတွဲ ၇၈တွဲ၊ အခြေခံရောင်းဈေး ယူရိုငွေ ၀ဒသမ၁၄သန်းနှင့် ဈေးပြိုင်စနစ်တွင် ကျောက်မျက်အတွဲ ၆၂ တွဲ၊ အခြေခံ ရောင်းဈေး ယူရိုငွေ ၇ဒသမ၅၉သန်း စုစုပေါင်း ကျောက်မျက်အတွဲပေါင်း၁၄၀၊ အခြေခံရောင်းဈေး ယူရိုငွေ ၇ဒသမ ၇၃သန်း တင်ပြရောင်းချသွားမည် ဖြစ်ကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ပြည်သူ့ဆက်ဆံရေးနှင့် သတင်းဖြန့်ချိရေးကော်မတီဝင် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဗိုလ်မှူးချုပ်အောင်သိန်းက မိတ်ဆက်အမှာစကား ပြောကြားသည်။

ယင်းနောက် ၂၀၀၄ ခုနှစ် ကျောက်စိမ်း၊ ကျောက်မျက်အထူးရောင်းချပွဲ ထူးခြားမှုနှင့်ပတ်သက်၍ အတွင်းရေးမှူး မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးခင်ဦးက ရှင်းလင်းပြောကြားသည်။

ဖြေကြား

ထို့နောက် ပြည်တွင်း၊ ပြည်ပ သတင်းစာဆရာများ၏ မေးမြန်းချက်များနှင့် စပ်လျဉ်း၍ ကျောက်စိမ်း၊ ကျောက်မျက်အထူးရောင်းချပွဲ ကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ သတ္တုတွင်းဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးမြင့်သိန်း၊ အတွင်းရေးမှူး ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးဦးခင်ဦးနှင့် ဗဟိုကော်မတီဝင်များက ပြန်လည်ဖြေကြားသည်။

ထို့နောက် ဗဟိုကော်မတီဥက္ကဋ္ဌ သတ္တုတွင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်သိန်းက နိဂုံးချုပ် အမှာစကား ပြောကြားပြီး သတင်းစာရှင်းလင်းပွဲ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

ကျောက်စိမ်း၊ကျောက်မျက်အထူးရောင်းချပွဲ ရတနာကုန်သည်၄၁၇ဦးရောက်ရှိ

ရန်ကုန် ဇွန် ၂၆

ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ မြန်မာ့ကျောက်မျက်ရတနာခန်းမ၌ ကျင်းပသော ၂၀၀၄ခုနှစ် ကျောက်စိမ်း၊ ကျောက်မျက်အထူးရောင်းချပွဲသို့ ပြည်ပနိုင်ငံပေါင်း လေးနိုင်ငံ၊ ကုမ္ပဏီ ၇၈ခုမှ ရတနာကုန်သည် ၂၁၀နှင့် ပြည်တွင်းကုမ္ပဏီ ၆၆ခုမှ နိုင်ငံသား ရတနာကုန်သည် ၂၀၇ဦး စုစုပေါင်း ရတနာကုန်သည် ၄၁၇ဦး ရောက်ရှိနေကြပြီဖြစ်သည်။

ပံ့ပိုးကူညီ

အဆိုပါ ရတနာကုန်သည်များသည် ယနေ့နံနက် ၉နာရီမှ ညနေ ၅ နာရီအထိ ကျောက်စိမ်း၊ ကျောက်မျက် အထူးရောင်းချပွဲတွင် ခင်းကျင်းပြသထားသော ကျောက်မျက်ရတနာများကို ကြည့်ရှုစစ်ဆေးကြရာ အထူးရောင်းချပွဲကျင်းပရေး ဗဟိုကော်မတီ အတွင်းရေးမှူး မြန်မာ့ကျောက်မျက် ရတနာ ရောင်းဝယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးဦးခင်ဦးနှင့် ကျောက်စိမ်း၊ ကျောက်မျက် ဆပ်ကော်မတီ အတွင်းရေးမှူးများက ကြိုဆိုနှုတ်ဆက်ကြပြီး လိုက်လံရှင်းလင်းပြသ၍ လိုအပ်သည်များကို ပံ့ပိုးကူညီ ဆောင်ရွက်ပေးကြသည်။

ကြည့်ရှုစစ်ဆေးမည်

ဇွန် ၂၇ ရက်နှင့် ၂၈ရက်တို့တွင် ပြည်ပမှ ရတနာကုန်သည်များ ထပ်မံရောက်ရှိကြမည်ဖြစ်ပြီး ကျောက်စိမ်း၊ ကျောက်မျက်အထူးရောင်းချပွဲတွင် ခင်းကျင်းပြသထားသော ကျောက်မျက်ရတနာများကို ဆက်လက်ကြည့်ရှုစစ်ဆေးကြမည်ဖြစ်သည်။

(သတင်းစဉ်)

မိတ်ဆက်စကားပြော

၂၀၀၄ ခုနှစ် ကျောက်စိမ်း၊ ကျောက်မျက် အထူးရောင်းချပွဲ သတင်းစာရှင်းလင်းပွဲတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ပြည်သူ့ဆက်ဆံရေးနှင့် သတင်းဖြန့်ချိရေးကော်မတီဝင် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်းက မိတ်ဆက်စကားပြောကြားစဉ်။ (မြန်မာ့အလင်း)

သန်လျင်ဂေါက်ကလပ်၌ တစ်ချက်တည်းကျင်းဝင်

ရန်ကုန် ဇွန် ၂၆

ဗိုလ်မှူးကြီး ထွန်းအောင်ကျော်သည် ကစားဖော်များဖြစ်ကြသော ဒုတိယဗိုလ်မှူးကြီးတင်ဦး၊ ဗိုလ်မှူးဖုန်းမြင့်၊ ဦးဇော်လင်းတို့နှင့်အတူ ဇွန် ၁၂ ရက်က သန်လျင်ဂေါက်ကလပ်၌ ဂေါက်သီးရိုက်ကစားစဉ် ကျင်းအမှတ်(၁၇)သို့ ၁၀၁ကိုက်အကွာမှ Callaway ဘောလုံးအား Callaway Pitching Wedge တုတ်ဖြင့်ရိုက်လိုက်ရာ တစ်ချက်တည်းဖြင့် ကျင်းဝင်ခဲ့သည်။

အလားတူ သန်လျင်ဂေါက်ကလပ်၌ ဇွန် ၂၀ရက်တွင် ဦးဖြိုးညီညီစိုးသည် ကစားဖော်များဖြစ်ကြသော ဦးမြတ်စိုး၊ ဦးပြည့်ဖြိုးကျော်တို့နှင့် အတူဂေါက်သီးရိုက်ကစားစဉ် ကျင်းအမှတ်(၁၃)သို့ ၁၉၃ကိုက်အကွာမှ Precept D.Feel 33 ဘောလုံးအား Maruman Iron (9) တုတ်ဖြင့် ရိုက်လိုက်ရာ တစ်ချက်တည်းဖြင့် ကျင်းဝင်ခဲ့ကြောင်းသိရသည်။

(က-ပ)

သမဝါယမနေ့ဂုဏ်ပြု ဈေးရောင်းပွဲကျင်းပမည်

ရန်ကုန် ဇွန် ၂၆

အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ဥက္ကလာပမြို့နယ် (၇)ရပ်ကွက်၊ သံသုမာလမ်းနှင့် ဗြဟ္မစိုရ်လမ်းထောင့်ရှိ သီတာဦးစံပြရောင်းဝယ်ရေး သမဝါယမအသင်းလီမိတက်မှ အထူးဈေးရောင်းပွဲတော် ကျင်းပသွားမည်ဖြစ်ရာ ဇွန် ၂၉ရက်မှ ဇူလိုင် ၄ရက်ထိ ၁၀ရာခိုင်နှုန်း ဈေးလျှော့ရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်။ **(၁၉၂)**

ကျောက်စိမ်း၊ ကျောက်မျက်အထူးရောင်းချပွဲ သံအမတ်ကြီးများနှင့် စစ်သံမှူးများကြည့်ရှုလေ့လာ

ရန်ကုန် ဇွန် ၂၆

ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ မြန်မာ့ကျောက်မျက်ရတနာခန်းမ၌ ၂၀၀၄ခုနှစ် ကျောက်စိမ်း၊ ကျောက်မျက်အထူးရောင်းချပွဲ ဗဟိုကော်မတီက ကြီးမှူးကျင်းပသည့် အထူးရောင်းချပွဲတွင် ခင်းကျင်းပြသထားသော ကျောက်မျက်ရတနာများကို ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံတမန်များ၊ စစ်သံမှူးများနှင့် ကုလသမဂ္ဂဆိုင်ရာ အဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များသည် ယနေ့နံနက် ၉နာရီမှ ညနေ ၅နာရီအထိ လာရောက် ကြည့်ရှုလေ့လာကြရာ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် သတ္တုတွင်းဝန်ကြီးဌာန မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေး လုပ်ငန်းမှ တာဝန်ရှိသူများက ကြိုဆိုကြပြီး လိုက်လံရှင်းလင်း ပြသကြသည်။

(သတင်းစဉ်)

သမီးအဖြစ်မှစွန့်လွှတ်ခြင်း

ရန်ကုန်တိုင်း၊ ပုဇွန်တောင်မြို့နယ်၊ ၅၁ လမ်း၊ အမှတ် ၁၆၂/၁၆၄(ဘီ)၊ မြေညီထပ်နေ ကျွန်တော် ကျွန်မတို့၏သမီးဖြစ်သူ မစန္ဒာအောင် ၁၂/ခရန(နိုင်)၀၀၂၈၂၇ သည် မိဘစကား နားမထောင်ပါသဖြင့် ယနေ့မှစ၍ သမီးအဖြစ်မှ စွန့်လွှတ်လိုက်သည်။

မိဘများ
ဦးအောင်ကျော်-ဒေါ်တင်တင်လှ။



အမည်ပြောင်းခြင်း

ပေါက်ခေါင်းမြို့ အထက သတ္တမတန်း(အေ)မှအဖ ဦးမြတ်လင်း၏သား မောင်စည်သူမြတ်သင်းအား ယနေ့မှစ၍ မောင်စွမ်းရည်ထက်ဟု ပြောင်းလဲခေါ်ပါရန်။

မောင်စွမ်းရည်ထက်။

အာရှပတ်လည်မြားပစ်ပြိုင်ပွဲ မြန်မာ ရွှေတစ်ခု၊ ကြေးနှစ်ခု ဆွတ်ခူး နာမည်ကြီး အိန္ဒိယမြားပစ်အသင်းကို အနိုင်ယူနိုင်ခဲ့

ရန်ကုန် ဇွန် ၂၆

၂၀၀၄ ခုနှစ် ဒုတိယအကြိမ် အာရှပတ်လည် မြားပစ်ပြိုင်ပွဲကို မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့တွင် ဇွန် ၁၈ ရက်မှ ၂၀ ရက်အထိ ကျင်းပရာ မြန်မာမြားပစ်အဖွဲ့သည် ရွှေတစ်ခု ကြေးနှစ်ခုဆွတ်ခူးရရှိခဲ့သည်။အောင်ပွဲရ မြန်မာမြားပစ်အဖွဲ့သည် ဇွန် ၂၁ ရက် နံနက် ၁၁ နာရီ ၅၅ မိနစ်တွင် ကွာလာလမ်ပူမြို့မှ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ရောက်ရှိရာ အားကစားနှင့် ကာယပညာဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဒုတိယဗိုလ်မှူးကြီး မောင်ကိုနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ မြားပစ်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးတင့်ဆန်း(ACEဆောက်လုပ်ရေး)နှင့် အမှုဆောင်များ၊ မြန်မာနိုင်ငံ မြားပစ်အဖွဲ့ချုပ်မှ မြားပစ်မောင်မယ်များက ကြိုဆိုကြသည်။

ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် မြန်မာ မြားပစ်အဖွဲ့ ခေါင်းဆောင် ဦးဇော်ထွန်း(ရွှေဂုံတိုင် အထူးကုဆေးခန်း)နှင့် အုပ်ချုပ်သူနှင့် နည်းပြအဖြစ် လိုက်ပါသွားသည့် မြန်မာနိုင်ငံ မြားပစ်အဖွဲ့ချုပ် အတွင်းရေးမှူး ဦးကျော်ဦး (လက်ထောက်ညွှန်ကြားရေးမှူး အား/ကာ)၊ ရွှေတံဆိပ်ရှင် သင်းသင်းခိုင်တို့နှင့် တွေ့ဆုံ၍ ပြိုင်ပွဲအတွေ့အကြုံနှင့် လာမည့်ပြိုင်ပွဲများအတွက် ကြိုတင်ပြင်ဆင်မှု အခြေအနေများကို မြန်မာ့အလင်းက တွေ့ဆုံမေးမြန်းခဲ့သည်။

မြားပစ် အဖွဲ့ခေါင်းဆောင် ဦးဇော်ထွန်းက "မိမိတို့ Recurve နှင့် Compound ပြိုင်ပွဲဝင် အားကစားသမားများဖြစ်သည့် သင်းသင်းခိုင်၊ ညီညီထွန်း၊ ထွန်းလင်းအောင်၊ ဇော်မင်းထွန်းနှင့် ပေါ်ဦးတို့ လက်ရည်တိုးတက်မှုရှိကြောင်း၊ ပြိုင်ပွဲဝင်နိုင်ငံ ၁၄ နိုင်ငံမှ နာမည်ကြီး မြားပစ်ထိပ်သီးအသင်းဖြစ်သည့် အိန္ဒိယမြားပစ်အသင်းပါဝင်၍ ပွဲမှာကြည့်ကောင်းပြီး သူတို့ကို သင်းသင်းခိုင်က ကျော်ဖြတ်အနိုင်ယူ၍ ဂုဏ်ယူကြောင်း" စသည်ဖြင့် ပြောကြားသည်။

အုပ်ချုပ်သူနှင့် နည်းပြဆရာ ဦးကျော်ဦးက "မိမိတို့ ပထမနေ့ ဇွန် ၁၈ ရက် နံနက် ၉ နာရီက မီတာ ၇၀ အကွာအဝေးမှ မြား ၇၂ ချောင်း စတင်ပစ်ခတ် ယှဉ်ပြိုင်ကြရာ မြားခြောက်ချောင်းမြောက် ပစ်အပြီးအတွင် မိုးရွာသွန်း၍ ပစ်ခတ်မရဘဲရှိနေရာ ပြိုင်ပွဲကို မိနစ် ၃၀ နားပြီးမှ ပြန်လည် ယှဉ်ပြိုင်ရကြောင်း၊ သင်းသင်းခိုင်နှင့် ညီညီထွန်းတို့သည် ရန်ကုန်မှာပစ်ခဲ့သော လက်ရည်အတိုင်း ပစ်ခတ်သွားနိုင်ကြောင်း၊ ညီညီထွန်းသည် မြား ၁၂ ချောင်းပစ်ရာတွင် ၁၁၃ မှတ် ရကြောင်း၊ ၎င်း၏ရမှတ်မှာ ယခုပြိုင်ပွဲတွင် အမှတ်အများဆုံးဖြစ်ကြောင်း၊ ညီညီထွန်းသည် တိုးတက်မှုရှိသော အားကစားသမား ဖြစ်ကြောင်း၊ သင်းသင်းခိုင် အနေဖြင့် ယခု သူမပြိုင်ရသည့် နိုင်ငံပေါင်း ၁၄ နိုင်ငံမှ မြားပစ်အားကစားသမား ၂၂ဦးတွင် အိန္ဒိယအသင်းသည် ကမ္ဘာ့ထိပ်သီးစာရင်းတွင် နံပါတ်ငါး နေရာရှိရာ ၎င်းတို့ကို ကျော်ဖြတ်အနိုင်ယူခဲ့၍ အရမ်းကို ဂုဏ်ယူမိကြောင်း၊ ကျန်အားကစားသမားများလဲ ရန်ကုန်၌ လေ့ကျင့်စဉ်က ရမှတ်နီးပါး ပစ်ခတ်သွားနိုင်ကြောင်း၊ Compound မြားပစ်ပြိုင်ပွဲ ပါဝင်ယှဉ်ပြိုင်သွားသည့် ပေါ်ဦးသည် အဆင့် ၅အထိရအောင် ပစ်ခတ်နိုင်ကြောင်း၊ ပထမအကြိမ် ထည့်သွင်းယှဉ်ပြိုင်ရသည့် ပြိုင်ပွဲဖြစ်သဖြင့် ပြိုင်ပွဲဝင်အားလုံး သူတင်ကိုယ်တင် ယှဉ်ပြိုင်သွားကြကြောင်း၊ ရှေ့ပြိုင်ပွဲများအတွက် ကြိုတင်ပြင်ဆင်မှုများပြုလုပ်ထားကြောင်း၊ ၂၀၀၄ခုနှစ် ဒီဇင်ဘာ နောက်ဆုံးပတ်သို့မဟုတ် ၂၀၀၅ခုနှစ် ဇန်နဝါရီလတွင် ပထမ အကြိမ် အရှေ့တောင်အာရှ တံခွန်စိုက် မြားပစ်ပြိုင်ပွဲ အိမ်ရှင်အဖြစ် လက်ခံ ကျင်းပရန်စီစဉ်ထားကြောင်း၊ အာဆီယံ မြားပစ်အဖွဲ့ချုပ်ဥက္ကဋ္ဌ ထိုင်းနိုင်ငံမှ မစ္စတာစင်ဂွမ်းကလည်း မူအားဖြင့် သဘောတူထားကြောင်း၊ ၂၀၀၄ ခုနှစ် နိုဝင်ဘာလတွင် ဗီယက်နမ်နိုင်ငံ ဟန္နိုင်းမြို့တွင် ကျင်းပမည့် တတိယအကြိမ် အာရှပတ်လည် မြားပစ်ပြိုင်ပွဲ၊ ၂၀၀၅ ခုနှစ် ဖေဖော်ဝါရီလတွင် ကျင်းပမည့် ပထမအကြိမ် မြားပစ်ပြိုင်ပွဲနှင့် ၂၀၀၅ ခုနှစ် မေလနောက်ဆုံးပတ်တွင် ကျင်းပမည့် ကိုရီးယားအပြည်ပြည်ဆိုင်ရာ မြားပစ်ပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ ယင်းသို့ နိုင်ငံတကာပြိုင်ပွဲများ ပါဝင်ယှဉ်ပြိုင်ရခြင်းမှာ ဖိလစ်ပိုင်နိုင်ငံတွင် ကျင်းပမည့် (၂၃)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် အောင်မြင်မှုရရန်အတွက် အဓိကထားယှဉ်ပြိုင်ခြင်းဖြစ်ကြောင်း" စသဖြင့် မြန်မာ့အလင်းသို့ပြောကြားသွားသည်။

ရွှေတံဆိပ်ရစ်ခုရှင် သင်းသင်းခိုင်က ပြောကြားရာတွင် "မိမိ ယခုပြိုင်ပွဲတွင် ထိပ်သီးအသင်းဖြစ်သည့် အိန္ဒိယ မြားပစ်အားကစားသမားများကို အနိုင်ယူလိုက်နိုင်၍ ဂုဏ်ယူကြောင်း၊ မိမိ ယခုရွှေတံဆိပ်အပါဝင် နိုင်ငံတကာပြိုင်ပွဲများမှ ရွှေတံဆိပ်ရှစ်ခု ရရှိထားကြောင်း၊ အေသင်၌ ကျင်းပမည့် ကမ္ဘာ့အိုလံပစ်ပြိုင်ပွဲသို့ မိမိ ပါဝင် ယှဉ်ပြိုင်ခွင့်ရထားကြောင်း၊ ယခုထက် လက်ရည် ပိုမိုတိုးတက်ရန် ကြိုးစားမည်ဖြစ်ကြောင်း" ပြောကြားသွားသည်။

မီတာ ၇၀ အမျိုးသမီး တစ်ဦးချင်း မြား ၇၂ ချောင်း ပစ်ခတ်ပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ သင်းသင်းခိုင်က ၆၁၈ မှတ် ပစ်ခတ်နိုင်ပြီး ပထမရရှိခဲ့သည်။ ဒုတိယဆုကို အိန္ဒိယနိုင်ငံမှ Sumangla က ၆၁၂ မှတ်ဖြင့် လည်းကောင်း၊တတိယဆုကို အိန္ဒိယမှ Lahi Mirantma Ghi ကလည်းကောင်း အသီးသီးရရှိကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။ **(မြန်မာ့အလင်း)**

သတင်းဆောင်းပါးနှင့်ဓာတ်ပုံ သိန်းဝင်းလေး (မြန်မာ့အလင်း)

ရှင်းပြ

မြန်မာနိုင်ငံ မြားပစ်အဖွဲ့ချုပ် အတွင်းရေးမှူး ဦးကျော်ဦးက ပြိုင်ပွဲ အခြေအနေနှင့် မြန်မာနိုင်ငံ မြားပစ်အဖွဲ့ချုပ် ရှေ့ပြိုင်ပွဲများ စီစဉ်ထားမှုကို မြန်မာ့အလင်းသို့ ရှင်းပြစဉ်။

ဓာတ်ပုံ– သိန်းဝင်းလေး (မြန်မာ့အလင်း)

နိုင်ငံတကာ ပြိုင်ပွဲများမှ ယခု ပြိုင်ပွဲ အပါအဝင် ရွှေတံဆိပ် ရှစ်ခု ရရှိထားသူ သင်းသင်းခိုင်အား ဆုတံဆိပ်နှင့် အတူ ရန်ကုန် အပြည်ပြည် ဆိုင် ရာ လေ ဆိပ် တွင် တွေ့ရစဉ်။

ဓာတ်ပုံ– သိန်းဝင်းလေး (မြန်မာ့အလင်း)

ရွှေတံဆိပ်တစ်ခုနှင့် ကြေးတံဆိပ်နှစ်ခုရ အောင်ပွဲရ မြန်မာမြားပစ်အဖွဲ့အား ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်သူများနှင့်အတူ တွေ့ရစဉ်။ ဓာတ်ပုံ–သိန်းဝင်းလေး (မြန်မာ့အလင်း)

ကျိုက်လတ်မြို့ သာယာဝဲ–အရှေ့ဆင့်ကူးလမ်း ကျောက်ချောလမ်းခင်းရန် ကျောက်စုဆောင်း

ကျိုက်လတ် ဇွန် ၂၀

ဧရာဝတီတိုင်း ကျိုက်လတ်မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ၂၀၀၄–၂၀၀၅ ဘဏ္ဍာရေးနှစ်တွင် အဖွဲ့ရန်ပုံငွေဖြင့် ကျောက်ချောလမ်းအဖြစ် ဆောင်ရွက်မည့်၊ သာယာဝဲ–အရှေ့ဆင့်ကူးလမ်းအတွက် ကျောက်ကြီးများ ဝယ်ယူစုဆောင်းလျက်ရှိရာ ဇွန် ၁၄ ရက်က မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမြင့်မောင်နှင့်တာဝန်ခံအင်ဂျင်နီယာ ဦးသိန်းဦးတို့သည် ကျောက်များ၊ စုဆောင်းထားရှိမှုနှင့် လုပ်ငန်းခွင်သို့ သယ်ယူရေးအတွက် ကြီးကြပ်ဆောင်ရွက်ပေးကြသည်။ **(ဓာတ်ပုံ)**

အဆိုပါ သာယာဝဲ–အရှေ့ဆင့်ကူးလမ်းမှာ အရှေ့ဆင့်ကူးကျေးရွာမှ သာယာဝဲကျေးရွာ–မအူပင်–ကျိုက်လတ် ကားလမ်းသို့ ဆက်သွယ်သောလမ်းဖြစ်ပြီး ကျေးရွာ ၁၁ ရွာမှ ပြည်သူများ၊ မအူပင်မြို့နှင့် ကျိုက်လတ်မြို့များသို့ ရာသီမရွေး အလွယ်တကူ ဆက်သွယ်သွားလာနိုင်ကြမည်ဖြစ်သည်။

(မြို့နယ်စည်ပင်)

ဇွန် ၁၃ ရက်က ဧရာဝတီတိုင်း ကန်ကြီးထောင့်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးစိုးမြင့်၊ တာဝန်ခံအင်ဂျင်နီယာ ဦးတင်ထွေးနှင့် ဝန်ထမ်းများ၊ ဈေးသူဈေးသားများက ဒါးကစံပြကျေးရွာ စည်ပင်သာယာဈေးအတွင်း စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ကြရာ မြို့နယ်ဥက္ကဋ္ဌ ဦးအောင်ကျော်နှင့် အဖွဲ့ဝင်များက ကြည့်ရှုအားပေးကြစဉ်။ (၁၀၈)

စာပေညီလာခံ အတွေ့အကြုံရှင်းလင်းပွဲကျင်းပ

သုံးခွ ဇွန် ၂၁

သုံးခွမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးဆိုက်ကျင်(မြို့မ)ရုံးခန်းနေအိမ်တွင် မဟာသိမ်တော်ကြီး ပရိယတ္တိစာသင်တိုက် ပဓာနဆရာတော် ဘဒ္ဒန္တကုမာရ(အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ)ကို နေ့ဆွမ်းဆက်ကပ်ပြီး ပရိတ်တရားတော်နာ ရေစက်ချ အလှူတော်ငွေများ လှူဒါန်းသည်။(အပေါ်ပုံ)

အဆိုပါ နေအိမ်တွင် တတိယအကြိမ် စာပေညီလာခံ ဗဟိုဦးစီး အစည်းအဝေး အတွေ့အကြုံရှင်းလင်းပွဲ အခမ်းအနားကို ဇွန် ၁၉ ရက်က ကျင်းပသည်။

အဆိုပါရှင်းလင်းပွဲတွင် သဘာပတိအဖြစ် ဆရာ ဦးသိန်းတန်ကလည်းကောင်း၊ အခမ်းအနားမှူးအဖြစ် ဦးဟန်စိန်ကလည်းကောင်း၊ သုံးခွမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးဆိုက်ကျင်(မြို့မ)က အစည်းအဝေး အတွေ့အကြုံများကို ရှင်းလင်းတင်ပြသည်။

(၁၃၇)

မူလတန်းကျောင်းသစ် ပျဉ်းမနား၌ဖွင့်လှစ်

ပျဉ်းမနား ဇွန် ၁၂

မန္တလေးတိုင်း ပျဉ်းမနားမြို့နယ် ပဒတ်ချောင်းကျေးရွာအုပ်စု လန်းဂေါ ကျေးရွာ အခြေခံပညာမူလတန်းကျောင်းသစ်ဖွင့်ပွဲ အခမ်းအနားကို ဇွန် ၉ ရက်က ကျင်းပသည်။

အခမ်းအနားသို့ လက်ထောက်မြို့နယ်ပညာရေးမှူး ဦးရဲထွဋ်၊ ကျေးရွာဥက္ကဋ္ဌ ဦးကီးလှဲ၊ ကျေးရွာအုပ်စု အသင်းစည်းရုံးရေးမှူးနှင့် အသင်းဝင်များ၊ ဆရာ ဆရာမများ၊ ကျောင်းသူကျောင်းသားများနှင့် ပြည်သူများတက်ရောက်ကြသည်။ ရှေးဦးစွာ မြန်မာ့ကျောင်းသီချင်းနှင့် နိုင်ငံတော်သီချင်းတို့ကိုသီဆိုပြီး လက်ထောက်မြို့နယ်ပညာရေးမှူး ဦးရဲထွဋ်နှင့် ကျေးရွာဥက္ကဋ္ဌ ဦးကီးလှဲတို့က ဖဲကြိုးဖြတ်၍ ကျောင်းသစ်ကို ဖွင့်လှစ်ပေးသည်။

(၀၉၉)

ဆင်းရှေလီ နွေစပါးတစ်ဧက တင်း ၂၀၀ ကျော်ထွက်ရှိရေး မူဆယ်ခရိုင် နမ့်ခမ်းမြို့ နွေစပါးစံပြစိုက်ခင်းလေ့လာ

နောင်ချို ဇွန် ၁၇

ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကိုကိုလွင် ကြီးကြပ်ကာ မြို့နယ်စိုက်/ကြပ်ကော်မတီဝင်များ၊ သုံးဆယ်၊ ဆမ္မဆယ်၊ ကုန်းသာနှင့် အုမ္မခါးကျေးရွာ အုပ်စုအသီးသီးတို့မှ တောင်သူလယ်သမား ၆၀တို့သည် ဒေသဝမ်းစာဖူလုံရေးအတွက် ဆင်းရှေလီ နွေစပါး တစ်ဧက တင်း ၂၀၀ ကျော်ထွက်ရှိသည့် မူဆယ်ခရိုင် နမ့်ခမ်းမြို့နယ် နွေစပါးစံပြစိုက်ခင်းနှင့် စပ်စပါးထုတ်လုပ်ရေးတို့ကို ဇွန် ၁၄ ရက်က သွားရောက်လေ့လာခဲ့ကြောင်း သိရသည်။ (၂၄၂)

ပုသိမ်မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ရောဝတီတိုင်း စည်ပင်သာယာရေးအဖွဲ့၏ကြီးကြပ်မှုဖြင့် ၂၀၀၄-၂၀၀၅ခု ဘဏ္ဍာရေးနှစ်တွင် ကျေးလက်အိမ်ရာ ၃၁ လုံးကို ဆောက်လုပ်ပေးမည်ဖြစ်ရာ ရောဝတီတိုင်း စည်ပင်သာယာရေးအဖွဲ့ညွှန်ကြားရေးမှူး ဦးအုန်းသွင် ဇွန် ၂၃ရက်က သလပ်ချာကျေးရွာရှိ ကျေးလက်အိမ်ရာဆောက်လုပ်နေမှုကို ကွင်းဆင်းစစ်ဆေးစဉ်။

(မြို့နယ်စည်ပင်)

ဇွန် ၁ ရက်က ကရင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးသက်နှင်းဦးသည် သံတောင်ကြီးမြို့ အမှုဆောင်အရာရှိ ဦးသန်းထွန်းအောင်နှင့်အဖွဲ့ လိုက်ပါလျက် သံတောင်ကြီးမြို့ ရွှေညောင်ပင်ကျေးရွာ ကိုယ့်အားကိုယ်ကိုး ကတ္တရာလမ်း ပြီးစီးမှုနှင့် လမ်းဘေးရေစီးရေလာ ကောင်းမွန်ရေးအတွက် မြောင်းများဖောက်လုပ်မှုကို ကွင်းဆင်းစစ်ဆေးကြစဉ်။ (ခရိုင် ပြန်/ဆက်)

(၁၁၂)ကြိမ်မြောက် သွေးလှူဒါန်း

ရန်ကုန် ဇွန် ၂၆

ကမ္ဘာ့သွေးလှူရှင်များနေ့ကို ဂုဏ်ပြုသောအားဖြင့် အမှတ်(၅)ရပ်ကွက် ရန်ကင်းမြို့နယ်မှ စစ်မှုထမ်းဟောင်းအဖွဲ့ဝင် ဦးစိုးတင့် လူမှုထူးချွန်(ပ-ဆင့်)**(အပေါ်ပုံ)**သည် ဗဟန်းမြို့နယ် မင်္ဂလာဗျူဟာ အသင်းချုပ်တွင် (၁၁၂) ကြိမ်မြောက် သွေးလှူဒါန်းကြောင်း သိရသည်။ **(က-ပ)**

မင်းလှမြို့ဈေးချိုတန်းလမ်း ကတ္တရာခင်းဆောင်ရွက်

မင်းလှ ဇွန် ၁၃

မင်းလှမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၀၄-၂၀၀၅ ခုဘဏ္ဍာရေးနှစ်ခွင့်ပြုငွေဖြင့် ဆောင်ရွက်သော ပေ ၃၇၀ အရှည်ရှိ ဈေးချိုတန်းလမ်း ကတ္တရာခင်းခြင်းလုပ်ငန်း ဆောင်ရွက်မှုတွင် မင်းလှမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသီဟထွန်းနှင့် လက်ထောက်အင်ဂျင်နီယာ ဦးတင်လင်းဦးတို့က ဇွန် ၁၀ ရက်တွင် ကွင်းဆင်းစစ်ဆေးကြသည်။**(ဝဲပုံ)**

ပုံ့ပိုးကူညီ

အဆိုပါ ကိုယ့်အားကိုယ်ကိုး ဈေးချိုတန်းလမ်းကို ပြည်သူများက ထည့်ဝင်ငွေ ကျပ် ၁၇ သိန်းဖြင့် ကတ္တရာလမ်း အရှည်ပေ ၃၃၀ ကို ခင်းပြီးကြောင်းနှင့် မင်းလှမြို့နယ်စည်ပင်မှ ကတ္တရာ ၂ဒသမ ၅တန် ပံ့ပိုးကူညီသည်။ **(မြို့နယ် စည်ပင်)**

အနီးကပ်ကြီးကြပ်

ဇွန် ၉ရက်က ဇန်းမော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိဦးကျော်သူနှင့် အငယ်တန်းအင်ဂျင်နီယာ (၂) ဒေါ်ဇင်မာလွင်တို့က မေတ္တာရိပ်မွန် ရေကန်အတွင်း မှော်များကို စက်ယန္တရားဖြင့် ဆယ်တင်ခြင်းကို အနီးကပ်ကြီးကြပ် ဆောင်ရွက်ကြစဉ်။

(မြို့နယ်စည်ပင်)

ကျန်းမာရေး ပညာပေးဟောပြော

ရွှေကျင် ဇွန် ၁၈

ရွှေကျင်မြို့နယ် သံဆိပ်ကျန်းမာရေးဌာနမှ အင်္ဂနီကျေးရွာ တွဲဖက်အလယ်တန်းကျောင်းတွင် ဇွန် ၁၆ ရက်က ကျန်းမာရေးပညာပေး ဟောပြောပွဲ ကျင်းပသည်။

အဆိုပါဟောပြောပွဲတွင် သံဆိပ်ကျန်းမာရေးဌာနမှ ကျန်းမာရေးမှူး ဦးချစ်ဝင်းက ရေကောင်းရေသန့်သုံးစွဲခြင်းနှင့် ယင်လုံအိမ်သာ သုံးစွဲခြင်းတို့ကို အကျယ်တဝင့် ရှင်းလင်းဟောပြောပြီး ကျန်းမာရေးဆရာမ ဒေါ်သန်းဆင့်က တစ်ကိုယ်ရေသန့်ရှင်းရေးနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေးအကြောင်းတို့ကို ဟောပြောကြသည်။

ကျေးရွာဥက္ကဋ္ဌ ဦးသောင်းနှင့် ကျောင်းအုပ်ဆရာမကြီး ဒေါ်အုန်းမြေ့တို့က ကျေးဇူးတင်စကား ပြန်လည်ပြောကြားကြသည်။

(၃၂၉)

e- Education Learning Centre
သင်ခန်းစာထုတ်လွှင့်မည့်အစီအစဉ်
မွန်းလွဲ ၁ နာရီမှ ညနေ ၃ နာရီထိ

၂၈-၆-၂၀၀၄ (တနင်္လာနေ့)

- ❑ Isostasy, Continental Drift and Plate
  - တတိယနှစ်၊နောက်ဆုံးနှစ်ဂုဏ်ထူးတန်း၊မဟာဝိဇ္ဇာ၊ ပါရဂူဘွဲ့ကြိုသင်တန်း
- ❑ လီဒိုလမ်း၏အတိတ်နှင့်အနာဂတ်မျှော်လင့်ချက်များ
  ပါရဂူဘွဲ့သင်တန်းများ

၂၉-၆-၂၀၀၄ (အင်္ဂါနေ့)

- ❑ Client Centered Psychotherapy
  - မဟာဝိဇ္ဇာတန်းနှင့်စိတ်ပညာ မဟာသိပ္ပံ(စိတ်ကျန်းမာပညာ) သင်တန်းများ
- ❑ Systems of Ordinary Differential Equations
  - မဟာသိပ္ပံပထမနှစ်နှင့် ဒုတိယနှစ်သင်တန်းများ
- ❑ The Diversity of Life on Earth
  - မဟာသိပ္ပံ ဒုတိယနှစ်သတ္တဗေဒနှင့် Environmental Studies သင်တန်းသားများ

၃၀-၆-၂၀၀၄ (ဗုဒ္ဓဟူးနေ့)

- ❑ Elemental Analysis Using EDXRF
  - မဟာသိပ္ပံ၊ မဟာသုတေသန၊ ပါရဂူဘွဲ့သင်တန်းများနှင့် ဘွဲ့ကြိုသင်တန်း
- ❑ Computer Aided Teaching For Nuclear Physics
  - မဟာသိပ္ပံ၊ မဟာသုတေသန၊ ပါရဂူဘွဲ့သင်တန်းများနှင့် ဘွဲ့ကြိုသင်တန်းများ
- ❑ The Nature and Scope of the Law
  - ပထမနှစ်မှ နောက်ဆုံးနှစ် ဥပဒေအထူးပြုကျောင်းသားကျောင်းသူများ

မြန်မာ့ရတနာပတ္တမြားနီလာ၏ဘူမိဗေဒ
ဘူမိဗေဒအထူးပြု မဟာတန်းများ

၁-၇-၂၀၀၄ (ကြာသပတေးနေ့)

- ❑ Introduction to Plant Biotechnology
  - ပထမနှစ်မှ မဟာသိပ္ပံအထိ ရက္ခဗေဒအထူးပြုကျောင်းသားကျောင်းသူများ
- ❑ Myanmar Agenda 21 and Myanmar-United Nations
  Co-operation in Enviromental Rehabilitation in the Dry Zone
  - မဟာဝိဇ္ဇာ၊ ပါရဂူဘွဲ့၊ ဘွဲ့လွန်သင်တန်းများ
- ❑ Some Well-known Name Reactions for Organic Synthesis
  - မဟာသိပ္ပံနှင့်ပါရဂူဘွဲ့သင်တန်းများ
  ပုဂံခေတ်ကျောက်စာ အဆောက်အအုံ(၅)ခုအနက် "နန်းဘုရား" အကြောင်း
  ရှေးဟောင်းသုတေသနပညာအထူးပြုနှင့် စိတ်ဝင်စားသူများ

၂-၇-၂၀၀၄ (သောကြာနေ့)

- ❑ Language and Education(1)
  - တက္ကသိုလ်ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာသင်ကြားပို့ချလျက်ရှိသော ဆရာ ဆရာမများ
- ❑ Language and Education(2)
  - တက္ကသိုလ်ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာသင်ကြားပို့ချလျက်ရှိသော ဆရာ ဆရာမများ

နံနက် ၉:၀၀ နာရီမှ ညနေ ၄ နာရီထိ

၃-၇-၂၀၀၄ (စနေနေ့)

- ❑ အဝေးသင်တက္ကသိုလ် ကျောင်းသူ ကျောင်းသားများအတွက် သင်ခန်းစာများ

၄-၇-၂၀၀၄ (တနင်္ဂနွေနေ့)

- ❑ အဝေးသင်တက္ကသိုလ် ကျောင်းသူ ကျောင်းသားများအတွက် သင်ခန်းစာများ

ရေစီးရေလာကောင်းမွန်ရေး ရေနုတ်မြောင်းများတူးဖော်

မိုးညှင်း ဇွန် ၂

ကချင်ပြည်နယ်မိုးညှင်းမြို့ သန့်ရှင်းသာယာလှပရေး စီမံချက်အရ မြို့မရပ်ကွက် ပြည်ထောင်စုလမ်း တစ်လျှောက်ရှိ လင်းရောင်ခြည်ထောင့်မှ ရွှေဦးမွန်လမ်းဆုံထောင့်ရှိ ရေဆိုးမြောင်းတူးဖော်ခြင်းလုပ်ငန်းကို မေ ၂၆ ရက်က ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် ရပ်ကွက်ပြည်သူများ စုပေါင်း၍ ပြည်သူ့အကျိုးပြု ရေနုတ်မြောင်းတူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်ကြရာ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်အောင်၊ မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးတင်ဝင်းနှင့် တာဝန်ရှိသူများက ကြီးကြပ်ပြီး လိုအပ်သည်များ ဖြည့်ဆည်း ဆောင်ရွက်ပေးကြကြောင်း သိရသည်။ **(က–ပ)**

ကိုယ့်အားကိုယ်ကိုး အလိမ္မာကျေးလက်စာကြည့်တိုက်ဖွင့်

မော်လမြိုင်ကျွန်း ဇွန် ၂၃

မော်လမြိုင်ကျွန်းမြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကြီးမှူး၍ကိုယ့်အားကိုယ်ကိုး ကျေးလက်စာကြည့်တိုက် ဖွင့်ပွဲကို ဇွန် ၂၁ ရက်က ပျားမွတ်လျှော်ချောင်း ကျေးရွာအုပ်စု ကျုံလတာကျေးရွာ ကျေးလက်စာကြည့်တိုက် အဆောက်အအုံ၌ ကျင်းပရာ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်အေးအေးယု၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးမှူး ဒေါ်မြင့်မြင့်ကြည်နှင့် မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ ဘဏ္ဍာရေးမှူး ဒေါ်ဝင်းဝင်းတို့က အလိမ္မာ ကိုယ့်အားကိုယ်ကိုး ကျေးလက်စာကြည့်တိုက်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

(အပေါ်ပုံ)

မြို့နယ်အတွင်း ကိုယ့်အားကိုယ်ကိုး ကျေးလက်စာကြည့်တိုက် ဖွင့်ပွဲများကို ဇွန် ၁၃ ရက်မှ ၂၁ ရက်အထိ မြို့နယ်အတွင်းရှိ ကျေးရွာများဖြစ်သော ကျွန်းချောင်း၊ ဖိုးတီးလွတ်၊ ဗြန့်ကြီးမြစ်ကျိုး၊ ဗြန့်ကြီးအုန်းပင်စု၊ လပွတ်ကွဲတဲချောင်း၊ စိန်ပန်းဘုရားကြီးကုန်း၊ တူတောကဗြ၊ ကျုံလမုကြီး၊ ဂုံညှင်းတန်း၊ ပျားမွတ်ကျုံလတာနှင့် ဘိုးသာအေး ကျေးရွာများတွင် ဖွင့်ပွဲအခမ်းအနားများနှင့် ဟောပြောပွဲများ ကျင်းပသည်။

(မြို့နယ် ပြန်/ဆက်)

အမရပူရမြို့နယ် ကျေးလက်များ လျှပ်စစ်မီးလင်းရေးလုပ်ငန်းဖွင့်

မြစ်ငယ် ဇွန် ၁၄

သမဝါယမဝန်ကြီးဌာန၏ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးအစီအစဉ်အရ မန္တလေးတိုင်း အမရပူရမြို့နယ် နတ်ရေကန်ကျေးရွာအုပ်စု ရှားတောလေးကျေးရွာရှိ လယ်ယာနှင့် အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်းနှင့် အဖွဲ့အစည်းအသီးသီးတို့ ပူးပေါင်း ညှိနှိုင်းဆောင်ရွက်သည့် လျှပ်စစ်မီးလင်းရေးလုပ်ငန်း ဖွင့်ပွဲ အခမ်းအနားကို ဇွန် ၁၀ ရက်က အဆိုပါ ကျေးရွာလုပ်ငန်းခွဲရုံးတွင် ကျင်းပရာ မန္တလေးတိုင်း သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအောင်ဖြူ တက်ရောက် ဖဲကြိုးဖြတ်ဖွင့်လှစ်သည်။

ရှေးဦးစွာ မြို့နယ်သမဝါယမဦးစီးအရာရှိ ဒေါ်မြင့်ဝင်းကြည်က လျှပ်စစ်မီးလင်းရေးအတွက် ဆောင်ရွက်သည့် လုပ်ငန်းအခြေအနေများကို ရှင်းလင်းပြောကြားပြီး လုပ်ငန်းတာဝန်ခံ ဦးအောင်ကျော်စိန်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ထို့နောက် မန္တလေးတိုင်း သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအောင်ဖြူက ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြောင်း သိရသည်။ **(၂၀၉)**

မန္တလေး ချမ်းအေးသာစံမြို့နယ် အောင်နန်းရိပ်သာ အရှေ့ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးတွင် မေ ၂၇ ရက်က မြို့နယ် အမျိုးသမီးရေးရာအဖွဲ့နှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနတို့ ပူးပေါင်းဖွင့်လှစ်သော နယ်လှည့်စာကြည့်တိုက်၊ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့် ပညာပေးဟောပြောပွဲအခမ်းအနားအပြီး နယ်လှည့်စာကြည့်တိုက်ကို ရပ်ကွက်ပြည်သူများ စိတ်ပါဝင်စားစွာ လေ့လာကြည့်ရှုကြစဉ်။ (မြို့နယ် ပြန်/ဆက်)

အမြို့မြို့ အနယ်နယ် သတင်းများ

ဘားအံစံပြကျေးရွာများသို့ စာအုပ်လှူဒါန်းပွဲကျင်းပ

ဘားအံ ဇွန် ၇

ဘားအံမြို့နယ် စံပြကျေးရွာများသို့ စာကြည့်တိုက်ဖွင့်လှစ်နိုင်ရန်အတွက် စာအုပ်များ လှူဒါန်းပွဲအခမ်းအနားကို ဇွန် ၁ ရက်က ဘားအံမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးတွင် ကျင်းပသည်။

အခမ်းအနားတွင် ဘားအံခရိုင် အမျိုးသမီးရေးရာအဖွဲ့ နာယက ဘားအံခရိုင်ဥက္ကဋ္ဌ၏ ဇနီး ဒေါ်နန်းအေးမေ၊ ဘားအံမြို့နယ် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်စန်းလှနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်နန်းအေးကြည်တို့က မဂ္ဂဇင်း ၄၉၅ အုပ်နှင့် ဂျာနယ် ၈၂၅ စောင်တို့ကို ဘားအံမြို့နယ်အတွင်း စံပြကျေးရွာပေါင်း ၄၀ မှ တာဝန်ရှိသူများကို ပေးအပ်လှူဒါန်းကြောင်း သိရသည်။ **(အပေါ်ပုံ)** **(ခရိုင် ပြန်/ဆက်)**

ကြည့်ရှုစစ်ဆေး

ရခိုင်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးညိုဝင်းမြင့်နှင့်အဖွဲ့ ဇွန် ၂ ရက်က ဘူးသီးတောင်မြို့နယ် ကန်တော်ကြီး ရေလှောင်ကန်ကို ကြည့်ရှုစစ်ဆေးစဉ်။ (မြို့နယ် စည်ပင်)

ဇွန် ၁၆ ရက်က အိမ်မဲမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် မြို့ရွာများ စိမ်းလန်းစိုပြည်ရေးအတွက် အရိပ်ရပင်နှင့် ပန်းအလှပင်များ မြေချစိုက်ပျိုးခြင်းနှင့် ပန်းအလှပင် လျာထားချက် ၅၀၀၀၀ ပြည့်မီကျော်လွန်ရေးအတွက် ပျိုးထောင်ခြင်းလုပ်ငန်းများကို အဖွဲ့တာဝန်ခံ အင်ဂျင်နီယာ ဦးမိုးမြင့်ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ် စည်ပင်)

ဇွန် ၁ ရက်က မအူပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ အမှုဆောင် အရာရှိ (လက်ထောက်ညွှန်ကြားရေးမှူး) ဦးစိုးနိုင်ဦး၊ လက်ထောက် အင်ဂျင်နီယာ ဦးစိုးနိုင်ဦးနှင့် မြို့နယ် အသင်းအမှုဆောင် ဦးဝင်းဌေးတို့က မြို့နယ်အတွင်းရှိ စံပြကျေးရွာများသို့ ကွင်းဆင်းဆောင်ရွက်မှုကို ဧရာဝတီတိုင်း စည်ပင်သာယာရေးအဖွဲ့မှ ညွှန်ကြားရေးမှူး ဦးအုန်းသွင် ကြည့်ရှုစစ်ဆေးကြစဉ်။ (မြို့နယ် စည်ပင်)

စီအင်န်စီစက်အမျိုးအစား သရုပ်ပြရှင်းလင်း ဟသ်ာတ နည်းပညာကောလိပ်တွင်ကျင်းပ

ဟသ်ာတ ဇွန် ၁၀

စက်မှုဇုန်ရှိစက်မှုလက်မှုလုပ်ငန်းရှင်များ၏အတွေ့အကြုံနှင့် ကျွမ်းကျင်မှုများကို အစိုးရ နည်းပညာကောလိပ်မှ နည်းပညာရပ်များနှင့် ညှိနှိုင်းပေါင်းစပ် ပူးပေါင်းဆောင်ရွက်ရေး ရည်မှန်းချက်အရ ကွန်ပျူတာထိန်းချုပ်မှုစနစ်ဖြင့် ကုန်ထုတ်လုပ်မှုစွမ်းအားကို တိုးမြှင့်နိုင်သည့် CNC (LATHE MACHINE) FAGOR စက်အမျိုးအစား ရှင်းလင်းသရုပ်ပြပွဲအခမ်းအနားကို ဟသ်ာတမြို့ အစိုးရနည်းပညာကောလိပ်တွင် ဇွန် ၆ ရက်က ပြုလုပ်ရာ ခရိုင် အတွင်းရေးမှူး ဗိုလ်မှူးချစ်မြိုင်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာများ၊ ဟသ်ာတ စက်မှုဇုန်မှလုပ်ငန်းရှင်များနှင့် စိတ်ပါဝင်စားသူများ တက်ရောက်ကြသည်။

ပြသ

အဆိုပါသရုပ်ပြပွဲတွင် ကျောင်းအုပ်ကြီး ဦးသက်ထူးဟန်က အမှာစကား ပြောကြားပြီး လက်ထောက်ကထိကများက စက်၏ အခြေခံသဘောတရား၊ လုပ်ဆောင်ချက်၊ ကုန်ချောထုတ်လုပ်မှု အဆင့်ဆင့်တို့ကို ရှင်းလင်းပြီး CNC (LATHE MACHINE) FAGOR ကို လက်တွေ့ ကိုင်တွယ်ပြသကြသည်။

(အပေါ်ပုံ) (ခရိုင်ပြန်/ဆက်)

သမဝါယမဘဏ် လီမိတက် C B BANK ကို

(အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်) အဖြစ်
(၁၅-၆-၂၀၀၄) ရက်နေ့မှ စ၍ ဖွင့်လှစ်နိုင်ခြင်းအတွက်
လှိုက်လှိုက်လှဲလှဲ ကြိုဆိုဂုဏ်ပြုအပ်ပါကြောင်းနှင့်
C B BANK အနေဖြင့်
ပိုမိုတိုးတက် အောင်မြင်မည်ဟု ယုံကြည်ပါကြောင်း။

ဓါးမြင်းမြင်း
MYANMAR MOSFLY INDUSTRY LTD.
MM Import & Export Co.,Ltd.

ပလတ်စတစ်ပုလင်း(၂)မျိုးဝယ်ယူလိုခြင်း

စဉ်	ပလတ်စတစ်ပုလင်းအမျိုးအစား	လိုအပ်ချက်	ပေးသွင်းရမည့်နေရာ
၁။	100 ml PET Bottle (Amber Colour) (Screw Cap With Safety Ring Pilfer Proof Temper- evident Type) L.D.P.E Plastic	၃၈၀၀၀၀၀ခု (ခုရေသုံးဆယ့်ရှစ်သိန်းတိတိ)	မြန်မာနိုင်ငံဆေးဝါး လုပ်ငန်းစက်ရုံ
၂။	500 ml PET Bottle (Amber Colour) (Screw Cap With Safety Ring Pilfer Proof Temper- evident Type) L.D.P.E Plastic	၂၀၀၀၀၀ခု (ခုရေနှစ်သိန်းတိတိ)	။

တင်ဒါပိတ်ရက် – (၂-၇-၂၀၀၄) သောကြာနေ့ (၁၄း၀၀)နာရီ

မှတ်ချက်။ ။အသေးစိတ်အကြောင်းအရာများကို မြန်မာနိုင်ငံဆေးဝါးလုပ်ငန်းစက်ရုံ၊ ပစ္စည်းစီမံရေးရာဌာနတွင် ရုံးချိန်အတွင်းစုံစမ်းနိုင်ပြီး တင်ဒါပုံစံများကိုလည်း ဝယ်ယူနိုင်ပါသည်။

(ဆက်သွယ်ရန်တယ်လီဖုန်းအမှတ်–၆၆၃၄၈၁)

စက်ရုံမှူး
မြန်မာနိုင်ငံဆေးဝါးလုပ်ငန်းစက်ရုံ။

တစ်လပြည့်မွေးနေ့မင်္ဂလာဆုမွန်လွှာ

မြေးဦးကလေးများ မမိုးကျော်နှင့် မောင်မောင်မိုးကျော် အမြွှာမောင်နှမတို့၏ ၂၇-၆-၂၀၀၄ နေ့ တစ်လပြည့်မွေးနေ့မှသည် နှစ်တစ်ရာတိုင် ပညာတန်ဆောင်ထွန်းလင်းပြောင်၍ မိသားစုနှင့်အတူ အစဉ်ထာဝရ ပြုံးပျော်ရွှင်မြူးနိုင်ကြပါစေ။

ဘိုးဘိုး – **ဦးကျော်ထွေး(အင်ဂျင်နီယာ)**
ဘွားဘွား – **ဒေါ်ခင်ငွေ (အင်ဂျင်နီယာ)**
ဒေါ်လေး – **နွေသူဇာထွေး (ငယ်ငယ်)**

စာမူများဖိတ်ခေါ်ခြင်း

၂၀၀၅ ခုနှစ် ဇန်နဝါရီလတွင် ကျရောက်မည့် မြန်မာနိုင်ငံ သမဝါယမရာပြည့်ကို ဂုဏ်ပြုသောအားဖြင့် အထူးထုတ် မဂ္ဂဇင်း ထုတ်ဝေမည်ဖြစ်ရာ ဝတ္ထု၊ ကဗျာ၊ ဆောင်းပါး၊ ကာတွန်းနှင့် အခြားသင့်တော်ရာစာမူများ ရေးသား၍ **ဦးထိန်ဝင်း ဒုတိယ ညွှန်ကြားရေးမှူး အတွင်းရေးမှူး ရာပြည့် အထူးထုတ်မဂ္ဂဇင်း ထုတ်ဝေရေးကော်မတီ သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ရုံး၊ အမှတ် ၂၅၉/၂၆၃၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း ရန်ကုန်မြို့**သို့ လိပ်မူပြီး ၃၁-၇-၂၀၀၄ နေ့ နောက်ဆုံးထားပေးပို့ကြပါရန် ဖိတ်ခေါ်အပ်ပါသည်။

ရာပြည့်အထူးထုတ်မဂ္ဂဇင်းထုတ်ဝေရေးကော်မတီ။

အမည်ပြောင်းခြင်း

ဦးအောင်ဇော်၏သား မိတ္ထီလာမြို့ အထက(၁) ပဥ္စမတန်း(က)မှ မောင်အောင်မျိုးသန့်အား မောင်မျိုးသန့်ကျော်ဟု ပြောင်းလဲခေါ်ပါရန်။

မောင်မျိုးသန့်ကျော်။

အမည်ပြောင်းခြင်း

ဦးခင်မောင်ဇော်၏သား မိတ္ထီလာမြို့ အထက(၁) သတ္တမတန်း(ဃ)မှ မောင်ကျော်ဇေယျာဦးအား မောင်သိန်းထက်ဇော်ဟု ပြောင်းလဲခေါ်ပါရန်။ **မောင်သိန်းထက်ဇော်။**

Vacancy (Local Service Only)
Assistant for Shipping Department

- Proficient in PC use
- Fair in both written and spoken English
- Active and responsible personality

Interested candidates can send their CV including a recent Photograph, copies of relevant Certificates, NRC card and the Labour Registration card to 137 B, Thudamar Main Road, (near Mallama Pagoda) North Okkalapa Township, Yangon, within one week of this advertisement. GPO Box (447)

Contact Tel : 651413, 650133 for further information.

Only short listed candidates will be contacted for an interview.

ခြင် ခြင်တွေ အဝေးကိုပြေးဖို့ မားစ်ပါဝါသုံးကြစို့

JAM ... 01-690264, 662129

Tender for 4WD Station Wagon

GRET-Agriculture and Food Security project in North of Rakhine State of Myanmar seeks to rent the following vehicles, through competitive bids.

4WD Station Wagon 2 units
(minimum 7 to 10 seater)
Diesel Engine
These vehicles will be based in Maungdaw, Rakhine State.

Tender application should be submitted to GRET Yangon office by 2nd July 2004.

For detailed tender conditions, please contact GRET Yangon office at the following address 24(L), Nat Mauk Avenue Street, Kokine, Bahan Tsp, Yangon. Ph. 540694, 545912.

Myanmar Apple
Digital Printing



No-5, Pyay Road, Mayangone Township
Tel : 667477, 662485, Yangon.

ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် မြေတိုင်းရပ်ကွက်အမှတ် ၄၅(သမိုင်း)၊ မြေကွက်အမှတ် $\frac{၃၁၅ A}{၁/ခ}$၊ ဧရိယာ ၀ဒသမ ၀၉၈ ဧကရှိ(အစိုးရမြေ)၊ အမှတ်၃၆၊ ရွှေနှင်းဆီ ၇လမ်း၊ ၅ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်ဟု ခေါ်တွင်သော မြေကွက်ကို ဦးအောင်ကျော်သူအား မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနမှ နှစ် ၆၀ မြေငှားစာချုပ် ထုတ်ပေးမည်ဖြစ်ပါ၍ ကန့်ကွက်ရန်ရှိပါက ကြော်ငြာသည့်နေ့မှစ၍ နှစ်ပတ်အတွင်း ဤဌာနသို့လာရောက်၍ သက်ဆိုင်ရာစာရွက်စာတမ်းအထောက်အထားများတင်ပြ၍ ကန့်ကွက်နိုင်ကြောင်း ကြေညာအပ်ပါသည်။

မြေနှင့်အခွန်ဌာနခွဲ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန
ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ရန်ကုန်မြို့။

ကျေးဇူးဆပ်ပါမည် ကျွန်မ နော်အေဝမ်းဖော၏ နိုင်ငံကူးလက်မှတ် (၀၇၇၂၀၁)သည် ၈-၆-၂၀၀၄ရက်တွင် ပျောက်ဆုံးသွားပါ၍ တွေ့ရှိပါက အကြောင်းကြားပါရန်။ **နော်အေဝမ်းဖော (ဖုန်း–၆၄၃၇၂၃)**

အများသိစေရန်ကြေညာချက်

၁။ ရန်ကုန်တိုင်း ဗဟန်းမြို့နယ် မြေတိုင်းရပ်ကွက်အမှတ်(၃၆ ဂျေ)၊ မြေကွက်အမှတ် ($\frac{၁၁၃-အေ}{၈-အေ}$)၊ မြေဧရိယာ ၀.၁၂၃ ဧကရှိမြေပိုင်မြေအမျိုးအစားနှင့် ယင်းမြေပေါ်တွင် ဆောက်လုပ်ထားသော ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ကမ္ဘာအေးဘုရားလမ်း၊ အမှတ် ၉၉/ဘီ ဟုခေါ်တွင်သော နှစ်ထပ်တိုက်နှင့် ဖုန်း–၅၅၂၉၃၈ အပါအဝင်။

၂။ ရန်ကုန်တိုင်း လမ်းမတော်မြို့နယ် မြေတိုင်းရပ်ကွက်အမှတ်–၂၂–ဝိုင်–၂၊ မြေကွက်အမှတ် ၁၆၈၊ ဧရိယာ ၀.၀၂၁ ဧကရှိမြေကွက်နှင့် ယင်းမြေပေါ်တွင် ဆောက်လုပ်ထားသော အမှတ်–၄၉၊ လှည်းတန်းလမ်း၊ လမ်းမတော်မြို့နယ် ရန်ကုန်မြို့ဟုခေါ်တွင်သော(၈) ထပ်တိုက်တစ်လုံး။

၃။ အမှတ်–၅၉/၆၁ (၄–ထပ်/ဝဲ) အပေါ်ဆုံးထပ်၊ ၅၄ လမ်း၊ ဗိုလ်တထောင်မြို့နယ်ဟု ခေါ်တွင်သော တိုက်ခန်း။

၄။ တိုယိုတာမတ်တူး ၉က/၄၇၄၃

၅။ ပါကျဲရိုး (Pajero) ၄ခ/၄၀၉၂

အထက်ဖော်ပြပါ ရွှေ့ပြောင်းနိုင်သော၊ မရွှေ့မပြောင်းနိုင်သော ပစ္စည်းများသည် ကျွန်တော် ဦးမြသန်း ရွှေကျီးမင်း ရွှေဆိုင်ပိုင်ရှင် အမှတ်–၅၂၀၊ အခန်း(၂) မြေညီထပ်၊ မဟာဗန္ဓုလလမ်း၏ လုပ်ငန်းမှရရှိသော ဝင်ငွေများဖြင့် ဝယ်ယူထားသော ပစ္စည်းများဖြစ်ပါသည်။

ပစ္စည်းများကို ဝယ်ယူရာတွင် သမီးအငယ်ဆုံးဖြစ်သူ ဒေါက်တာ မိုးကေသီ(ခ)ခင်မိုးမိုးခိုင် အမည်ဖြင့် အမည်ငှားစနစ်ကျင့်သုံးကာ ဝယ်ယူထားခြင်းဖြစ်၍ ကျွန်တော်သာလျှင် အမှန်တကယ် ပိုင်ရှင်ဖြစ်ပါသည်။

သို့ပါ၍ ဖော်ပြပါပစ္စည်းများနှင့် စပ်လျဉ်း၍ တစ်နည်းနည်း လွှဲပြောင်းခြင်းမပြုလုပ်ကြပါရန်နှင့် ပြုလုပ်ခဲ့ပါက လွှဲပြောင်းသူနှင့် လက်ခံသူများ၏ တာဝန်သာဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးမြသန်း
(ရွှေကျီးမင်းရွှေဆိုင်)

သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်မ ဒေါ်စန်းသာ၏ သမီး လက်ချိမ်း(ခ) မငယ် မှတ်ပုံတင်အမှတ် ၁၂/မဂတ(ပြ) ၀၀၀၂၅၃သည် မိမိသဘောဆန္ဒအလျောက် အိမ်ပေါ်မှ ဆင်းသွားပါသဖြင့် ယနေ့မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်း။

မိဘများ
ဦးနမစိဝါယမ်–ဒေါ်စန်းသာ။

ရောင်း/လဲ/ငှားမည်

88 Model (Air Con, MiniBus)
နံပါတ်ပြာ 8A-ရောင်းမည်။
ကားမျိုးစုံငှားမည်။
ဖုန်း–၅၂၄၆၈၆၊ ၀၉–၈၀–၂၄၀၄၄

1. Marketing Manager (1) Post
2. Marketing Executive (3) Posts
3. Marketing Trainee (3) Posts
4. Operation Executive (1) Post

ငြင်းချက်ထုတ်ရန်သမ္မန်စာ

တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀(က)
လားရှိုးမြို့နယ်တရားရုံး
၂၀၀၄ ခုနှစ် တရားမကြီးမှုအမှတ်(၂)

မဇီးကျွမ်းရာ	နှင့်	ဦးလောင်ဂူး
တရားလို		**တရားပြိုင်**

အခန်း(၈) BMH တိုက်တန်း မဲခေါင်ရပ်ကွက် တာချီလိတ်မြို့ (ယခုနေရပ်လိပ်စာမသိ)သူ သိစေရမည်။ လူကြီးမင်းအပေါ် လင်မယားအဖြစ်မှ ကွာရှင်းပေးစေလိုမှု ရှိသည်ဖြစ်၍ လူကြီးမင်းကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် သက်ဆိုင်၍ အရေးကြီးသည့်စကားရပ်များတို့ကို ချေပပြောဆိုနိုင်သူ လူကြီးမင်း၏ကိုယ်စား ရုံးအခွင့်အမိန့်အရ ရှေ့နေဖြစ်စေ၊ သို့မဟုတ် ၎င်းအမှုနှင့် သက်ဆိုင်သည့် အချက်အလက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက် ဖြစ်စေ၊ ၂၀၀၄ ခုနှစ် ဇူလိုင် ၂၂ ရက်နေ့ နံနက် ၁၀း၀၀ နာရီအချိန် တရားလို၏စွဲချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ အထက်ပါ နေ့ရက်တွင် လူကြီးမင်း မလာမရောက် ပျက်ကွက်ခဲ့လျှင် လူကြီးမင်းပျက်ကွက် ငြင်းချက်များထုတ်နုတ်၍ တစ်ဖက်သတ်စီရင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

၂၀၀၄ ခုနှစ် ဇွန်လ ၂၂ ရက်နေ့တွင် ရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

နန်းညိုရှင်းလင်
ဒုတိယမြို့နယ်တရားသူကြီး
မြို့နယ်တရားရုံး၊ လားရှိုးမြို့။

ကန့်ကွက်နိုင်ပါသည်

တာမွေမြို့နယ် (က+ဂ)ရပ်ကွက် ကုန်တိုက်အိမ်ရာ တိုက်(၅)၊ အခန်း ၄၀၅၊ ပိုင်ရှင်မှ တိုက်ခန်းချထားကြောင်း လက်မှတ်မိတ္တူရရှိရန် စီမံကိန်းဌာနခွဲမြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနသို့ လျှောက်ထားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများသည် ယနေ့မှနှစ်ပတ်အတွင်း သက်ဆိုင်ရာ ဌာနသို့ အထောက်အထားတင်ပြ၍ ကန့်ကွက်နိုင်ပါသည်။

ဦးမြင့်ဦး ၁၂/တမန(နိုင်) ၀၄၃၆၉၆

အမည်ပြောင်းနှင့် မွေးသက္ကရာဇ်မှန်

အဖဦးကျော်ကျော်သန်း၏ သမီး အထက(၂) လသာGrade 7 (D)မှ မမိုးမဥ္ဇူကျော်အား မမိုးမဥ္ဇူဟု ပြောင်းလဲခေါ်ပါရန်နှင့် မမိုးမဥ္ဇူ၏ မွေးသက္ကရာဇ်အမှန်မှာ ၂၃-၉-၁၉၉၃ ဖြစ်ပါကြောင်း။

မမိုးမဥ္ဇူ။

အများသိစေရန်ကြော်ငြာ

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ ၂၉ ရပ်ကွက်၊ အမှတ် ၂၃ (က+ခ)၊ ပင်လုံလမ်းတွင်ရှိသော၊ Myanmar Skyline Unity Co., Ltd. မှ မန်နေဂျင်း ဒါရိုက်တာ ဦးရန်ဟိုင်းဆင်း နိုင်ငံသားစိစစ်ရေးကတ်ပြား အမှတ် ၁၃/လရန(နိုင်) ၀၈၆၆၈၉ က ထားဝယ်မြို့ အိုးလုပ်ရပ် ရေးလမ်း အမှတ် ၃၅ နေ ဒေါ်ခင်ငွေငွေ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ၆/ထဝန(နိုင်) ၀၀၈၃၄၃ အား Myanmar Skyline Unity Co., Ltd. မှ ထုတ်လုပ်သော GIFFARINE တံဆိပ်ပါ E ZI Engine Oil နှင့် ချောဆီစက်ဆီများကို တနင်္သာရီတိုင်းအတွက် ကိုယ်စားလှယ်အဖြစ် ဖြန့်ဖြူးရောင်းချရန် ၁၄-၅-၂၀၀၁ ရက်နေ့တွင် ပေးအပ်ထားသည့် ကိုယ်စားလှယ်လုပ်ငန်းကို ဒေါ်ခင်ငွေငွေမှ နှစ်ဖက်ဝန်ခံကတိစာချုပ်ပါစည်းကမ်းချက်များကို ဖောက်ဖျက်သဖြင့် ၂၀၀၄ ခုနှစ် ဇွန်လ ၂၃ ရက်မှစ၍ ရုပ်သိမ်းပြီးဖြစ်ပါကြောင်း အများသိစေရန်ကြော်ငြာအပ်ပါသည်။

ဦးရန်ဟိုင်းဆင်း၏လွှဲအပ်ချက်အရ – **ဦးအောင်ချစ်**
အထက်တန်းရှေ့နေ
အမှတ် ၈၃၊ အခန်း ၁၂၊ ပန်းဆိုးတန်းလမ်း
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် မြေတိုင်းရပ်ကွက်အမှတ် ၄၅(သမိုင်း)၊ မြေကွက်အမှတ် $\frac{၂၆၇ A}{၁/ခ}$၊ ဧရိယာ ၀ဒသမ၀၃၉ဧကရှိ(အစိုးရမြေ)၊ အမှတ် ၆၀၀၊ ရွှေနှင်းဆီကန်လမ်း၊ ၅ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်ဟု ခေါ်တွင်သော မြေကွက်ကို ဒေါ်နီနီလွင်အား မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနမှ နှစ် ၆၀ မြေငှားစာချုပ် ထုတ်ပေးမည်ဖြစ်ပါ၍ ကန့်ကွက်ရန်ရှိပါက ကြော်ငြာသည့်နေ့မှစ၍ နှစ်ပတ်အတွင်း ဤဌာနသို့လာရောက်၍ သက်ဆိုင်ရာစာရွက်စာတမ်းအထောက်အထားများတင်ပြ၍ ကန့်ကွက်နိုင်ကြောင်း ကြေညာအပ်ပါသည်။

မြေနှင့်အခွန်ဌာနခွဲ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန
ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ရန်ကုန်မြို့။

ချိပ်ပိတ်တင်ဒါခေါ်ယူခြင်း

၁။ အမှတ်(၁)စက်မှုဝန်ကြီးဌာန၊ မြန်မာ့စက္ကူနှင့်ဓာတုဗေဒလုပ်ငန်း ကြီးကြပ်မှုအောက်ရှိ စက်ရုံများအတွက် အောက်ပါပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုကြောင်း ကြော်ငြာအပ်ပါသည်။

စဉ်	အကြောင်းအရာ	အရေအတွက်	တင်ဒါပိတ်မည့်နေ့ရက်/အချိန်
1.	Machine Clothings	(၈) မျိုး	(၂၉-၆-၂၀၀၄)မွန်းတည့် ၁၂း၀၀နာရီ
2.	Caustic Soda (Solid)	6394 MT	။
3.	Auto Voltagc Rcgulator	1 Sct	။
4.	Boiler Tubes	(၅)မျိုး	(၇-၇-၂၀၀၄)မွန်းတည့် ၁၂း၀၀နာရီ
5.	Machinery Spare Parts For Gascs Factroy	(၃၀)မျိုး	။
6.	Flat Belt	(၂)မျိုး	။

၂။ သိရှိလိုသည့် အချက်များရှိပါက ရောင်းဝယ်ရေးဌာန၊ ဖုန်းနံပါတ် ၅၄၃၃၆၅ သို့ ဆက်သွယ်နိုင်ပါသည်။

မြန်မာ့စက္ကူနှင့်ဓာတုဗေဒလုပ်ငန်း။

အလ္လာရှင်မြတ်အမိန့်တော်ခံယူခြင်း
ဒေါ်မေမေခင်
အသက်(၇၅)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ အင်းလျားမြိုင်၊စုပေါင်းလမ်း၊အမှတ်(၈၁/F)နေ [မဟာသရေစည်သူ ဦးဖေခင်၊ အငြိမ်းစား သံအမတ်ကြီး (ပင်လုံဖေခင်)]၏ ဇနီး၊ ဦးမြင့်ဖေခင်(Mazhar)၊ ဦးအေးဖေခင်(Zafar)–Iheresa တို့၏ မိခင်ကြီးသည် ၂၆–၆–၂၀၀၄ရက်တွင် အလ္လာရှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ၂၇–၆–၂၀၀၄ရက် နံနက် ၁၁း၃၀ နာရီတွင် သန်လျင်မြို့ ကဘာရ်စတန်၌ ဒါဖနာမည်ဖြစ်ပါကြောင်း။ (အထက်ပါနေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း
ဒေါ်နော်ရှသ်စော
(လက်ထောက်မန်နေဂျာ၊ ငွေစာရင်း)
မြန်မာ့အလင်းသတင်းစာတိုက်
အသက်(၅၁)နှစ်

အိမ်အမှတ် ၂၂၀၊ ၃၈ လမ်း(အထက်)၊ ကျောက်တံတားမြို့နယ်နေ ဦးစောအေးမောင်–ဒေါ်နော်ဖဲတို့၏သမီးကြီး၊ (ဦးဖိုးမြင့်–ဒေါ်အားမြ)တို့၏ သမီးချွေးမ၊ စောဂျိုးဇက်(M.O.G.E)–ဒေါ်စနိုး၊ စောအယ်ဒီ(ပြည်တွင်းအခွန်)–နော်မိုရင်းတို့၏ညီမ၊ စောဒီထူး(ခေတ္တ–Israel)၊ စောဒီစေး(ခေတ္တ–မလေးရှား)–နော်လယ်ဖော၊ ဆရာမ ဘဲစီစော(စခန်းသာ)၊ နော်လေးလေးဖော(မစဘ၊ရန်ကုန်တိုင်းရုံး)၊ နော်မာမာအေး(C.M.A)–ဦးယဉ်သွေး၊ စောကပေါ်ထူး(ခေတ္တ–Australia)–နော်ဘလယ်ဒါးတို့၏အစ်မ၊ ဦးစောစဲနေထူး၏ ချစ်လှစွာသောဇနီး၊ နော်အယ်ထူးနေမူး(အထက၊ တပ်ကြီးကုန်း)၏ချစ်လှစွာသောမိခင် ဒေါ်နော်ရှသ်စော(လက်ထောက် မန်နေဂျာ၊ ငွေစာရင်း)သည် ၂၆–၆–၂၀၀၄ရက် (စနေနေ့) နံနက် ၅း၃၀ နာရီ တွင် ခရစ်တော်၌အိပ်ပျော်သွားပြီးဖြစ်ပါ၍ ၂၈–၆–၂၀၀၄ရက်(တနင်္လာနေ့)မွန်းတည့် ၁၂ နာရီတွင် အမှတ် ၆၆၇၊ ယေရှုရှုလင် အသင်းခြံ၊ တပ်ကြီးကုန်း၊ မှော်ဘီမြို့နယ်နေအိမ်၌ဝတ်ပြုဆုတောင်းပြီး စာဖြူစု ခရစ်ယာန်သုသာန်၌ ဂူသွင်းသင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ဦးမောင်မောင် (ချောင်းဦး)
အသက်(၅၈)နှစ်

ရန်ကုန်တိုင်း၊တာမွေမြို့နယ်၊အမှတ် ၃၂၊ ၁၄၅လမ်း၊ အရိုးကုန်းရပ်ကွက်နေ (ဦးငြိမ်း–ဒေါ်စိန်မေ)တို့၏သား၊ (ဦးလှတင့်–ဒေါ်စောလှ)၊(ဒေါ်အုံးမြင့်)၊ (ဦးဌေးမောင်)–ဒေါ်လှလှမြင့်၊ (ဦးဘသော်–ဒေါ်လှမြင့်)၊(ဦးလှကို)–ဒေါ်ခင်စိန်တို့၏ ညီ/မောင်၊ ဦးလှသောင်–ဒေါ်သန်းသန်းမြင့်၊ (ဦးအုန်းခိုင်)–ဒေါ်စန်းစန်းမြင့်၊ (ဦးတင်မြင့်) – ဒေါ်နန်းနန်းဌေးတို့၏ အစ်ကို၊ဒေါ်ဆန်းကြည်၏ခင်ပွန်း၊ဗိုလ်မှူး ကျော်ဆန်းဦး(ပညာရေး–၈၊ ကျောင်းအုပ်၊လားရှိုးမြို့)–ဒေါ်စန္ဒာမိုး၊မောင်မောင်ဇော်၊ မောင်အောင်ကိုလတ်၊ မယဉ်ယဉ်အေးတို့၏ဖခင်၊မောင်ခန့်ဟိန်း၏အဘိုးသည် ၂၄–၆–၂၀၀၄ရက် (ကြာသပတေးနေ့)တွင် ကွယ်လွန်သွားပါ၍ ၂၈–၆–၂၀၀၄ရက် မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ မွန်းလွဲ၁၂း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဒိုက်ဦးမြို့နယ်အသင်း
ဒေါ်သန်းသန်းအေး
အသက်(၅၅)နှစ်

အသင်း၏ဒုတိယဥက္ကဋ္ဌ ဦးကျော်ဝင်း (ဒုတိယညွှန်ကြားရေးမှူး၊သစ်တောရေးရာဝန်ကြီးဌာန)၏ဇနီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ (၂၈)ရပ်ကွက်၊ အမှတ် ၇၊ အောင်သိဒ္ဓိ ၃ လမ်းနေသည် ၂၂–၆–၂၀၀၄ရက်က အိန္ဒိယနိုင်ငံ မဒရပ်မြို့၌ ကွယ်လွန်သွားပါ၍ သင်္ဂြိုဟ်ပြီးစီးပါကြောင်းအသင်းဝင်များနှင့် မိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ အမှုဆောင်အဖွဲ့။

ဘုရား၊ရဟန်း၊ကျောင်း ဒါယိကာမကြီး
ဒေါ်မြမြသန်း
(လက်ပံတန်း)
အသက်(၅၃)နှစ်

ရန်ကုန်တိုင်း၊ သာကေတမြို့နယ်၊ (၅)ရပ်ကွက်၊ သီဟ ၃ လမ်း(မြောက်)၊ အမှတ် ၁၀၂ နေ ဦးကျင်အောင်(ခ) ဦးတင်အောင်(ဆိုင်အမှတ် ၂၀၂/၂၀၃၊ သိမ်ကြီးဈေး၊ A ရုံ)၏ဇနီး၊ ကိုအောင်မင်း–မသန်းသန်းဦး(သီရိမင်္ဂလာဈေး)၊ ကိုသိန်းဦး–မလှလှအေး၊ မောင်ဟန်မြင့်–မကြည်ကြည်ခိုင်၊ မောင်အောင်အောင်တို့၏မိခင်၊ မသက်ထားစံ၊ မောင်မျိုးမြင့်အောင်၊ မခင်မြတ်မြတ်ဆွေတို့၏ အဘွားသည် ၂၅–၆–၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၂၇–၆–၂၀၀၄ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ကန့်ကွက်ရန်ကြော်ငြာ

အောက်ပါလျှောက်ထားသူအား နှစ်လက်မ အဝီစိတွင်းတစ်တွင်းတူးဖော်ခွင့်လိုင်စင် ထုတ်ပေးခြင်းကို မည်သူမဆို ကန့်ကွက်လိုပါက ကြော်ငြာပါသည့်နေ့မှ ၁၄ ရက်ရုံးချိန်အတွင်း မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်) မြေအောက်ရေကြီးကြပ်မှုအရာရှိရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

လျှောက်ထားသူအမည်နှင့်နေရပ်လိပ်စာ
ဒေါ်ရီရီသာ၊ အမှတ် ၃၄ D/၁ ကမ္ဘာအေးစေတီလမ်း၊ ဗဟန်းမြို့နယ်။
တူးဖော်မည့်နေရာ ၅၉ $\frac{A}{၆}$ + ၅၉ $\frac{B}{၃}$
ဦးပိုင်အမှတ်
အကွက်အမှတ် ၃၅ $E^{၁}$

သန်းသန်းစိုး
မြေအောက်ရေကြီးကြပ်မှုအရာရှိ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်)

သတိပေးနှိုးဆော်ချက်

ခရီးသည်တင် မော်တော်ယာဉ်များအား မြို့တွင်းသို့ နေ့/ည ခရီးသည် ပို့ဆောင်နိုင်ရေးအတွက် သတ်မှတ်ခေါက်ရေ နှင့်အညီ စက်သုံးဆီထုတ်ပေးထားပြီးဖြစ်ပါသည်။ ယာဉ်စီးခများအားလည်း သတ်မှတ်နှုန်းထားများအတိုင်း တောင်းခံရန် ညွှန်ကြားထားရှိပါသည်။ သို့ရာတွင် အချို့ယာဉ်လိုင်းများမှ ယာဉ်မောင်းနှင့်ယာဉ်နောက်လိုက်တို့သည် ယာဉ်စီးခများကို ညပိုင်းတွင် ပိုမိုတောင်းယူနေကြကြောင်းသိရပါသည်။ ယင်းသို့ ယာဉ်စီးခပိုမိုတောင်းခံပါက ထိထိရောက်ရောက် အရေးယူနိုင်ရေးအတွက် အောက်ပါဖုန်းနံပါတ်များသို့တိုင်ကြားနိုင်ပါသည်။

(၁) မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ရန်ကုန်တိုင်း – ၁၉၉
(၂) ကြိုးမဲ့ကြေးနန်းနှင့်ယာဉ်ထိန်းတပ်ဖွဲ့မှူးရုံး – ၂၉၁၂၈၅၊ ၂၉၁၂၈၄
(၃) မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီ – ၅၄၁၉၀၅၊ ၅၄၁၉၀၄

ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ။

အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ ရွှေတိဂုံဘုရားလမ်း၊ အမှတ်–၃၈/၄၀ အမည်တွင်သော ၄ $\frac{၁}{၂}$ ထပ်အဆောက်အအုံနှင့် တည်ရှိရာ မြေပိုင်မြေကွက်၊ အကျိုးခံစားခွင့်အရပ်ရပ်၏ အမည်ပေါက်ပိုင်ရှင်များမှာ ဦးဆန်နီ–ဦးအူမက်ဖာရွက်တို့ဖြစ်ပါသည်။ စည်ပင်သာယာအခွန်ထမ်း စည်းကြပ်ရေး လျှောက်ထားမှုအား မည်သူမဆို ကန့်ကွက်လိုပါက အထောက်အထားအပြည့်အစုံဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဆက်သွယ်ရန်–

ဦးအူမက်ဖာရွက်
ဦးဆန်နီ
အမှတ်(၄၀)၊ ၄၃ လမ်း၊
ရန်ကုန်မြို့။

B.Sc, H.G.P,R.L,
CHRD (English)
(Yangon University of

ခရစ်တော်၌အိပ်ပျော်ခြင်း
Mr. D.V.S Money
ဦးမန်းနီး (မော်လမြိုင်)
တာဝန်ခံစာရေးကြီး(ငြိမ်း)
တိုင်း/၇၊ မြန်မာ့မီးရထား
အသက်(၉၄)နှစ်

ရန်ကုန်မြို့၊ ဘောက်ထော်မီးရထားရိပ်သာ၊ အိမ်အမှတ် ၈ နေ ဒေါ်ဘီ၏ ခင်ပွန်း၊ [ဦးဟန်စိန်၊ ရထားထိန်း၊ငြိမ်း၊ မြန်မာ့မီးရထား]၊ (ဒေါ်မြသီ)၊ ဦးမောင်မောင်သန်း(မြန်မာ့မီးရထား၊တိုင်း/၇)၊ ဒေါ်ရှီလာ(မြန်မာမီးရထား၊ တိုင်း/၇)၊ ဦးစန်းမောင်(တပ်မတော်–ရေ၊ ငြိမ်း)၊ ဦးလေးမောင်(ဒီဇယ်စက်ခေါင်းရုံ၊ပြင်ဦးလွင်)၊ ဦးမောင်မောင်လေး (မြန်မာ့မီးရထား၊ တိုင်း/၇)၊ ဒေါ်တင်တင်မြင့် (မြန်မာ့မီးရထား၊ ထောက်ပံ့ဌာန၊ ဗိုလ်တထောင်)တို့၏ဖခင်၊ မြေး ၂၄ ယောက်၊ မြစ် ၂၇ ယောက်တို့၏အဘိုးသည် ၂၆–၆–၂၀၀၄ရက် ညနေ ၆း၅၀ နာရီတွင် သဃ်န်းကျွန်း စံပြဆေးရုံကြီးတွင် ခရစ်တော်၌အိပ်ပျော်သွားပါ၍ ၂၇–၆–၂၀၀၄ရက် ညနေ ၃ နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံခန်းမ၌ ဝတ်ပြုဆုတောင်းပြီး ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (အမှတ် ၈၊ မီးရထားရိပ်သာနေအိမ်မှကားများ မွန်းလွဲ ၁း၃၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်ကြည် (ပခုက္ကူ)
အသက်(၇၈)နှစ်

ရန်ကုန်တိုင်း၊ရန်ကင်းမြို့နယ်၊အမှတ် (၄)ရပ်ကွက်၊ တိုက် ၂၇၊ အခန်း ၃ နေ (ဦးထွန်းတင်–ဒေါ်လေးဆင့်)တို့၏သမီး၊ (ဗိုလ်ကြီးကိုလေး)၏ဇနီး၊ (ဦးလှမြင့်–ဒေါ်နှင်းဇ)တို့၏ညီမ၊ ဒေါ်နုနုဆွေ၊ ဒေါ်သန်းသန်းဝင်း၊ ဒေါ်လဲ့လဲ့ရီတို့၏မိခင်သည် ၂၅–၆–၂၀၀၄ရက်(သောကြာနေ့) နံနက် ၁၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့ညနေ ၄ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီး ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးနေ ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။ ကျန်ရစ်သူမိသားစု။

ဒေါ်ကျင်ဌေး
(ဘိုကလေးမြို့)
အသက်(၇၆)နှစ်

ရန်ကုန်မြို့၊ ၂၅(F)၊ မင်းနန္ဒာလမ်း၊ ဒေါပုံမြို့နယ်နေ (ဦးရှောက်ဟုန်–ဒေါ်လှတင်)တို့၏သမီး၊ ဦးဖေတင် (ရွှေပုစွန် ကုမ္ပဏီ)၏ ဇနီး၊ ဦးကျော်ဝင်း (ငါး၊ ပုစွန်ဖမ်းပိုက်လုပ်ငန်း)– ဒေါ်ခင်ပြုံးရီ၊ ဒေါ်သန်းသန်းဝင်း(Asia World Co., Ltd.)၊ဒေါ်အေးအေးသန်း(အထက–၄၊မင်္ဂလာတောင်ညွန့်)၊ ဒေါ်မြင့်မြင့်အေး၊ ဒေါ်စန်းစန်းရီ(လ/ထ အထွေထွေမန်နေဂျာ၊ ရွှေပုစွန်ကုမ္ပဏီလီမိတက်)၊ ဒေါ်ပိုပို(ရွှေပုစွန်ကုမ္ပဏီလီမိတက်)၊ ကိုတင်စိုး–မခင်မာမြင့် (အောက်တားဘုတ်ထုတ်လုပ်ငန်း၊ တောင်ဒဂုံ)၊ ကိုသာထွန်း–မသီတာမြင့်တို့၏မိခင်၊ ကိုဇင်ဘိုဘိုကျော်–မသန်းသန်းနွယ်၊ ဗိုလ်လောင်းကျော်လွင်(စစ်တက္ကသိုလ်)၊ မောင်စည်သူ၊ မတင်ထားမြင့်၊ မသဉ္ဇာဦးတို့၏အဘွားသည် ၂၆–၆–၂၀၀၄ရက် (စနေနေ့) ည ၉း၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၈–၆–၂၀၀၄ရက်(တနင်္လာနေ့)မွန်းတည့် ၁၂ နာရီတွင်ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ နံနက် ၁၀း၃၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဦးဝင်းမြင့်ရွှေ
ကထိက၊ ပထဝီဝင်ဌာန၊ စစ်တွေတက္ကသိုလ်
ယခင် စစ်တွေကောလိပ်ကျောင်းသားဟောင်း
အသက်(၄၃)နှစ်

ရန်ကုန်မြို့၊လှိုင်မြို့နယ်၊ သီရိမြိုင် ၈ လမ်း၊ အမှတ် ၄ နေ ဦးစံရွှေ(ကျန်းမာရေးမှူး၊ ငြိမ်း)–(ဒေါ်နော်စေးရာ)တို့၏ သား၊ ဦးဝင်းမောင်–ဒေါ်ချိုတို့၏ သားသမက်၊ ဒေါ်လှလှရွှေ (သမဦးစီး၊ ကမာရွတ်)၊ ဦးဖုန်းမြင့်ရွှေ (ဓာတ်ခွဲမှူး၊ မြောက်ဦးဆေးရုံ)–ဒေါ်အုန်းကြည်တို့၏ ညီ/မောင်၊ ဒေါ်ဆွေဆွေသန်း(အလက–၄၊ လှိုင်)၏ခင်ပွန်း၊ မောင်ဆက်အောင် (X.C 2003-04, TTC)၊ မသဇင်စံ (VI-E,TTC)တို့၏ဖခင်၊မအေးရာဖုန်းမြင့်(X-G,2003-04 အထက–၁၊ မြောက်ဦး)၊ မဝေဖုန်းမြင့်(V အထက–၁၊ မြောက်ဦး)တို့၏ ဦးလေးသည် ၂၅–၆–၂၀၀၄ရက်(သောကြာနေ့)နံနက် ၁ နာရီတွင် စစ်တွေမြို့၌ ကွယ်လွန်သွားပါ၍ ၂၇–၆–၂၀၀၄ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် စစ်တွေမြို့၌ မီးသင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ဦးကျော်ဟန်
အခွန်ဦးစီးမှူး(ငြိမ်း)
အပြည်ပြည်ဆိုင်ရာ ဘောလုံးဒိုင်လူကြီးဟောင်း
မြို့မကျောင်းသားဟောင်း
အသက်(၈၅)နှစ်

ရန်ကုန်တိုင်း၊ ထန်းတပင်မြို့နယ် (ဦးဘိုတင်–ဒေါ်မယ်ရင်)တို့၏ သား၊ (ဦးဘ–ဒေါ်သိန်း)တို့၏ သားသမက်၊ အမှတ် ၁၅၊ဗဟိုလမ်း၊ဝေဠုဝန်(တောင်)ရပ်နေ [ဒေါ်မေဘ၊ ကျောင်းဆရာမကြီး (ငြိမ်း)]၏ခင်ပွန်း၊ ဒေါ်လှလှဟန်–ဦးခင်မောင်မြင့်(အာမခံ၊ငြိမ်း)၊ ဒေါ်ခင်သောင်းဟန် (ဆောက်လုပ်ရေး အထူးအဖွဲ့–၂)–(ဦးခင်ဦး)၊ ဦးကျော်စိုးဟန် (မော်တော်ယာဉ်၊ ငြိမ်း)–ဒေါ်ခင်မြသန်း၊ ဒေါ်နွဲ့နွဲ့ဟန် – ဦးကြည်သန်း (တွင်ခုံလုပ်ငန်း)တို့၏ဖခင်၊ မြေး ၁၂ယောက်တို့၏အဘိုးသည် ၂၃–၆–၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) ည ၉း၃၀ နာရီတွင် သဃ်န်းကျွန်းစံပြဆေးရုံကြီး၌ကွယ်လွန်သွားပါသဖြင့် ၂၇–၆–၂၀၀၄ရက် မွန်းလွဲ ၁ နာရီတွင် ယင်းဆေးရုံကြီးမှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း မိတ်သင်္ဂဟအပေါင်းတို့အား သိစေအပ်ပါသည်။ ကျန်ရစ်သူမိသားစု။

ရဟန်း၊ကျောင်းဒါယိကာမကြီး
ဒေါ်ခင်ခင်
အသက်(၆၉)နှစ်

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ သုဝဏ္ဏ၊ (၂၄)ရပ်ကွက်၊ နီလာ(အရှေ့)လမ်း၊ တိုက် ၁၀၄၊ အခန်း ၆ နေ ဦးချုန်–ဒေါ်လှရှင်တို့၏သမီး၊ ဦးတင်အောင်၏ဇနီး၊ ဒေါ်အေးမြင့်၊ ဦးခင်မောင်လတ်–ဒေါ်မြင့်မြင့်သန်း၊ ဦးခင်မောင်မြင့်–ဒေါ်မြမြဝင်း၊ ဒေါ်ခင်လှသန်း၊ ဦးမင်းအောင် – ဒေါ်ကြည်ကြည်အေးတို့၏အစ်မ၊ ဦးမင်းသိန်းထွန်း–မအေးအေးမော်၊ဦးကျော်ဇေယျ(ခ)ဦးကေလာသ၊ ကိုထွန်းလင်းထိုက်–မသင်းသင်း၊မကြည်ကြည်အောင်၊ ဦးမြင့်အောင်–မအေးအေးသင်း၊ မကေသီအောင်တို့၏မိခင်၊ မြေးနှစ်ယောက်တို့၏အဘွားသည် ၂၆–၆–၂၀၀၄ရက် နံနက် ၅း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၈–၆–၂၀၀၄ရက် မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်၌မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင်ထွက်ပါမည်။)ကျန်ရစ်သူမိသားစု။

ဦးသန်းထွန်း
(တပ်မတော်၊ ငြိမ်း)
အသက်(၆၃)နှစ်

ကျိုက်လတ်မြို့ [ဦးဘသင်–ဒေါ်ကြွေ(ခ)ဒေါ်ဖွားရှင်]တို့၏သားထွေး၊ ဦးမြဝင်း–ဒေါ်မြဦး၊ ဦးစော–ဒေါ်ဝင်းတင်၊ ဦးမောင်မောင်တင်–ဒေါ်စောရီ၊ ဦးတင်အောင်–ဒေါ်ခင်ခင်၊ ဦးအေးမြင့်–ဒေါ်စန်းရီတို့၏ညီ/မောင်၊ ရန်ကုန်မြို့၊ အမှတ် ၈၃၀၊ ရွှေဝါထွန်းလမ်း၊ (၆၅)ရပ်ကွက်၊တောင်ဒဂုံမြို့နယ်နေ ဒေါ်ညွန့်ညွန့်တင်၏ခင်ပွန်း၊ဦးကျော်ကျော်ထွန်း–မမြင့်ကြည်၊ ဦးမျိုးအောင်–ဒေါ်ဆွေဆွေမော်၊ ဦးတင်ဇော်၊ ဦးတင်မျိုးဇော်–ဒေါ်နီလာဝင်းတို့၏ဖခင်၊ မြေး ၁၀ ယောက်တို့၏အဘိုးသည် ၂၄–၆–၂၀၀၄ရက်(ကြာသပတေးနေ့) နံနက် ၅ နာရီတွင်ကွယ်လွန်သွားပါ၍ ၂၆–၆–၂၀၀၄ရက် (စနေနေ့) မွန်းလွဲ ၂ နာရီတွင် တောင်ဒဂုံမြို့နယ် ကျီစုသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေး ရပ်နီး ဆွေမျိုး မိတ်ဆွေများအား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု။

ဦးခင်မောင်လတ်
အသက်(၄၁)နှစ်

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ အမှတ် ၂၀၁(ဒုတိယထပ်)၊ ဗိုလ်အောင်ကျော်လမ်းနေ ဦးအောင်–ဒေါ်စန်းရင်တို့၏ဒုတိယသား၊ ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ အမှတ် ၈၄ (မြေညီထပ်)၊ ဗိုလ်ဆွန်ပက်လမ်းနေ (ဗိုလ်မှူးအောင်ဘွင့်) – ဒေါ်အမာကြည်တို့၏ သားသမက်၊ ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ အမှတ် ၁၁၆ (မြေညီထပ်)၊ ၄၁ လမ်းနေ ဒေါ်ကေသီအောင်၏ ခင်ပွန်း၊မဇမြတ်ကေသွယ်(Great-8. B)၊ မစန္ဒီမိုးပွင့်ဖြူ (Great-2. A)၊ အထက–၂၊ လသာ)တို့၏ဖခင်၊ ဦးခင်မောင်ဦး–ဒေါ်စုစန်တို့၏ညီ၊ မစီစီအေး၏မောင်၊ Dr.မေရီ၊ မခင်မာကြူ၊ မောင်ခင်မောင်ထွေးတို့၏အစ်ကို၊ တူ တူမ ၁၃ယောက်တို့၏ဦးလေးသည် ၂၆–၆–၂၀၀၄ရက်(စနေနေ့)ညနေ ၄း၂၃ နာရီတွင် အာရှတော်ဝင်အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါ၍ ၂၈–၆–၂၀၀၄ရက် (တနင်္လာနေ့)ညနေ ၄ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ပို့ဆောင် မီးသင်္ဂြိုဟ်ပါမည်။ [အိမ်အမှတ် ၁၁၆ (မြေညီထပ်)၊ ၄၁လမ်းနေအိမ်မှကားများ မွန်းလွဲ ၂း၃၀ နာရီတွင်ထွက်ခွာပါမည်။] ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်း၊ ရေတွင်း၊ရေကန်ဒါယကာကြီး
ဦးဘိုးထူး
အသက်(၉၁)နှစ်

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (ည)ရပ်ကွက်၊ အမှတ် ၂၊ သုခမ္မာလမ်းနေ (ဒေါ်မြရှိန်)၏ခင်ပွန်း၊ ဦးလှထွန်း–ဒေါ်ကြင်နွယ်(လင်းရောင်ခြည် မုန့်ဟင်းခါးဖို)၊ ဒေါ်ကြင်မြင့်၊ ဦးကြင်မိုး–(ဒေါ်ရင်မြင့်)၊ ဦးဝင်းဇော်–ဒေါ်ဌေးကြင်(ဝင်းမုန့်နှင့်ကုန်မျိုးစုံ)၊ဦးကျော်ဝင်း–ဒေါ်အေးကြင်(ထ–၃၊မ/ဥက္ကလာ)၊ ဦးကြင်ဟိုး–ဒေါ်ဖြူဖြူစိန်၊ ဦးကျော်ဇင်–ဒေါ်စိန်စိန်မော်၊ ဦးအောင်ဆန်းဦး–ဒေါ်အေးအေးမော်၊ ဦးမျိုးအောင်–ဒေါ်မြင့်မြင့်ဝင်း (အောင် အထည်ချုပ်)တို့၏ဖခင်၊ မြေး ၂၉ ယောက်၊ မြစ် ၁၀ ယောက်တို့၏ အဘိုးသည် ၂၆–၆–၂၀၀၄ရက် (စနေနေ့) နံနက် ၅ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါ၍ ၂၈–၆–၂၀၀၄ရက် (တနင်္လာနေ့)နံနက် ၁၁ နာရီတွင်ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၁၀း၃၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်ခင်စန်းကြည်(ခ)
ဒေါ်ကြည်ကြည် (စစ်ကိုင်း)
အသက်(၇၅)နှစ်

ရန်ကုန်မြို့နေ (ဦးလှသိန်း–ဒေါ်စောမြိုင်)တို့၏သမီးချွေးမ၊ စစ်ကိုင်းမြို့နေ (ဦးလှကျော်–ဒေါ်မကြီး)တို့၏ သမီး၊ ပခုက္ကူမြို့၊ (၂)ရပ်ကွက်၊ နိဗ္ဗာန်လမ်းနေ ဦးဘသန်း(မန်နေဂျာ၊ မြန်မာ့စီးပွားရေးဘဏ်၊ ငြိမ်း)၏ဇနီး၊ ဦးခင်မောင်သန်းဦး (မြန်မာ့စီးပွားရေးဘဏ်၊စလင်းကြီး)–ဒေါ်ခင်တိုး (မြန်မာ့စီးပွားရေးဘဏ်၊ ပခုက္ကူမြို့)၊ ဦးအောင်ခင်မြင့်–ဒေါ်ကြည်ကြည်သန်း၊ ဦးမောင်မောင်သန်းတို့၏ မိခင်၊ မြေးခုနစ်ယောက်တို့၏အဘွားသည် ၂၄–၆–၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၂၅–၆–၂၀၀၄ရက် ညနေ ၄ နာရီတွင် ပခုက္ကူမြို့၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း ဆွေးမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအပ်ပါသည်။ ကျန်ရစ်သူမိသားစု။

ရဟန်း၊ကျောင်း၊သိမ်၊ဇရပ်ဒါယကာ
ဦးလှထွန်း
(B.A, Myanmar)
ဦးစီးအရာရှိ(ငြိမ်း)
မြန်မာပိုင်းအစီအစဉ်၊မြန်မာ့အသံ
အသက်(၆၅)နှစ်

တောင်ငူ၊ အုတ်တွင်း၊ ဘုရားကလေးနေ (ဦးကျော်ဒင်–ဒေါ်သိန်းမေ)တို့၏သား၊ (ဦးပါတွတ်–ဒေါ်ဖွားညွန့်)တို့၏ သားသမက်၊ အင်းစိန်၊ ပိန္နဲကုန်း၊ သရက်ခြံ ၃ လမ်း၊ ၃၅၆(A)နေ (ဒေါ်အုန်းတင့်)၏ခင်ပွန်း၊ ဦးကိုကိုထွန်း(B.Sc, Geology)–ဒေါ်ခင်အေးမော်(B.A, Myanmar)၊ ဒေါ်ပပထွန်း(B.Sc, Physics)၊ ဒေါ်မိမိထွန်း(B.A, Myanmar Studies) – ဦးခင်ဇော်(ဒဂုံတက္ကသိုလ်)တို့၏ဖခင်၊ မညီညီဝင်း၊ မသီရိကေသွယ် (V အထက–၂၊ အင်းစိန်)၊မအင်ကြင်းမြတ်ဆုတို့၏အဘိုးသည် ၂၅–၆–၂၀၀၄ရက်(သောကြာနေ့) မွန်းလွဲ ၂း၂၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၇–၆–၂၀၀၄ရက်(တနင်္ဂနွေနေ့)မွန်းလွဲ ၁ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(အင်းစိန်နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင်ထွက်ပါမည်။)ကျန်ရစ်သူမိသားစု။

အုပ်ခွဲတပ်ကြပ်ကြီးသန်းဝင်း
တပ်မတော်–ရေ(စစ်တီးဝိုင်း)
အသက်(၅၃)နှစ်

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ နမ့်စန်မြို့နေ (ဦးခင်မောင်–ဒေါ်ရင်)တို့၏သား၊ (ဦးအောင်ကြိုင်–ဒေါ်လှမေ)တို့၏သားသမက်၊ (ဦးထင်အောင်)–ဒေါ်သန်းသန်းအေး၊ ဒေါ်ခင်သန်း၊ (ဦးခင်ထွေး)–ဒေါ်ရီရီရွှေတို့၏အစ်ကိုကြီး၊ ရန်ကုန်တိုင်း၊ ဒေါပုံမြို့နယ်၊ အမှတ် ၁/၂၄၊ အိမ်ထောင်သည်ရိပ်သာနေ ဒေါ်ခင်တာ၏ခင်ပွန်း၊ မောင်မင်းမင်းဦး၊ မငုဝါဖြူ၊ မောင်သီဟဝင်း၊ မောင်စိုးသူရဝင်းတို့၏ ဖခင်သည် ၂၅–၆–၂၀၀၄ရက်(သောကြာ နေ့) ညနေ ၆း၁၀ နာရီတွင် အမှတ်(၂) တပ်မတော်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၇–၆–၂၀၀၄ရက် (တနင်္ဂနွေနေ့) ညနေ ၃ နာရီတွင် တပ်မတော်ဆေးရုံကြီး(မင်္ဂလာဒုံ)မှ မင်္ဂလာဒုံစစ်သင်္ချိုင်းသို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (အထက်ပါနေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဘဝနတ်ထံပျံလွန်တော်မူခြင်း
အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဓမ္မစကြာဆရာတော်
ဘဒ္ဒန္တ သိရီသုနန္ဒ
သက်တော်(၉၀)၊ သိက္ခာတော်(၇၀)

စစ်ကိုင်းတိုင်း၊ ရွှေဘိုခရိုင်၊ ကျောက်မြောင်းမြို့၊ ရွှေစွန်ရွှေတိုက်ကျေးရွာ ဓမ္မစကြာမဟာသတိပဋ္ဌာန် သာသနာ့ရိပ်သာကြီး၏ဦးစီးပဓာနနာယက ကျောက်မြောင်းမြို့ ဂိုဏ်းလုံးဆိုင်ရာ သံဃနာယကဥက္ကဋ္ဌဖြစ်တော်မူသော အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဓမ္မစကြာဆရာတော် ဘဒ္ဒန္တ သိရီသုနန္ဒ မဟာထေရ်မြတ်သည် ၁၃၆၆ခုနှစ် ပထမဝါဆိုလဆန်း ၆ ရက် (၂၂–၆–၂၀၀၄ရက်) အင်္ဂါနေ့ နံနက် ၈း၅၂ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူပါ၍ ၁၃၆၆ခုနှစ် ပထမဝါဆိုလဆန်း ၁၂ ရက် (၂၈–၆–၂၀၀၄ရက်) တနင်္လာနေ့တွင် အန္တိမအဂ္ဂိဈာပနပူဇာသဘင် ဆင်ယင်ကျင်းပမည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးရှိ တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။

စစ်ကိုင်းတောင်ရိုး အောင်မြေဘုံစံဆရာတော်၊တပည့်သံဃာတော်များနှင့် ဒါယကာ၊ဒါယိကာမများ။

ဘဝနတ်ထံပျံလွန်တော်မူခြင်း
ဘဒ္ဒန္တ ကုသလာဘိဝံသ (ပထမကျော်)
(အစိုးရဓမ္မာစရိယ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ)
သက်တော်(၇၇)နှစ်၊ သိက္ခာတော်(၅၇)ဝါ

ဧရာဝတီတိုင်း၊ညောင်တုန်းမြို့၊ရွှေဟင်္သာတောရကျောင်းတိုက်၊ တိုက်ကြပ်ဆရာတော် သာသနဓဇသိရီပဝရ ဓမ္မာစရိယ စေတီယင်္ဂဏ ဓမ္မာစရိယ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ အစိုးရပထမကျော် ဘဒ္ဒန္တ ကုသလာဘိဝံသသည် ၁၃၆၆ခုနှစ် ပထမဝါဆိုလဆန်း ၈ ရက် (၂၄–၆–၂၀၀၄ရက်) ကြာသပတေးနေ့ ညနေ ၄း၄၂ နာရီတွင် ရွှေဟင်္သာတောရကျောင်းတိုက်၌ ဘဝနတ်ထံပျံလွန်တော်မူပြီးဖြစ်ပါသဖြင့် ၁၃၆၆ခုနှစ် ပထမဝါဆိုလဆန်း ၁၂ ရက် (၂၈–၆၂၀၀၄ ရက်)တနင်္လာနေ့ မွန်းတည့် ၁၂ နာရီတွင် ကြွင်းကျန်ရစ်သောဥတုဇရုပ်ကလာပ်တော်ကို အန္တိမအဂ္ဂိဈာပနသာဓုကီဠနသဘင် ဆင်ယင်ကျင်းပမည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီး တပည့်သံဃာ၊ ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။

ဈာပနကျင်းပရေးကော်မတီ
ရွှေဟင်္သာတောရကျောင်းတိုက်၊ညောင်တုန်းမြို့။

ဘဝနတ်ထံပျံလွန်တော်မူခြင်း
ဆရာတော် ဘဒ္ဒန္တ မဟိန္ဒ
သက်တော်(၇၁)နှစ်၊ သိက္ခာတော်(၄၃)ဝါ

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး (၁)ရပ်ကွက်၊ သံဃနာယကဥက္ကဋ္ဌ မြို့နယ်ဝိနည်းဓိုရ် ရွှေမြင်တင်မြတ်စွာဘုရား ကမ္မကာရကအဖွဲ့ ပညာဒိက မဟိန္ဒာရာမ မိုးညိုကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တမဟိန္ဒသည် ၁၃၆၆ခုနှစ် ပထမဝါဆိုလဆန်း ၇ ရက် (၂၃–၆–၂၀၀၄ရက်) ဗုဒ္ဓဟူးနေ့ နံနက် ၄း၃၀ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ၁၃၆၆ခုနှစ် ပထမဝါဆိုလဆန်း ၁၃ ရက် (၂၉–၆–၂၀၀၄ရက်) အင်္ဂါနေ့ မွန်းလွဲ ၁ နာရီတွင် ရှစ်မိုင်သုသာန်သို့ ပင့်ဆောင်ပူဇော်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီး တပည့်ဒါယကာ၊ ဒါယိကာမတို့အား အကြောင်းကြားအပ်ပါသည်။

တပည့်ဒါယကာ၊ဒါယိကာမများ။

ဦးစု(ခ)ဆရာစု
(စက်ပြင်ဆရာ၊ ပခုက္ကူမြို့)
အသက်(၆၈)နှစ်

ပခုက္ကူမြို့၊ စာတိုက်တန်းရပ်၊ လမ်းမတော်လမ်းနေ ဒေါ်သိန်းခင်၏ ခင်ပွန်း၊(ဦးဘိုဌေး)–ဒေါ်နုနုဝင်း၊ ဒုတိယဗိုလ်မှူးကြီးကိုကိုကြီး – ဒေါ်စပယ်လှ၊ ဦးကိုကိုလတ်–ဒေါ်မြင့်သန္တာ၊ ဦးသက်ဝင်း၊ ဦးညီညီလွင်–ဒေါ်ခိုင်ဆွေမြင့်၊ (ကိုလင်းအောင်)၊ ကိုကိုအောင်တို့၏ ဖခင်၊ မြေးငါးယောက်တို့၏အဘိုးသည် ၂၆–၆–၂၀၀၄ရက် (စနေနေ့) နံနက် ၂း၃၀ နာရီတွင် ကွယ်လွန်သွားပါ၍ ၂၇–၆–၂၀၀၄ရက် (တနင်္ဂနွေနေ့)တွင် ပခုက္ကူသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဦးဌေးသိန်း
(စေတနာကားဂိတ်)
B.Sc (Phys)
မော်လမြိုင် (78/79)
(မန္တလေး၊မဒေါက်၊သူရဲသမိန်)
အသက်(၅၀)

ရန်ကုန်မြို့၊ အမှတ် ၂၃၊ အလုံလမ်း၊ ဆင်မင်းရပ်ကွက်နေ ဦးရဲညွန့်၊ (ဦးအင်းဟန်–ဒေါ်အန်းခေါ့)တို့၏သား၊ ဦးဝင်း–ဒေါ်စိန်၊ ဦးတင်ဟန်–ဒေါ်ကြည်၊ (ဦးရွှေလှိုင်)–ဒေါ်တင်ရွှေ၊ မဒေါက်မြို့နေ (ဦးစံသိန်း)–ဒေါ်ခင်ထွေး၊ ဦးမြမောင်–ဒေါ်တင်အုံးတို့၏ တူ၊ ဦးဌေးသန်း–ဒေါ်သီတာ၊ ဒေါ်ဆန်း၊ ဦးစိုးစိုးသန်း–ဒေါ်ချို၊ ကိုရဲနိုင်–မစိုးယုနွယ်၊ မသင်းသင်းနိုင်၊ ကိုမင်းဇော်–မမြင့်မြင့်နိုင်၊မလွင်လွင်နိုင်၊ မစန်းစန်းနိုင်တို့၏ အစ်ကို၊ မန္တလေးမြို့၊ အမှတ် သ ၁/၆၊ ကျွဲဆည်ကန်ရပ်နေ ဒေါ်နီနီအောင်၏ခင်ပွန်း၊ မောင်မျိုးသက်ဟန်[3rd M.B(MDY)]၊ မထက်ထက်ဝင်းပြုံးအိ(အမက–၂၃၊မူကြို)တို့၏ဖခင်သည် ၂၅–၆–၂၀၀၄ရက် ည ၇း၃၀ နာရီတွင် ရန်ကုန်မြို့ အလုံလမ်းနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၉–၆–၂၀၀၄ရက်(အင်္ဂါနေ့)ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (အလုံလမ်းနေအိမ်မှကားများ မွန်းလွဲ ၁း၃၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

အရာခံဗိုလ်ညွန့်ဆွေ
တပ်မတော်–ရေ(ငြိမ်း)
အသက်(၇၆)နှစ်

ရန်ကုန်မြို့၊အမှတ် ၂၀/၁၀၄၊အနော်ရထာလမ်း၊ ရွှေပေါက်ကံမြို့နယ်နေ (ဦးဘိုးအေး–ဒေါ်မမလေး)တို့၏သား၊ ဒေါ်သိန်းသိန်း၏ခင်ပွန်း၊(ဦးစောမောင်–ဒေါ်ခင်တင့်)၊ (ဦးချစ်စိန်–ဒေါ်ခင်စိန်)၊ (ဒေါ်တင်ရီ)တို့၏မောင်၊ ဦးကျော်ညွန့်–ဒေါ်အုံးကြည်၊ ဒေါ်နုနု၊ (ဦးမောင်မောင်)၊ (ဦးသိန်းအောင်)တို့၏အစ်ကို၊ ဦးအေးကိုကို–ဒေါ်ခင်ခင်လှ၊ ဦးထွန်းကိုကို–ဒေါ်ဌေးဌေးဝင်း၊ ကိုဌေးကိုကို–ဒေါ်ဇင်မေဦး၊ ဦးသိန်းကိုကို–ဒေါ်ထားထားဝင့်၊ ဦးမင်းကိုကို (တပ်မတော်–ရေ)–ဒေါ်အောင်ရဲနွယ်တို့၏ဖခင်၊ မြေး လေးယောက်တို့၏အဘိုးသည် ၂၅–၆–၂၀၀၄ရက် နံနက် ၃ နာရီတွင် အမှတ်(၂) တပ်မတော်ဆေးရုံကြီး၌ကွယ်လွန်သွားပါ၍ ၂၇–၆–၂၀၀၄ရက် မွန်းလွဲ ၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၁၅နာရီတွင်ထွက်ပါမည်။)ကျန်ရစ်သူမိသားစု။

ဦးသန်းစိန်
B.E (Mech) 1970
မြန်နိုင်မြင့်ကုမ္ပဏီလီမိတက်
အသက်(၅၈)နှစ်

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ လမ်း ၅၀၊ အမှတ် ၁၇၁ နေ (ဦးသိန်းမောင်–ဒေါ်အေးကြည်)တို့၏သားလတ်၊ မအူပင်မြို့နေ (ဦးကျော်လှ–ဒေါ်ကျင်သန်း)တို့၏သားသမက်၊ ဒေါ်ခင်မာဝင်း (လ/ထညွှန်မှူး၊ မြန်မာ့စက်ကိရိယာနှင့် လျှပ်စစ်ပစ္စည်းထုတ်လုပ်မှုလုပ်ငန်း)၏ ခင်ပွန်း၊ ဒေါ်ထွားရီ(အထက–၁၊ လမ်းမတော်၊ ငြိမ်း)၊ ဒေါ်မြစန်း(အမှတ်–၃၊ သတ္တုတွင်းလုပ်ငန်း၊ ငြိမ်း)တို့၏မောင်၊ ဦးတင်မောင်လတ်(NHL)–ဒေါ်ခင်ခင်စိန်တို့၏အစ်ကို၊ မမေဇင်နွယ်(အလုပ်သင်ဆရာဝန်၊ ရန်ကုန်အနောက်ပိုင်းဆေးရုံကြီး)၊ မစုလှိုင်သွယ်(နောက်ဆုံးနှစ်၊ အပိုင်း–ခ၊ ဆေးတက္ကသိုလ်–၁)တို့၏ဖခင်သည် ၂၆–၆–၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၂၈–၆–၂၀၀၄ရက် ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ နတ်မောက်လမ်းသွယ်(၁)၊ အမှတ်(၅၃)၊ မြန်မာ့အလင်းသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ် ၄၀၊ ကြေးနန်းလိပ်စာ မြန်/လင်း၊ စာတည်းမှူး ၅၄၄၃၁၃၊ မန်နေဂျာ ၅၄၄၃၁၄၊ စာတည်းအဖွဲ့ ၅၄၄၃၀၉၊ စီမံ ၅၄၄၃၁၅၊ ငွေစာရင်း ၅၄၄၃၁၆၊ ဖြန့်ချီ ၅၄၄၃၁၇၊ ကြော်ငြာ ၅၄၅၈၃၄၊ ပုံနှိပ် ၅၄၄၃၁၈။
R. 488

နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များ ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားကတာဝန်ယူတည်ဆောက်နေသော ပါရမီခုံးကျော်တံတားတည်ဆောက်ရေးလုပ်ငန်းပြီးစီးမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (ဝဲပုံ) နှင့် ရန်ကုန်မြို့တော် ကန်တော်ကြီးဥယျာဉ် ပတ်ဝန်းကျင် အဆင့်မြှင့်တည်ဆောက်ရေးလုပ်ငန်းများကို တွေ့ရစဉ်။ (အောက်ပုံ)

(သတင်းစဉ်)

ကန်တော်ကြီးဥယျာဉ်ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေး သစ်တောရေးရာဝန်ကြီးဌာနနှင့် ရန်ကုန်မြို့တော်စည်ပင်ပူးပေါင်းဆောင်ရွက် ပါရမီခုံးကျော်ပင်မတံတားလုပ်ငန်း ဝန်ကြီးချုပ် ကြည့်ရှုစစ်ဆေးမှာကြား

လက်တွဲဝန်းရံ အမျိုးသားညီလာခံ

ရန်ကုန် ဇွန် ၂၆

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ယနေ့မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ ကန်တော်ကြီးဥယျာဉ်ရှိ စိုက်ပျိုးရေးပြတိုက်၌ ကျင်းပသည့် ရန်ကုန်မြို့တော် ကန်တော်ကြီးဥယျာဉ် ပတ်ဝန်းကျင်နှင့် တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်) ဘက်စုံအဆင့်မြှင့်တည်ဆောက်ရေးလုပ်ငန်းကော်မတီ ညှိနှိုင်းအစည်းအဝေးသို့တက်ရောက်၍ ဆွေးနွေးမှာကြားသည်။

စာမျက်နှာ ၇ ကော်လံ ၂ ✻

ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ဝတ္ထုတို၊ ဆောင်းပါး၊ သီချင်း၊ ကဗျာ၊ ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ ဓာတ်ပုံ၊ ကွန်ပျူတာပန်းချီနှင့် ကွန်ပျူတာဒီဂျစ်တယ်ပိုစတာပြိုင်ပွဲ ဗဟိုအဆင့်တွင် ရန်ကုန်တိုင်းအတွင်းမှ အထူးဆုရရှိသူတစ်ဦးအား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

အပြည်ပြည်ဆိုင်ရာ

မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့်တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ကျင်းပ ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာ၊ သီချင်း၊ ကာတွန်း၊ ပန်းချီနှင့် ပိုစတာပြိုင်ပွဲဆုချီးမြှင့်

ရန်ကုန် ဇွန် ၂၆

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အခမ်းအနားနှင့် ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာ၊ တေးသီချင်း၊ ကာတွန်း၊ ပန်းချီ၊ ပိုစတာ၊ ကွန်ပျူတာပန်းချီ၊ ကွန်ပျူတာပိုစတာ၊ ဓာတ်ပုံနှင့် HIV/AIDS and Injection Drug Use Posterဆုရရှိသူများအား ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ ကမာရွတ်မြို့နယ် ကျွန်းတောလမ်းနှင့် ဟံသာဝတီလမ်းထောင့်ရှိ မူးယစ်ဆေးဝါးအထိမ်းအမှတ်ပြတိုက် အုပ်ချုပ်မှုဆောင်အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **စာမျက်နှာ ၆ ကော်လံ ၁** ■

လက်ကျန်တစ်နေရာ ချက်အတွက်လား၊ ဒိန်းမတ်အတွက်လား ဂရိအသင်း အားမွေးပြီး ဆီမီးဖိုင်နယ်ကစောင့်ကြည့်နေပြီ

ကိုထွေး–သုံးသပ်တင်ပြသည်

ကွာတား ဖိုင်နယ် သုံးသပ်ချက်

ရန်ကုန် ဇွန် ၂၆

ယူရို ၂၀၀၄ ဘောလုံးပြိုင်ပွဲကြီးမှာ စကတည်းကယဉ်သကို ဖြစ်ခဲ့သည်။ နာမည်ကြီးအသင်းများ မှန်းချက်နှင့်နှမ်းထွက်မကိုက်ဘဲ တစ်သင်းပြီးတစ်သင်း အိမ်ပြန်လျက်ရှိကြရာ ဗိုလ်စွဲနိုင်သည်ဟု ရေပန်းစားသည့်အသင်းဟူ၍ အိမ်ရှင်ပေါ်တူဂီ၊ ဟော်လန်နှင့်ချက်တို့သာကျန်တော့သည်။ နာမည်ကြီးအသင်းများဖြစ်ကြသည့် စပိန်၊ အီတလီနှင့် ဂျာမနီတို့ အုပ်စုအဆင့်မှထွက်ခဲ့ရပြီးနောက် အင်္ဂလန်နှင့် ပြင်သစ်တို့ ကွာတားဖိုင်နယ်အဆင့်မှ ထွက်သွားခဲ့ရပြန်ပြီဖြစ်သည်။ **စာမျက်နှာ ၁၃ ကော်လံ ၁** ●



ချက်တိုက်စစ်မှူး မီလန်ဘားရို့စ် ဒိန်းမတ်အသင်းကို ခြေစွမ်းပြ ဂိုးသွင်းပြီး ဤသို့ အောင်ပွဲခံ ပျော်မြူးနိုင်ပါဦးမည်လော။

(ဓာတ်ပုံ– အင်တာနက်)